# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တပို့တွဲလဆန်း ၇ ရက်၊ သောကြာနေ့။ Friday, 3 February 2017 (၈၈၂၆)


### ညီညွတ်ခြင်းသည်ချမ်းသာ

ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။ သူတော်ကောင်းတရားကို ဟောကြားတော်မူခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။ သံဃာ၏ညီညွတ်ခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။ စိတ်ဓာတ်ညီညွတ်သူတို့၏အကျင့်သည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၉၄)

## နိုင်ငံတော်သမ္မတ ဦးထင်ကျော် ထိုင်းဒုတိယဝန်ကြီးချုပ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Dr. Somkid Jatusripitak နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံနယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား၊ အလတ်စားစက်မှုလက်မှုလုပ်ငန်းများ ထူထောင်ရေး၊ အခြေခံအဆောက်အအုံများနှင့် စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးမြှင့်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်း၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



## မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ ခရီးသွား၊ နယ်စပ်ကုန်သွယ်မှုနှင့် ကျေးလက်ဒေသကဏ္ဍများတွင် တိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Dr. Somkid Jatusripitak အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

## လူများစုဖြစ်သည့်ဗမာများကသာ အခွင့်အရေးရနေသည်ဆိုသည့်စိတ်ဓာတ် မိမိတို့တိုင်းရင်းသားများ နှလုံးသားထဲတွင် ရှိသွားပြီဆိုလျှင် ပြည်ထောင်စုစိတ်ဓာတ်ကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရန် လွယ်ကူမည်မဟုတ်ဟု

## ခေတ္တပြောင်းရွှေ့နေထိုင်သူများအတွက် ထောက်ပံ့ငွေပေးအပ်လှူဒါန်းပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ကချင်ပြည်နယ်အတွင်းရှိ နယ်မြေလုံခြုံရေး အခြေအနေအရ ကယ်ဆယ်ရေးစခန်းများတွင် ခေတ္တပြောင်းရွှေ့နေထိုင်သူများအတွက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ထောက်ပံ့ငွေပေးအပ်လှူဒါန်းပွဲကို ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်လှူဒါန်းသည်။

ထောက်ပံ့ငွေပေးအပ်လှူဒါန်းပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့ ယခုလိုထောက်ပံ့ငွေပေးခြင်းမှာ နယ်မြေလုံခြုံရေးအခြေအနေအရ ကယ်ဆယ်ရေးစခန်းများတွင် ခေတ္တပြောင်းရွှေ့နေထိုင်သူများအတွက် ထောက်ပံ့ပေးခြင်းဖြစ်ပါကြောင်း၊ ကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးကို ဦးစားပေးစောင့်ရှောက်ရန် လိုအပ်ပါကြောင်း၊ ကျန်းမာရေးသည် အာဟာရပြည့်ဝရေးနှင့်လည်း ဆက်နွှယ်နေသည့်အတွက် နိစ္စဓူဝစားသောက်ရေးကိုလည်း အဓိကထားရမည်ဖြစ်ပါကြောင်း၊ ကယ်ဆယ်ရေးစခန်းများတွင် ကလေးသူငယ်များလည်းရှိသည့်အတွက် ကလေးသူငယ်များ ပညာရေးကို ဆက်လက်သင်ယူနိုင်အောင် ကူညီရမည်ဖြစ်ပါကြောင်း။

ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်စဉ်အတွင်း အကျိုးတစ်ခုခုရစေချင်ပါကြောင်း၊ ပညာတစ်ခုခုရသွားစေချင်ပါကြောင်း၊ ကလေးများသာမက လူကြီးများအတွက်လည်း အသက်မွေးဝမ်းကျောင်းပညာများကို တတ်နိုင်သမျှ ပံ့ပိုးပေးစေချင်ပါကြောင်း။

ယခုလိုစခန်းမျိုးတွင် နေထိုင်သည်မှာ မည်သို့မျှ မကောင်းဘဲ မည်သူမျှ ရေရှည်မနေချင်ပါကြောင်း၊ ထို့ကြောင့် အမြန်ဆုံး ကိုယ့်အိမ်ကိုယ့်ရာ ပြန်နိုင်အောင် လုပ်ပေးစေချင်ပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကယ်ဆယ်ရေးစခန်းရှိ ပြည်သူများအတွက် အကောင်းဆုံးဖြစ်အောင် မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်ကို လွတ်လွတ်လပ်လပ် စဉ်းစားပြီး ဆုံးဖြတ်ရန်ဖြစ်ပါကြောင်း။

အမျိုးသမီးများအား အိမ်တွင်နေထိုင်ပြီး လုပ်ကိုင်နိုင်သည့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒**



**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ထောက်ပံ့ငွေကျပ် သိန်း ၃၀၀၀ ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးထံ ပေးအပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)




# ကြေးမုံ

## ဒိဋ္ဌေဒိဋ္ဌမတ္တံ

"ဒိဋ္ဌေဒိဋ္ဌမတ္တံ"ဟူသော မြတ်ဗုဒ္ဓ၏ဩဝါဒမှာ အလွန်နှစ်သက်ဖွယ်၊ ပီတိဖြစ်ဖွယ် ဖြစ်သည့်အလျောက် လောကုတ္တရာနယ်ပယ်တွင် လိုက်နာကျင့်ကြံအားထုတ်ကြသည်။ ဒိဋ္ဌေဒိဋ္ဌမတ္တံကို ပါဠိတော်တွင် မြင်ကာမတ္တ၊ ကြားကာမတ္တ၊ နံကာမတ္တစသည်ဖြင့် အာရုံခြောက်ပါးတို့၌ မိမိ၏စိတ်ကို ဘရိတ်အုပ်ရမည်ဟု ဆိုလိုခြင်းဖြစ်သည်။

ယင်းကို မကျဉ်းမကျယ်ရှင်းမည်ဆိုလျှင် နားဒွါရမှ အသံတစ်ခုကိုကြားလျှင် ဘာသံဟူ၍ပင်မစဉ်းစားဘဲ စိတ်ကိုထိန်းထားခြင်း အဓိပ္ပာယ်ဖြစ်သည်။ လူတို့တွင် မျက်စိ၊ ပါးစပ်၊ နား၊ လျှာစသည်ဖြင့် ဒွါရခြောက်ပေါက်၊ အာရုံခြောက်ပါးရှိရာ မနော(စိတ်)ဒွါရသည် အထိန်းချုပ်ရအခက်ဆုံးဖြစ်သည်။

ဥပမာ လမ်းပေါ်မှ အော်ဟစ်သံကြားလိုက်သည်ဆိုပါစို့၊ ထိုအခါ "ဘယ်သူ့အသံပါလိမ့်၊ ဘာ့ကြောင့်အော်ပါလိမ့်၊ ရန်ဖြစ်ကြတာလား၊ ငါ့အိမ်သားများနဲ့ ရန်ဖြစ်ကြလေရော့လား၊ ဟိုဘက်အိမ်ကလူတွေနဲ့ မနေ့က စကားများကြဖူးတယ်။ သူတို့တွေ ဖြစ်နေလားမသိဘူး။ သူတို့ဟာ တကယ်ဆိုးတဲ့သူတွေပဲ။ အသံကတော့ မိန်းမသံပဲ၊ ရန်တွေ့တာနဲ့ တူတယ်"စသည်ဖြင့် ရှည်လျားစွာ စဉ်းစားတွေးတောမိတတ်သည့် သဘာဝရှိသည်။

ဝိပဿနာတရားဘက်တွင် ပစ္စုပ္ပန်ကို တည့်တည့်ရှုရမည်ဟု ဆိုလေ့ရှိသည်။ အသိစိတ်ဖြစ်တိုင်းဖြစ်တိုင်း သိစေပြီး စိတ်ကိုရှည်လျားစွာ ကူးကျော်ပြေးလွှားခြင်းမပြုစေရန် သတိဖြင့်စောင့်ထိန်းခြင်း ပြုလေ့ရှိသည်။ တစ်နည်းဆိုသော် ရောက်လာသမျှအာရုံတို့ကိုသိ၍ အတိတ်၊ အနာဂတ် နောက်သို့မလိုက်ဘဲ ပစ္စုပ္ပန်တည့်တည့်ပေါ်တွင် အခါခပ်သိမ်းထားရခြင်းဖြစ်သည်။

ဤသို့ဖြင့် အဖန်ဖန်ကျင့်ကြံပွားများအားထုတ်ပြီး စိတ်ကူးလောကသို့ မရောက်စေဘဲ လက်တွေ့လောကထဲတွင်သာ စိတ်ကိုထားစေခြင်းအားဖြင့် တစ်ချိန်ချိန်တွင် အဟုတ်ရှိ အမှန်ရှိ ပရမတ္ထသဘောတရားကို ထိုးထွင်းသိမြင်ပြီး မဂ်တရား၊ ဖိုလ်တရား ရရှိနိုင်သောတန်ဖိုးမှာ ဒိဋ္ဌေဒိဋ္ဌမတ္တံအကျင့်ကို ကျင့်သောကြောင့်ဖြစ်သည်။ ထိုအကျင့်ကြောင့် ဉာဏ်အမြင်ရောက်သောအခါ ကြီးကျယ်သော စိတ်ငြိမ်းချမ်းမှုကို ရရှိစေနိုင်သည်ဟု အဆိုရှိသည်။

ဤသည်မှာ ဝိပဿနာအကျင့်တရား၊ သတိပဋ္ဌာန်အကျင့်မြတ်ဖြစ်သည်။ လောကုတ္တရာနယ်ပယ်၌ ကျင့်ကြံပွားများအပ်သော သူတော်ကောင်းတရားဖြစ်သည်။ လောကီနယ်ပယ်၌မူ အကုသိုလ်တရားများဖြစ်ပွားစေနိုင်သည့် အာရုံခြောက်ပါး၊ ဒွါရခြောက်ပေါက်တို့နှင့် အချိန်နှင့်အမျှပွတ်တိုက်မိနေကြသည်။ ဒွါရခြောက်ပေါက်တို့ရှိသည့်အနက် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ကာယတည်းဟူသော ဒွါရများနှင့်တိုက်မိခြင်းထက် မနောဒွါရနှင့်တိုက်မိခြင်းမှာ အချိန်နှင့်အမျှ ဖြစ်လေ့ရှိသည်။

လူသတ္တဝါတို့သည် အကျိုးမများသော တလွဲကြံစည်စိတ်ကူးနေမိခြင်းကြောင့် အချိန်ကိုအချည်းနှီးကုန်ဆုံးကြရသလို အကုသိုလ်စိတ်များ ဖြစ်ကြရသည်။ သို့သော် လူ၏စိတ်သည် ပစ္စုပ္ပန်တည့်တည့်ပေါ်တွင်မနေတတ်ဘဲ ရှေ့အကြောင်း နောက်အကြောင်း စဉ်းစားတတ်သည့်သဘောရှိသဖြင့် ကောင်းသော တွေးတောကြံစည်စိတ်ကူးမှုကို အခြေခံသည့် ပြုမူဆောင်ရွက်မှုများ ပြုသင့်သည်။

ယခုအခါ လူတို့သည် ဖြစ်စဉ်တစ်ခုပေါ်ပေါက်သည်နှင့် တောင်တွေးမြောက်တွေး တွေးကြသည်။ တောင်ပြောမြောက်ပြော ပြောကြသည်။ အကျိုးမများ အချည်းအနှီးဖြင့် အချိန်ကုန်ဆုံးကြသည်။ ထိုသို့ပြောကြဆိုကြရင်း တစ်ဦးနှင့်တစ်ဦး ရန်တုဖက်ပြိုင်ဖြစ်ကြရသည်။ ယင်းသို့ဖြစ်ကြရသည်မှာ တော်သေးသည်။ တောင်ကြားမြောက်ကြား ကြားသောအသိဖြင့် တောင်ပြောမြောက်ပြော ပြောဆိုမိလျှင် အမှုပွေ၊ အမှုရှုပ်ထပ်ဖြစ်တတ်သည်။

ကြံစည်အားထုတ်မှုဟူသည် ပုထုဇဉ်တို့ပြုလုပ်နေကျအလုပ်ဖြစ်၍ ကောင်းသောကြံစည်အားထုတ်မှု၊ မှန်သောကြံစည်အားထုတ်မှုတို့သာ ဖြစ်သင့်သည်။ မပြောဆိုသင့်သောပြောဆိုမှု၊ အချိန်အခါမသင့်ဘဲ ပြောကြားမှု၊ သူတစ်ပါး၊ သူတစ်ဖွဲ့ထိခိုက်နစ်နာမှု၊ အနှောင့်အယှက်ဖြစ်စေသော ပြောဆိုမှုတို့ပြုမိပါက မိမိရော၊ သူတစ်ပါးအတွက် မကောင်းသည့်ရလဒ်ကို ဖြစ်စေနိုင်သည်။ ထို့ကြောင့် ဒိဋ္ဌေဒိဋ္ဌမတ္တံ မြင်ကာမတ္တ၊ ကြားကာမတ္တဖြင့် မိမိတို့၏စိတ်ကို ဘရိတ်အုပ်ကြစေချင်ပါသည်။ ။

## ၂၀၁၇ ခုနှစ်၊ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

(၁) ပြည်ထောင်စုစိတ်ဓာတ် နိုးကြားရှင်သန်ရေး၊

(၂) အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာအောင် တည်ဆောက်ရေး၊

(၃) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး၊

(၄) ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေး၊

**ပြည်ထောင်စုသွေး အပြည့်မွေးလျက် ပြည်ထောင်စုစိတ် ပြည့်လျှံဖိတ်ကာ ပုံရိပ် 'ပင်လုံ' မြန်မာ့ဂုဏ်ကို တူစုံထမ်းရွက် လှမ်းချီတက်။**

## မဟာဝိဇယစေတီတော် (၃၂) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ မဟာဝိဇယစေတီတော်၏ (၃၂) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၇၈ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက်မှ တပို့တွဲလပြည့်ကျော် ၁ ရက် (ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ ရက်) အထိ ကျင်းပမည်ဖြစ်သည်။

မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို တပို့တွဲလဆန်း ၁၄ ရက် (ဖေဖော်ဝါရီ ၁၀ ရက်) ညနေ ၄ နာရီတွင် အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များ၊ အသင်းအဖွဲ့ ၁၈ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ တပို့တွဲလပြည့်နေ့ နံနက်အရုဏ်တွင် စေတီတော်ကြီးအား ပန်း၊ ဆီမီး၊ သစ်သီး၊ ထမနဲဆွမ်းများဖြင့် ကပ်လှူပူဇော်မည်ဖြစ်ပြီး ပွဲတော်ရက်တွင် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ည ၇ နာရီမှစတင်ကာ သုံးညတိုင်တိုင် ဓမ္မရက္ခိတဓမ္မာရုံကြီး၌ ဟောကြားချီးမြှင့်တော်မူကြမည်ဖြစ်သည်။

တပို့တွဲလပြည့်ကျော် ၁ ရက် (ဖေဖော်ဝါရီ ၁၂ ရက်) (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် မြတ်စွာဘုရားအား အမှူးထား၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ စေတီတော်ဩဝါဒါစရိယ ဆရာတော်ကြီးများအပါအဝင် ဆရာတော်ကြီးများအား စေတီတော်ရင်ပြင်၌ ဆွမ်းဆန်စိမ်းလောင်းလှူမည် ဖြစ်သည်။ ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ပါဝင်လှူဒါန်းနိုင်ကြောင်းနှင့် ညတရားပွဲများသို့ ကြွရောက်တရားတော်နာယူနိုင်ကြောင်း ဖိတ်ကြားထားသည်။

**(ကိုချစ်)**



## သန်းခေါင်စာရင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများ၌ ပူးပေါင်းဆောင်ရွက်နိုင်ရေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA) မှ ဌာနေကိုယ်စားလှယ် Ms. Janet E. Jackson အား ယမန်နေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံစဉ် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များ အဆင့်အလိုက် ထုတ်ပြန်ဆောင်ရွက်မှု၊ သန်းခေါင်စာရင်း အချက်အလက်များကို အခြေခံသည့် အသေးစိတ်လေ့လာဆန်းစစ်သည့် သုတေသနစာတမ်းများ ရေးသားပြုစုထုတ်ပြန်မှုနှင့် မြို့နယ်အဆင့် အစီရင်ခံစာများ ရေးသားပြုစုထုတ်ပြန်နိုင်ရေး ဆောင်ရွက်မှု၊ သန်းခေါင်စာရင်းမှရရှိသော လူမျိုးစာရင်းထုတ်ပြန်နိုင်ရေးအတွက် လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေ၊ လုပ်ငန်းဆောင်ရွက်မှုများတွင် UNFPA မှ ပံ့ပိုးကူညီဆောင်ရွက်နိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ရန်ကုန်(ရွှေဈေး) ၈၇၉၀၀၀ - ၈၇၉၀၀၀ မန္တလေး(ရွှေဈေး) ၈၇၉၀၀၀ - ၈၇၉၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၀ ကျပ်၊ | ၇၃၅/၇၄၀ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၅၀/၈၆၀ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၇၀၀/၇၁၀ ကျပ်၊ | ၇၈၀/၇၉၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၆၀/၇၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၇၇ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၅၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၀.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၅၅.၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၆.၁၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၈.၄၅၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၄.၇၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀.၀၂၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၉၄.၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၇.၂၉ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၄.၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၅၆.၇၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှိုင်သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်ဖြိုးစန္ဒာမြင့်၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀) ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror ၁၉၅၇ ခုနှစ် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁

ကြေးမုံ







နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ် H.E. Dr. Somkid Jatusripitak က ပန်းစည်းလက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်တို့ ရှေ့မှောက်၌ တာဝန်ရှိသူများက ငါးလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

### ❖ မြန်မာနိုင်ငံမှ

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့သည် နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပသည့် မြန်မာ-ထိုင်း နှစ်နိုင်ငံ ဆွေးနွေးပွဲသို့ တက်ရောက်ကြပြီး မြန်မာ-ထိုင်း နှစ်နိုင်ငံ ခရီးသွားကဏ္ဍ ပိုမိုမြှင့်တင်ဆောင်ရွက်ရေး၊ နယ်စပ်ကုန်သွယ်မှုကဏ္ဍ ပိုမိုတိုးမြှင့်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံပိုမိုပူးပေါင်းဆောင်ရွက်သွားရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

နှစ်နိုင်ငံဆွေးနွေးပွဲအပြီးတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့် ထားဝယ်အထွေထွေရောဂါကုဆေးရုံ အရေးပေါ်ဌာန အဆင့်မြှင့်တင်ရေး စီမံချက် နားလည်မှုစာချွန်လွှာ၊ ငါးလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ အဆင်ပြေစွာငွေလွှဲပို့နိုင်ရန် မြန်မာ့စီးပွားရေးဘဏ်နှင့် Krung Thai Bank တို့အကြားချုပ်ဆိုသည့် ငွေကြေးလွှဲပြောင်းမှုဆိုင်ရာ သဘောတူစာချုပ်တို့ကို နှစ်နိုင်ငံ အဆင့်မြင့်အရာရှိကြီးများက အပြန်အလှန် လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။

နှစ်နိုင်ငံဆွေးနွေးပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဦးသိန်းဆွေ၊ ဦးအုန်းမောင်၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့်အတူ ထိုင်းနိုင်ငံဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဧည့်သည်တော် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်အား သင်္ဂဟဟိုတယ်၌ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**(သတင်းစဉ်)**

### ❐ ရှေ့ဖုံးမှ

အသက်မွေးဝမ်းကျောင်းပညာများ သင်ပေးစေချင်ပါကြောင်း၊ သို့မှသာ နောင်ပြန်ပြီး ကိုယ့်ရပ်ကိုယ့်ရွာ ပြန်သွားလျှင် အရင်စခန်း၌ နေထိုင်ခဲ့ရသည်မှာ အကျိုးမဲ့မဟုတ်ဘဲ မိမိတို့ ပညာတစ်ခုတတ်လာပြီ၊ ယင်းပညာနှင့် မိမိတို့ဘဝ ပိုပြီးဖူလုံနိုင်အောင် လုပ်နိုင်သည့် အခွင့်အရေးများရပြီဆိုသည့် စိတ်ဓာတ်ဖြစ်စေချင်ပါကြောင်း၊ ဘယ်လိုအခြေအနေမျိုးမှာ ရောက်နေရောက်နေ ပိုမိုတိုးတက်နိုင်ရန်အတွက် နည်းလမ်းရှာပြီး ကူညီရမည်ဖြစ်ပါကြောင်း။

နယ်မြေတည်ငြိမ်သွားပြီ၊ လုံခြုံသွားပြီဆိုလျှင် မိမိတို့ ပြည်သူများက နောင်ယခုလိုစခန်းများတွင် နေရန်မလိုတော့ဘူးဟု မျှော်လင့်ပါကြောင်း၊ ထို့အတွက်လည်း ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဦးတည်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ ငြိမ်းချမ်းမှ ယခုလိုစခန်းများလည်း ပပျောက်သွားမည်ဖြစ်ပါကြောင်း၊ မပပျောက်မချင်း ယခုလိုစခန်းများတွင် နေနေရသည့် ပြည်သူပြည်သားများ၏ အကျိုးကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လှူဒါန်းငွေများကို အသုံးပြုသည့်အခါ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးစိတ်ဓာတ်များ ပွားများအောင်လည်း လုပ်ပေးစေချင်ပါကြောင်း။

ကယ်ဆယ်ရေးစခန်းများတွင် တိုင်းရင်းသားလူမျိုးစုအမျိုးမျိုး ရှိနေပါကြောင်း၊ မိမိတို့အားလုံး ပြည်ထောင်စုသားများဖြစ်သည့်အတွက် ယခုလိုဒုက္ခခံရလျှင်လည်း အတူတူခံမည်၊ အကျိုးအမြတ်ရှိလျှင်လည်း မျှဝေပြီး ခံစားမည်ဆိုသည့် စိတ်ဓာတ်များ ဖြစ်စေချင်ပါကြောင်း။

လူများစုဖြစ်သည့်ဗမာများကသာ အခွင့်အရေးရနေသည်ဆိုသည့် စိတ်ဓာတ် မိမိတို့ တိုင်းရင်းသားများ နှလုံးသားထဲတွင် ရှိသွားပြီဆိုလျှင် ပြည်ထောင်စုစိတ်ဓာတ်ကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရန် လွယ်ကူမည်မဟုတ်ပါကြောင်း၊ မိမိတို့အားလုံးမျှဝေပြီး ဤပြည်ထောင်စုကြီးတွင် အေးအတူပူအမျှ နေထိုင်လိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ်အတွင်းရှိ နယ်မြေလုံခြုံရေးအခြေအနေအရ ကယ်ဆယ်ရေးစခန်းများတွင် ခေတ္တပြောင်းရွှေ့နေထိုင်သူများအတွက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ထောက်ပံ့ငွေကျပ် သိန်း ၃၀၀၀ ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့လှူဒါန်းပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



မြန်မာ-ထိုင်း နှစ်နိုင်ငံဆွေးနွေးပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

## ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ ဇနီးနှင့်အဖွဲ့ ပြန်လည်ထွက်ခွာ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

Greater Mekong Initiative ၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာရှင်ဇို အာဘေး၏ဇနီး Mrs.AkieAbe နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာရာ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်စွမ်းအင်ဝန်ကြီး ဦးဟံထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

**(ယာပုံ)**



**(သတင်းစဉ်)**

# အီးယူမှ ဗြိတိန်နုတ်ထွက်ရေးဆိုင်ရာ ဥပဒေမူကြမ်း အောက်လွှတ်တော်အမတ်များ မဲခွဲဆုံးဖြတ်



**လန်ဒန် ဖေဖော်ဝါရီ ၂**

ဥရောပသမဂ္ဂ(အီးယူ)မှ ဗြိတိန်နိုင်ငံနုတ်ထွက်နိုင်ရေးအတွက် အစပျိုးနိုင်ရန် ဝန်ကြီးချုပ်ထရေစာမေအား လုပ်ပိုင်ခွင့်အာဏာအပ်နှင်းသည့် ဥပဒေမူကြမ်းတစ်ရပ်၏ ပထမအဆင့်ကို အောက်လွှတ်တော်အမတ်များက ဖေဖော်ဝါရီ ၁ ရက်တွင် အတည်ပြုလိုက်ပြီဖြစ်သည်။

ဥပဒေမူကြမ်းကို အောက်လွှတ်တော်က အတည်ပြုပေးလိုက်ခြင်းဖြင့် အစိုးရအဖွဲ့အနေဖြင့် အီးယူ၏လစ္စဘွန်းစာချုပ်အပိုဒ် ၅၀ ပါ လုပ်ငန်းစဉ် ဖော်ပြချက်အတိုင်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အီးယူမှ ဗြိတိန်နုတ်ထွက်ရေးအတွက် နှစ်နှစ်ကြာမြင့်မည့် ဆွေးနွေးပွဲများကို တရားဝင်စတင်နိုင်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အီးယူမှ ဗြိတိန်နုတ်ထွက်ရေးဥပဒေမူကြမ်းနှင့် ပတ်သက်၍ အောက်လွှတ်တော်က ထောက်ခံမဲ ၄၉၈ မဲ၊ ကန့်ကွက်မဲ ၁၁၄ မဲဖြင့် အတည်ပြုပေးခဲ့သည်။ အောက်လွှတ်တော်တွင် အီးယူမှ ဗြိတိန်နုတ်ထွက်ရေးနှင့်သက်ဆိုင်သည့် မဲခွဲဆုံးဖြတ်မှုမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ အောက်လွှတ်တော်အမတ်များသည် ၁၇ နာရီကျော်မျှ အချေအတင် ဆွေးနွေးခဲ့ကြပြီးနောက် မဲပေးခဲ့ကြသည်။ အောက်လွှတ်တော်တွင် ဒုတိယအကြိမ်နှင့် အပြီးသတ်မဲပေးမှုကို လာမည့်ရက်သတ္တပတ်တွင် ပြုလုပ်ရန် စီစဉ်ထားသည်။

ဥရောပသမဂ္ဂ၏ လစ္စဘွန်းစာချုပ်ပါ အပိုဒ် ၅၀ တွင် အီးယူမှ ဗြိတိန်နုတ်ထွက်နိုင်ရေးအတွက် ဥပဒေအရ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်ကို ဖော်ပြထားသည်။ ဗြိတိန်သည် အီးယူမှနုတ်ထွက်ခြင်းကို ဝန်ကြီးချုပ် တစ်ဦးတည်း၏ ဆုံးဖြတ်ချက်အရ ပြုလုပ်ခွင့်မရှိစေရဟု တရားရုံးချုပ်က ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။

အီးယူမှ ဗြိတိန်နုတ်ထွက်ရေးဆိုင်ရာ ဆွေးနွေးပွဲများကို မေ ၃၁ ရက်ထက် နောက်မကျဘဲစတင်ရန် ဝန်ကြီးချုပ်မေက လိုလားသည်။

ဥပဒေမူကြမ်းကို လက်မခံဘဲ ပယ်ချကြရန် အီးယူလိုလားသော စကော့တလန်အမျိုးသားရေးဝါဒီများက လှုံ့ဆော်ခဲ့ကြသော်လည်း အောက်လွှတ်တော်က အတည်ပြုနိုင်ခဲ့သည်။ အီးယူမှ ဗြိတိန်နုတ်ထွက်ခြင်းသည် စကော့တလန်၏ စီးပွားရေးပျက်ပြားစေရန် အကြီးအကျယ်အဖျက်အမှောင့်ပြုသည့် လုပ်ရပ်ဖြစ်ကြောင်း စကော့တစ်အမျိုးသားရေးပါတီက ထုတ်ပြန်ကြေညာခဲ့သည်။

**ရိုက်တာ။**

# မြောက်ကိုရီးယားနျူဒုံးကျည်ခြိမ်းခြောက်မှုသည် အမျိုးသားလုံခြုံရေးအတွက် ထိပ်တန်းဦးစားပေးဖြစ်သည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီးဆို



**ဆိုးလ် ဖေဖော်ဝါရီ ၂**

တောင်ကိုရီးယားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျိမ်းစ်မတ်တစ်က မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားဒုံး လက်နက်ခြိမ်းခြောက်မှုသည် အမျိုးသားလုံခြုံရေးအတွက် ပထမဦးစားပေး ကာကွယ်ရမည့်ကိစ္စရပ်တစ်ခုဖြစ်သည်ဟု အမေရိကန်နိုင်ငံအနေဖြင့် ရှုမြင်ပါကြောင်း တောင်ကိုရီးယားဝန်ကြီးချုပ် ဟွမ်ကျိုးအန်နှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂ ရက်က အမေရိကန်ကာကွယ်ရေးဝန်ကြီး မတ်တစ်သည် တောင်ကိုရီးယားနိုင်ငံ ယာယီသမ္မတဖြစ်သူ တောင်ကိုရီးယားဝန်ကြီးချုပ် ဟွမ်ကျိုးအန်နှင့် အမျိုးသားလုံခြုံရေးအဖွဲ့အကြီးအကဲ ကင်ကွမ်ဂျင်းတို့အား တွေ့ဆုံခဲ့သည်။

အမေရိကန် နိုင်ငံအနေဖြင့် တောင်ကိုရီးယားနိုင်ငံ၏ကာကွယ်ရေးကဏ္ဍတွင် နျူလက်နက်ကာကွယ်ရေးကွန်ရက် ဖြန့်ကြက်မှုအကူအညီများကို ဆက်လက်ပေးသွားမည်ဖြစ်ကြောင်း အမျိုးသားလုံခြုံရေးအဖွဲ့အကြီးအကဲ ကင်ကွမ်ဂျင်းနှင့် တွေ့ဆုံစဉ် အမေရိကန်ကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

ယခုနှစ်တွင်လည်း အမေရိကန်ဒုံးခွင်းလက်နက်များ ဖြန့်ကြက်ထားရှိမှုကို အမေရိကန်ကာကွယ်ရေးဝန်ကြီး မတ်တစ်နှင့် အမျိုးသားလုံခြုံရေးအဖွဲ့အကြီးအကဲ ကင်တို့က သဘောတူညီခဲ့ကြသည်။

အမေရိကန်နိုင်ငံသို့ ရောက်ရှိနိုင်သည့် မြောက်ကိုရီးယားတာဝေးပစ်ဒုံးကျည်စမ်းသပ်မှု၏ ဖွံ့ဖြိုးမှုအခြေအနေကို အမေရိကန်ကာကွယ်ရေးဌာနအကြီးအကဲများက အဆက်မပြတ် စောင့်ကြည့်လျက်ရှိသည်။

မြောက်ကိုရီးယား၏ ဒုံးလက်နက်ဖွံ့ဖြိုးမှုအခြေအနေနှင့်ပတ်သက်ပြီး အမေရိကန် ကာကွယ်ရေးဝန်ကြီးမတ်တစ်က တောင်ကိုရီးယားနှင့်ဂျပန်တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းတွင် ဝန်ကြီးမတ်တစ်သည် တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီး ဟန်မင်းကူးနှင့် တွေ့ဆုံမည်ဖြစ်သည်။ ထို့နောက် ဂျပန်နိုင်ငံသို့ အလည်အပတ်သွားရောက်ကာ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။ ဖေဖော်ဝါရီ ၄ ရက်တွင် ဝန်ကြီးမတ်တစ်က ဂျပန်ကာကွယ်ရေးဝန်ကြီး တိုမိုမိအင်နာဒါနှင့် တွေ့ဆုံမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ။**

## အမေရိကန် အကျဉ်းထောင်တစ်ခုတွင် အကျဉ်းသားများက ထောင်ဝန်ထမ်းနှစ်ဦးအား ဓားစာခံအဖြစ် ဖမ်းဆီး

**ဒိုဗာ ဖေဖော်ဝါရီ ၂**

အမေရိကန်ပြည်ထောင်စု ဒယ်လာဝဲပြည်နယ်ရှိ အကျဉ်းထောင်တစ်ခုတွင် အကျဉ်းသားများက ထောင်ဝန်ထမ်းနှစ်ဦးကို ဓားစာခံအဖြစ် ဖမ်းဆီးထားကြောင်း၊ ထောင်အတွင်းအကျဉ်းသားများ နေထိုင်မှုအခြေအနေတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရန်နှင့် အထက်တန်းတာဝန်ရှိသူများနှင့် စကားပြောခွင့်ပေးရန် ၎င်းတို့ကတောင်းဆိုခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ကနဦးတွင် ထောင်ဝန်ထမ်းလေးဦးနှင့် အကျဉ်းသား ၁၄ ဦးခန့်ကို ဓားစာခံများအဖြစ် ဖမ်းဆီးထားပြီး ဖေဖော်ဝါရီ ၂ ရက် အစောပိုင်းတွင် အကျဉ်းသားများကို ပြန်လည်လွှတ်ပေးခဲ့သည်။

ဖေဖော်ဝါရီ ၁ ရက်တွင် ဓားစာခံဖမ်းဆီးမှု ဖြစ်ပွားပြီးနောက် နာရီပေါင်း ၂၀ ကျော်မျှ အာဏာပိုင်များနှင့် ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေ တွင် ရှိနေခဲ့သည်။ အကျဉ်းထောင်အတွင်း ဓားစာခံဖမ်းဆီးမှုဖြစ်ရပ်ကြောင့် ပြည်နယ်တစ်ဝန်းရှိ အခြားသောအကျဉ်းထောင်များတွင် အကျဉ်းသားများ မိမိတို့၏ အကျဉ်းခန်းမှ ပြင်ပသို့ ထွက်ခွာခြင်းမပြုနိုင်ရန် အာဏာပိုင်များက ပိတ်လှောင်ထားခဲ့သည်။

အကျဉ်းထောင်အတွင်းရှိ အဆောက်အအုံတစ်ခုကို အကျဉ်းသားများက သိမ်းပိုက်ခဲ့ကြပြီး ယင်းအဆောက်အအုံအတွင်း ဖေဖော်ဝါရီ ၂ ရက် နံနက်အစောပိုင်းအထိ ထောင်ဝန်ထမ်းနှစ်ဦးနှင့် အကျဉ်းသား ၈၂ ဦး ရှိနေခဲ့ကြောင်း ပြည်နယ်အကျဉ်းဦးစီးဌာနက ပြောကြားသည်။

အကျဉ်းသားများနှင့် ရှေ့မတိုးနောက်မဆုတ်သာ အခြေအနေနောက်ပိုင်း အကျဉ်းထောင်ဝန်ထမ်းနှစ်ဦးနှင့် အကျဉ်းသား ၄၆ ဦးတို့ကို အုပ်စုလေးစုခွဲ၍ ပြန်လည်လွှတ်ပေးခဲ့သည်။

ဒယ်လာဝဲပြည်နယ် ဆမီနာမြို့ရှိ အကျဉ်းထောင်သည် အမျိုးသားအကျဉ်းသား သီးသန့်ထားရှိသည့် အကျဉ်းထောင်များအနက် အကြီးဆုံးဖြစ်ပြီး အကျဉ်းသား ၂၅၀၀ ခန့် ထိန်းသိမ်းထားသည်။ **ရိုက်တာ။**

## ပဲ့ထိန်းဒုံးကျည်စမ်းသပ်မှု အီရန် အတည်ပြုပြောကြား

**တီဟီရန် ဖေဖော်ဝါရီ ၂**

မကြာသေးမီက ပဲ့ထိန်းဒုံးကျည်ပစ်ခတ်စမ်းသပ်မှု ပြုလုပ်ခဲ့သည်ဟု အီရန်နိုင်ငံက အတည်ပြုပြောကြားလိုက်ကြောင်း၊ ဒုံးကျည်ပစ်ခတ် စမ်းသပ်မှု ပြုလုပ်ရခြင်းမှာ အီရန်နိုင်ငံအနေဖြင့် အဟန့်အတားပြု လက်နက်စွမ်းရည်မြှင့်တင်ရေးအတွက် လုပ်ဆောင်နိုင်သော အခွင့်အရေးနှင့်အညီဖြစ်ကြောင်း အထက်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မကြာသေးမီက ဒုံးကျည်သစ်စမ်းသပ်မှုသည် အီရန်နိုင်ငံ၏ ကာကွယ်ရေးဆိုင်ရာ အစီအမံများအရဖြစ်ပြီး မိမိတို့၏ စစ်ရေးစစ်ရာများတွင် ပြည်ပနိုင်ငံများ စွက်ဖက်ခွင့်မရှိကြောင်း အီရန်ကာကွယ်ရေးဝန်ကြီး ဟူစိန် ဒီကွန်က ပြောကြားသည်။

ဒုံးကျည်ပစ်ခတ် စမ်းသပ်မှုသည် အီရန်နျူကလီးယား အစီအစဉ်နှင့်သက်ဆိုင်သော သဘောတူညီချက်ကို ဆန့်ကျင်သည့် အဓိပ္ပာယ်မသက်ရောက်ကြောင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် အမှတ်(၂၂၃၁)ကိုလည်း ချိုးဖောက်ရာမရောက်ကြောင်း ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

**ဆင်ဟွာ။**



# (၁၈၆၁) ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးဒုတိယနေ့တွင် ရွှေဘိုမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်အေဇင်လတ် တင်သွင်းသည့် အဆိုအပေါ် လွှတ်တော်ကိုယ်စားလှယ်(၁၅) ဦးတို့က ထောက်ခံဆွေးနွေးကြသည်။

အဆိုရှင်၏ ကျောင်းမုန့်ဈေးတန်းများအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဈေးကွက်အတွင်းတွင် ရောင်းချလျက်ရှိသော ကျန်းမာရေးနှင့် မညီညွတ်သည့် ဓာတုဆိုးဆေးပါ စားသောက်ကုန်များ၊ စားသောက်ဖွယ်ရာများ ရောင်းချနေခြင်းအား ထိရောက်စွာ တားဆီးနှိမ်နင်းနိုင်ရန် တာဝန်ရှိသည့် ဌာနဆိုင်ရာများ စုပေါင်းပါဝင်သော နိုင်ငံတော်အဆင့် စီမံချက်တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုအပေါ် အရာတော်မဲဆန္ဒနယ်မှလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဦးခင်မောင်သင်းက မိမိတို့မြို့နယ်၏ သာရေးနာရေးကိစ္စရပ်များတွင် သန့်စင်ဆီခေါ် မြောင်းဆီကို အသုံးပြုနေကြပါကြောင်း၊ မြောင်းဆီဆိုသည်မှာ တရုတ်နိုင်ငံ စားသောက်ဆိုင်များမှ စွန့်ပစ်ဆီများကို အရောင်ချွတ်အနံ့ထည့်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောင်းချသည့် ဆီများဖြစ်ပါကြောင်း ၊ မြောင်းဆီ တစ်ပိဿာလျှင် ၂၅၀၀ ကျပ်သာပေးရပါကြောင်း၊ သဘာဝသီးနှံဆီများမှာ တစ်ပိဿာအနည်းဆုံး လေးထောင်ကျပ်ပေးရပါကြောင်း၊ မြန်မာလူမျိုးများသည် ငါးပိ ငါးခြောက်များကို နေ့စဉ်စားသုံးကြပါကြောင်း၊ ငါးပိတွင် အာဆင်းနစ်ဓာတ်များ၊ ယူရီးယားဓာတ်များ၊ မြေဩဇာများ ထည့်သွင်းရောင်းချပါကြောင်း၊ အသား၊ ငါး၊ ဝက်အူချောင်းများတွင်လည်း မပုပ်မသိုးအောင် ဖော်မလင်ဓာတုဗေဒပစ္စည်းများ သုံးစွဲကြပါကြောင်း၊ လွန်ခဲ့သောသုံးနှစ်ခန့်က တရုတ်ပြည်တွင် နို့မှုန့်တုများကို စားသုံး၍ ကလေးသူငယ်များ ကျောက်ကပ်ပျက်ပြီး သေဆုံးရသည်ကို တွေ့ရပြီး အစားအသောက်များ၏ အန္တရာယ်ကို ရှောင်ရှားသင့်ပါကြောင်း၊ မိမိတို့မြို့နယ်၏ သားသတ် လိုင်စင်ရရှိသူများသည် အသားများကို ယင်မလာစေရန် ယင်မအုံစေရန်အတွက် အသားများအပေါ်တွင် ပိုးသတ်ဆေးများကို ဖျန်းခြင်း၊ ရက်လွန်အသားများ မပုပ်သိုးစေရန် ဖော်မလင်ဆေးများ သုံးစွဲခြင်းများ ရှိနေပါကြောင်း၊ နေ့စဉ်သုံးစွဲနေသော လက်ဖက်၊ ငရုတ်သီးမှုန့် ၊ အရောင်တင်မှုန့်များတွင်လည်း ခွင့်မပြုဓာတုဆိုးဆေးများကို သုံးစွဲနေသည်ကို သိရပါကြောင်း၊ စားသုံးသူများသည် ခွင့်မပြုဓာတုဗေဒဆိုးဆေးများနှင့် ပတ်သက်၍ လုံးဝမသိကြပါကြောင်း၊ အထက်ပါအကြောင်းများကြောင့် မြန်မာနိုင်ငံသည် ကမ္ဘာတွင်ဒုတိယကင်ဆာအဖြစ်အများဆုံး နိုင်ငံအဖြစ် သတ်မှတ်ခံရပါကြောင်း၊ အချို့နိုင်ငံများတွင် သုံးစွဲခြင်းမပြုသည့် ဟင်းချိုမှုန့်ကိုလည်း မြန်မာနိုင်ငံတွင် တွင်ကျယ်စွာ အသုံးပြုနေကြပါကြောင်း၊ ထို့အတွက် ဆီးချို၊ သွေးတိုး၊ လေဖြတ်ရောဂါများ အဖြစ်များနေပါကြောင်း၊ စားသုံးသူရပိုင်ခွင့်သည် နိုင်ငံသားရပိုင်ခွင့်များထဲတွင် တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ ထို့အတွက် ကျန်းမာရေးနှင့် ပတ်သက်သည့် ဥပဒေများကို ပြဋ္ဌာန်းခဲ့ပါကြောင်း။

အစားအသောက်နှင့်ဆေးဝါးထိန်းချုပ်မှု ဥပဒေများ ပြဋ္ဌာန်းခြင်း၊ ဓာတ်ခွဲခန်းများ တည်ထောင်ပေးခြင်းများကို နိုင်ငံတော်က ပြုလုပ်ပေးသော်လည်း ဥပဒေအသက်ဝင်ရန် ဌာနဆိုင်ရာများ၏ ကြိုးပမ်းမှုအားနည်းခြင်း၊ ဝန်ထမ်းအင်အားနည်းပါးခြင်း ၊ အစားအသောက်နှင့်ပတ်သက်၍ အသိပညာပေးမှုနည်းပါးခြင်းတို့ကြောင့် FDA ၏ လုပ်ငန်းများ မအောင်မြင်ဖြစ်နေရပါကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းရှိဈေးကွက်တွင် ရောင်းချလျက်ရှိသော ကျန်းမာရေးနှင့် မညီညွတ်သည့် ဓာတုဆေးဝါးစားသောက်ကုန်များ ရောင်းချနေခြင်းအား ထိရောက်စွာတားဆီးနိုင်ရန် ဌာနဆိုင်ရာအများစု ပူးပေါင်းပါဝင်သော စီမံချက်ဖြင့် လူထု၏ပူးပေါင်းပါဝင်မှုကို အကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းနှိုးဆော်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

သနပ်ပင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးက ဖွံ့ဖြိုးလာသည့် နည်းပညာက အစားအသောက်များကို ပိုမိုအန္တရာယ်ဖြစ်လာစေသည်ကို တွေ့မြင်နေရပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၁၁ ခုနှစ်တွင် ထုတ်ပြန်သည့် အစီရင်ခံစာတွင် ကမ္ဘာ့ကင်ဆာရောဂါဖြစ်ပွားမှု အများဆုံးဆယ်နိုင်ငံတွင် မိမိတို့နိုင်ငံက ဒုတိယနေရာတွင်ရှိနေသည်ဟု ဖော်ပြပြီး အာဟာရချို့တဲ့မှု အများဆုံး နိုင်ငံများစာရင်းထဲတွင် ပါနေပါကြောင်း၊ ပျမ်းမျှသက်တမ်းနိမ့်ကျလာပြီး မွေးကင်းစကလေးငယ် အသေအပျောက်နှုန်းမြင့်မားလာခြင်းသည်လည်း အနာဂတ်မျိုးဆက်သစ်များစိုးရိမ်ရင်လေးစရာ ဖြစ်ပါကြောင်း၊ ထို့အတွက် ပြည်သူလူထုနှင့် ကလေးသူငယ်များပါ ဘေးကင်းလုံခြုံစိတ်ချနိုင်သည့် အစာအာဟာရများ စားသုံးနိုင်ရေးအတွက် အဆိုရှင်တင်ပြထားသကဲ့သို့ နိုင်ငံတော်အဆင့် စီမံချက်တစ်ရပ်ကို ရေးဆွဲ၍ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ အရပ်ဘက်အဖွဲ့အစည်းများဖြင့် ပြည်သူလူထုပါ ပူးပေါင်းပါဝင်စေလျက် အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမြင့်ထွေး



ဒေါက်တာ
ဒေါ်အေဇင်လတ်

အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အဆိုရှင်က ၎င်း၏ အဆိုအား အတည်ပြုပေးပါရန် တင်ပြရာ လွှတ်တော်ကသဘောတူသဖြင့် အတည်ပြုကြောင်းကို လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ယနေ့အစည်းအဝေးတွင် ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းစိန်၏ ခန္တီးမြို့နယ်တွင်ပါရှိသော ပါးရိုကျေးလက်ကျန်းမာရေးဌာနကို ပါးရိုကျေးရွာ တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်နိုင်ခြင်း ရှိ/မရှိ မေးခွန်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျေးလက်ကျန်းမာရေးပိုင်းတွင် ကျေးရွာ(၁၇)ရွာ၊ အိမ်ခြေ (၆၁၁) အိမ်၊ လူဦးရေ (၄၄၀၀) ရှိပါကြောင်း၊ အကယ်၍ Station Hospital ပြုလုပ်မည်ဆိုပါက လူဦးရေတစ်သောင်းမှ တစ်သောင်းငါးထောင်အကြား ရှိရမည်ဖြစ်ပြီး သွားလာရေးလွယ်ကူပြီး အနီးအနားတွင်ရှိသည့် ကျေးလက်ကျန်းမာရေးဌာနခွဲမှ လူများလည်း အလွယ်တကူလာရောက်နိုင်ရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် အဆိုပါ Station Hospital မှ မြို့နယ်ဆေးရုံသို့ သွားရောက်ရန်လည်း လွယ်ကူရမည်ဖြစ်ပါကြောင်း၊ ကျန်သည့်အချက်များ ရှိသေးသော်လည်း လူဦးရေမှာ (၄၄၀၀) သာရှိသည့်အတွက် ဆေးရုံတစ်ရုံအဖြစ် သတ်မှတ်ပေးရမည်ဆိုပါက ဝန်ကြီးဌာန၏ ဘတ်ဂျက်အင်အား၊ လူအင်အား၊ ငွေအင်အားဖြင့် အဆင်မပြေနိုင်ပါကြောင်း၊ သို့သော်လည်း ပြန်၍လေ့လာကြည့်ပါက အဆိုပါ ကျေးလက်ကျန်းမာရေးဌာနတွင် ဌာနခွဲငါးခုရှိပါကြောင်း၊ လိုအပ်သည့် ဝန်ထမ်းအင်အား လစ်လပ်နေမှုအခြေအနေများအပေါ် ပြန်လည်ခန့်ထားပေးသွားနိုင်တော့မည်ဖြစ်ပါကြောင်း၊ ဆေးရုံအတွက် လိုအပ်သည့် ကုသမှုဆိုင်ရာ ဆက်စပ်ပစ္စည်းများကိုလည်း အမြန်ဆုံးပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ လတ်တလောအခြေအနေအားဖြင့် ဆေးရုံကို တိုက်နယ်အဆင့်သို့ တိုးမြှင့်ပေးသွားနိုင်ဦးမည် မဟုတ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ပင်းတယမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်၏ ပင်းတယမြို့နယ်၊ ပြည်သူ့ဆေးရုံကို ခုတင် (၅၀) ဆံ့ဆေးရုံအဖြစ်မှ ခုတင် (၁၀၀) ဆံ့ ဆေးရုံအဖြစ်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပင်းတယမြို့နယ်ဆေးရုံသည် အနီးနားတွင် ပွေးလှတိုက်နယ်ဆေးရုံ၊ မိုင်းအင်တိုက်နယ်ဆေးရုံတို့နှင့် နီးကပ်ပါကြောင်း၊ ခုတင်(၅၀၀)ဆံ့ တောင်ကြီး စိတ်စံထွန်းဆေးရုံကြီးနှင့် ၆၃ မိုင်သာ ကွာဝေးပြီး ကားလမ်းဖြင့် (၂) နာရီသာကြာပါကြောင်း၊ ပွေးလှတိုက်နယ်ဆေးရုံနှင့် (၈) မိုင်သာကွာပြီး ကားလမ်းခရီးဖြင့် (၃၀) မိနစ်သာ ကြာပါကြောင်း၊ မိုင်းအင်တိုက်နယ်ဆေးရုံနှင့် (၁၂) မိုင်ကွာပြီး ကားလမ်းခရီးဖြင့် (၄၀) မိနစ်သာ ကွာဝေးပါကြောင်း၊ ခုတင်(၅၀) ဆံ့ ဆေးရုံတစ်ခုတွင် ဝန်ထမ်းပေါင်း ၈၁ ယောက်ရှိရမည်ဖြစ်သော်လည်း ယခုအချိန်တွင် အဆိုပါ ဆေးရုံ၌ ဝန်ထမ်းအင်အား (၄၈) ယောက်သာ ရှိသည်ကို တွေ့ရပါကြောင်း၊ အကယ်၍ ခုတင် (၅၀) မှ (၁၀၀) သို့ တိုးမြှင့်မည်ဆိုပါက ဝန်ထမ်းအင်အား (၂၀၁) ဦးခန့်အပ်ရမည်ဖြစ်ရာ ဝန်ကြီးဌာနအနေဖြင့် လတ်တလောကာလတွင် ယင်းသို့ ဝန်ထမ်းတိုးမြှင့်ခန့်အပ်ရန် အခြေအနေမပေးသေးပါကြောင်း၊ နောင်လာမည့် နှစ်ကာလများတွင်မူ ဖြစ်နိုင်ဖွယ် အလားအလာများ ရှိပါကြောင်း၊ လိုအပ်သည့် ဆရာဝန်၊ သူနာပြုအင်အားနှင့် ဝန်ထမ်းအင်အား၊ ဆေးပစ္စည်းကိရိယာများကို တိုးမြှင့်ပေးရန် အစီအစဉ်ရှိပါကြောင်း၊ လက်ရှိကာလတွင် အဆင့်တိုးမြှင့်ရန် အစီအစဉ်မရှိသေးသော်လည်း စဉ်ဆက်မပြတ်စောင့်ကြည့်လျက်ရှိကာ လိုအပ်လာသည့်အချိန်တွင် ချက်ချင်းတိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆားလင်းကြီး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်းဇော်၏ ဆားလင်းကြီးမြို့နယ်အတွင်းရှိ မတောင့်တကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲအား တိုက်နယ်ဆေးရုံအဖြစ် ဖွင့်လှစ်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဤဆေးရုံကြီးသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ၂၀၁၆ ခုနှစ် ဇွန်လ ၁၁ ရက်နေ့တွင် လွှဲပြောင်းပေးပြီးဖြစ်ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ဖွဲ့စည်းပုံလည်း တင်ပြရရှိပြီးဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်တွင်လည်း ခွင့်ပြုငွေ ရရှိရန် တင်ပြထားပါကြောင်း၊ ဆေးရုံကြီးကို ကြည့်ရှုစစ်ဆေးခဲ့ရာတွင်လည်း အလွန်ကောင်းမွန်သည့် အခြေအနေများကို တွေ့ခဲ့ရပါကြောင်း၊ ဆေးရုံအတွင်းတွင် စေတနာရှင်များက လှူဒါန်းထားသည့် ပစ္စည်းပစ္စယများမှာလည်း ပြည့်စုံမှုရှိသည်ကို သတိပြုမိပါကြောင်း၊ ယင်းပစ္စည်းများကို ဆက်လက်၍ ထိန်းသိမ်းစောင့်ရှောက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ရသေ့တောင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေက (၁၈၆၁) ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းရာ မန်တုံမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးက ထောက်ခံပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြသိန်းက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် အဆိုပါ ဥပဒေကြမ်းကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူရာ လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်သည့်အတွက် ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် မရှိကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

**အောင်နိုင်(သတင်းစဉ်)**

# ဓာတ်အားလိုင်းပြင်ပရှိ ကျေးရွာများအတွက် မီးလင်းရေးလုပ်ငန်းများကိုသာ ဆောင်ရွက်ရခြင်းဖြစ်ပါ၍ မြို့ပေါ်ရပ်ကွက်များ ဆိုလာမီးတပ်ဆင်ပေးနိုင်ခြင်း မရှိပါ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

အမျိုးသားလွှတ်တော်က အတည်ပြု၍ ပေးပို့ထားသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ရုပ်သိမ်းပေးရန် သဘောမတူကြောင်း ပြန်လည်ပေးပို့လာသည့်အတွက် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် အမျိုးသားလွှတ်တော်က သဘောတူကြောင်း ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် စတုတ္ထအကြိမ်ပုံမှန်အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့သည်။



ဒုတိယဝန်ကြီး ဦးလှကျော်

ထို့ပြင် အစည်းအဝေးတွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်ဇော်ဦး၏ မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ် ဓမ္မသကျေးရွာနှင့် ကော့ပလိုင်ကျေးရွာကြားရှိ ရေအရင်းအမြစ်ဦးစီးဌာနမှ လျှပ်စစ်မြစ်ရေတင်စီမံကိန်းဆောင်ရွက်ခဲ့သော မြေနေရာအတွက် နစ်နာသည့် လယ်သမားများအား လျော်ကြေးပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်ကမွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်အတွင်း ဂျိုင်းမြစ်ပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ထားသည့် ဓမ္မသလျှပ်စစ်မြစ်ရေတင်စီမံကိန်းအတွက် တူးမြောင်းဖောက်လုပ်စဉ်က အသုံးပြုခဲ့ရသော တောင်သူ ၄၈ ဦး၏ မြေဧရိယာ (၆၃ ဒသမ ၃၉) ဧကအတွက် ထိုစဉ်က မြေယာလျော်ကြေးပေးချေမှုမရှိခဲ့ပါကြောင်း၊ သို့ဖြစ်ပါ၍ တောင်သူများ၏ နစ်နာမှုအတွက် သက်ဆိုင်ရာ ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ စိစစ်၍ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်သင့်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးငွေတင်း၏ ချင်းပြည်နယ်၊ ပလက်ဝမြို့ပေါ် (၃)ရပ်ကွက်တွင် နေထိုင်ပြီး မီတာဘောက် မတပ်ဆင်နိုင်သော ရွှေ့ပြောင်း တောင်ယာလုပ်ငန်းနှင့် လက်လုပ်လက်စားမိသားစုများအတွက် ဆိုလာမီးတပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က နိုင်ငံတော်အနေဖြင့် ၂၀၃၀ ခုနှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိရေး စီမံကိန်းအား ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်း၍ အမျိုးသားလျှပ်စစ်မီးလင်းရေးစီမံကိန်းကို ရေးဆွဲခဲ့ပြီးဖြစ်ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအနေဖြင့် မဟာဓာတ်အားလိုင်း ပြင်ပစနစ်ဖြင့်(Off-Grid) ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မဟာဓာတ်အားလိုင်း (On-Grid) ဖြင့်လျှပ်စစ်မီးလင်းရေးလုပ်ငန်းအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ NEP စီမံကိန်းအရ ကျေးရွာများ ရွေးချယ်ရာတွင် မဟာဓာတ်အားလိုင်းမှ ၁၀ မိုင်ကျော်ကွာဝေးပြီး ပြည်သူ့မှ ဘဏ္ဍာငွေအချိုးကျထည့်ဝင်နိုင်သော ကျေးရွာများအား အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် NEP စီမံကိန်းအရ ချင်းပြည်နယ်အတွင်း တီးတိန်၊ မင်းတပ်၊ ကန်ပက်လက်၊ ထန်တလန်၊ ပလက်ဝနှင့် တွန်းဇံမြို့နယ်များရှိ ကျေးရွာ (၂၉၀)၊ အိမ်ခြေပေါင်း (၁၁၂၉၁)အိမ်အား ရန်ပုံငွေကျပ် (၄၄၁၁ ဒသမ ၀၆၁) သန်းဖြင့် ဆိုလာစနစ် မီးလင်းရေးအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှာ ဓာတ်အားလိုင်းပြင်ပရှိ ကျေးရွာများအတွက် မီးလင်းရေး လုပ်ငန်းများကိုသာ ဆောင်ရွက်ရခြင်းဖြစ်ပါ၍ မြို့ပေါ်ရပ်ကွက်များအတွက် ဆိုလာမီးတပ်ဆင်ပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားသည်။



ဦးငွေတင်း

အလားတူ ဒုတိယဝန်ကြီး ဦးလှကျော်က မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါ်သန်းသန်းအေး၏ ပေ ၆၀ တံတားပြုပြင်တည်ဆောက်ပေးရန်မေးခွန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်၏ ဆမီးမြို့နယ် ဌာနဆိုင်ရာရုံးများ တည်ဆောက်ပေးရန်မေးခွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးအောင်သိန်း၏ မြောင်းလက်တံ အုတ်ရိုးကာရံပေးရန်နှင့် ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်မမလေးတို့၏ ပင်းတယမြို့နယ် ရေရရှိရေး ဆောင်ရွက်ပေးရန်မေးခွန်းတို့နှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဖြေကြားသည်။

**မျိုးမြင့်(သတင်းစဉ်)**

# ပထမပင်လုံအတွင်းရေး ကြိုးပမ်းဖော်ဆောင်ခဲ့သူ တောင်ကြီးသတင်းထောက်ကြီး-ဦးစံအောင်

## ဟံသာဝတီ ဦးအုန်းကြိုင်

တစ်လောက ရှမ်းပြည်နယ် တောင်ကြီးဟိုတယ်မှာ ကျင်းပတဲ့ ပြည်နယ်ဆိုင်ရာနိုင်ငံရေးပါတီတွေနဲ့ သတင်းမီဒီယာသမားတွေ ဒီမိုကရေစီအရေးဆွေးနွေးကြတဲ့ပွဲကို တက်ရောက်ရင်း ဗိုလ်ချုပ်တို့ ပင်လုံညီလာခံကျင်းပနိုင်အောင် အရေးအပါဆုံးအခန်းကနေ စစဦးဖော်ဆောင်ပေးခဲ့တဲ့ မြန်မာ့အလင်းသတင်းထောက်ကြီး ဦးစံအောင်နဲ့ တွေ့ဆုံဖြစ်ကြတယ်။ မိမိနဲ့အတူ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥပဒေပညာရှင် ဦးဟန်ညွန့်လည်းပါတယ်။

၁၉၄၇ ခုနှစ် ပင်လုံညီလာခံကျင်းပစဉ်အချိန်က တက်ရောက်သတင်းရေးသားခဲ့ကြတဲ့ သတင်းထောက်တွေအနက်က မိမိနဲ့ ဦးစံအောင်တို့နှစ်ယောက်ပဲ အသက်ရှင်နေကြသေးတယ်။ မိမိက ဒီကနေ့အထိ သတင်းမီဒီယာလောကမှာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်အဖြစ် ပါဝင်ထမ်းရွက်နေဆဲဖြစ်ပေမယ့် ဦးစံအောင်က တောင်ကြီးဈေးပိုင်းရပ် ကုန်သည်လမ်းရှိ နေအိမ်အပေါ်ထပ် ပက်လက်အိပ်စင်ပေါ်မှာ ပက်လက်လဲနေပြီဖြစ်ပါတယ်။ မိမိက ၉၀ တွင်း၊ သူက ၉၄ နှစ်ရောက်နေမှုကိုး၊ ဟိုတုန်းကလို ခပ်သွက်သွက်မပြုံးနိုင်တော့ဘဲ ခပ်ယဲ့ယဲ့ပြုံးပြနိုင်တယ်။ မိမိက ကွဲကွာနေတာကြာပြီဖြစ်တဲ့ မိတ်ရင်းချင်း ဖုံနေအောင်ပြောနေပေမယ့် သူက တစ်ခွန်းစ၊ နှစ်ခွန်းစ ယဲ့ယဲ့သာ။

ဦးစံအောင်ဟာ ဗြိတိသျှလက်အောက် ကိုလိုနီကျွန်သပေါက်ဘဝမှ ဗိုလ်ချုပ်အောင်ဆန်းတို့ လွတ်မြောက်အောင်ဖော်ဆောင်တဲ့နေရာမှာ အရေးအကြီးဆုံး၊ အရေးအပါဆုံး အခန်းကဏ္ဍကနေ စွမ်းစွမ်းတမံ ပါဝင်ထမ်းရွက်ခဲ့သူတစ်ယောက် ဖြစ်ပါတယ်။ သူနဲ့က ပြောစရာ ဆိုစရာတွေက တစ်ပုံတစ်ပင်ကြီးရှိပေမယ့် သူကမပြောနိုင်တော့တဲ့ အခြေအနေ။

ဖေဖော်ဝါရီလ ၁ရက်နေ့ မနက်မှာ တောင်ကြီးက သတင်းထောက်မြဝန်းရံထံက ဖုန်းဆက်အကြောင်းကြားလာပါတယ်။ ဘဘဦးစံအောင် မနေ့က ည ၁၀ နာရီခွဲမှာ ဆုံးသွားပါတယ်တဲ့။ တောင်ကြီးက သူ့အိမ်ကို ဖုန်းဆက်ပြီး ဝမ်းနည်းစကားပြောဖြစ်လိုက်တယ်။ ဖေဖော်ဝါရီလ ၁ရက်နေ့ မွန်းလွဲ ၂ နာရီမှာ သဂြိုဟ်မယ်လို့ သိရတယ်။ သွားပေဦးတော့တစ်ယောက်။ ပင်လုံမီတဲ့သတင်းထောက် မိမိတစ်ယောက်တည်း ကျန်တော့ပါကလားလို့ သတိသံဝေဂယူလိုက်မိတယ်။

မိမိသိသလောက် ဦးစံအောင်ဟာ ၁၉၃၅ ခုနှစ်လောက်က ရှမ်းပြည်နယ်ဟစ်တိုင်သတင်းစာကနေ သတင်းစာလောက စတင်ဝင်ရောက်ခဲ့တယ်။ ၁၉၃၉ ခုနှစ်မှစတင်ပြီး မြန်မာ့အလင်းသတင်းစာတိုက်မှာ သတင်းထောက်အဖြစ် တာဝန်ထမ်းရွက်ခဲ့တယ်။ ပင်လုံသမိုင်းတစ်လျှောက် ဗြိတိသျှနယ်ချဲ့သမားတွေရဲ့ အတွင်းရေး အရေးကြီးကိစ္စတွေနဲ့ ပတ်သက်တဲ့ သတင်းတွေ၊ အထောက်အထားတွေကို နယ်စပ်ဒေသအုပ်ချုပ်ရေး ဗြိတိသျှအစိုးရလက်ထဲက လျှို့ဝှက်ထားတဲ့ စာရွက်စာတမ်းတွေအရယူပြီး ဗိုလ်ချုပ်လက်ထဲအရောက် အချိန်မီပေးပို့နိုင်ခဲ့တဲ့သူ ဖြစ်တယ်။

ဗိုလ်ချုပ်အောင်ဆန်းတို့အနေနဲ့ ဗြိတိသျှတွေ ဘယ်လိုပဲ သွေးခွဲအုပ်ချုပ်ထားကြပေမယ့် တောင်တန်း၊ ပြည်မစည်းလုံးညီညွတ်ရေးရအောင် ကြိုးပမ်းဖော်ဆောင်ပြီး မြန်မာ့လွတ်လပ်ရေးအောင်ပွဲအတွက် အဓိကကျစေတဲ့ ပင်လုံစာချုပ်ချုပ်ဆိုနိုင်ခဲ့တဲ့ သမိုင်းတစ်လျှောက်မှာ ဦးစံအောင်ရဲ့ စွမ်းစွမ်းတမံကြိုးပမ်းမှုက အဓိကကျတယ်လို့ ပြောရမှာဖြစ်တယ်။

ထိုစဉ်က မြန်မာ့အလင်းသတင်းစာ တာဝန်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့တဲ့ သတင်းစာဆရာကြီး ဦးသန်းတင့်(စာရေးဆရာ ခူဝံ)က မြန်မာ့အလင်းသတင်းထောက်စံအောင်ရေးသားပြုစုသော “ညီညွတ်ရေးအရေးတော်ပုံ”(ပင်လုံအတွင်းရေး) စာအုပ်မှာ ရေးသားဖော်ပြခဲ့တဲ့ အမှာစာကို ကောက်နုတ်လို့အောက်မှာ ဖော်ပြလိုပါတယ်။

“လွတ်လပ်ရေးကြိုးပမ်းမှုတွင် အဓိကကျသည့် တိုင်းရင်းသားသွေးစည်းညီညွတ်မှုနှင့် ပတ်သက်၍ လွတ်လပ်ရေးဗိသုကာများဖြစ်ကြသော ဗိုလ်ချုပ်အောင်ဆန်းနှင့် အပေါင်းအပါများ မည်သို့မည်ပုံ ခက်ခဲနက်နဲစွာ ကြိုးပမ်းခဲ့ကြသည်ကိုလည်းကောင်း၊ ထိုစဉ်အခါက နယ်ချဲ့ဒလန်သူလျှိုများနှင့် အာဏာပိုင်များက တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲအောင် နည်းအမျိုးမျိုးတို့ဖြင့် သွေးခွဲခဲ့ပုံများကိုလည်းကောင်း၊ နယ်ချဲ့အင်္ဂလိပ်က မလွှဲမရှောင်သာသဖြင့် မြန်မာပြည်မကို လွတ်လပ်ရေးပေးရသည့်တိုင်အောင် တောင်တန်းဒေသများဖြစ်သော ရခိုင်တိုင်း၊ ချင်းတောင်၊ ကချင်ပြည်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်(ထိုစဉ်က ကရင်နီပြည်) နယ်ဒေသများကို မြင်းခွာပုံသဏ္ဍာန်ချန်လှပ်ထားပြီး ထိုဒေသများ၌ ဆက်လက်၍ ခြေကုပ်ယူအုပ်ချုပ်ထားရန် ကြိုးပမ်းခဲ့ပုံများကိုလည်းကောင်း၊ မြန်မာ့အလင်း သတင်းထောက် ဦးစံအောင်၏ ကိုယ်တွေ့သတင်းထောက်လှမ်းမှုများကို အခြေခံကာ အခန်းဆက်ဆောင်းပါးရှည်ကြီးအဖြစ်များကို ထောက်လှမ်းဖော်ထုတ်ခဲ့သော သတင်းထောက် ဦးစံအောင်မှာ အန္တရာယ်အမျိုးမျိုးနှင့် ရင်ဆိုင်ရပေသည်။ မြန်မာ့အလင်းသတင်းစာတိုက်ကိုပင်လျှင် နယ်ချဲ့အာဏာပိုင်များက ခြိမ်းခြောက်လာသည်အထိ အခက်အခဲ အကျပ်အတည်းများဖြင့် ရင်ဆိုင်ခဲ့ရလေသည်”ဟု သတင်းစာဆရာကြီး ဦးသန်းတင့်(ခူဝံ)က ဦးစံအောင်၏သမိုင်းတစ်စိတ်တစ်ပိုင်းကို ဖော်ပြသည်။

ဦးစံအောင်ကိုယ်တိုင် ရေးသားသောဖော်ပြချက်တွင် “ကျွန်တော်စံအောင် ဂျပန်ခေတ်၌ အာရှလူငယ်များအစည်းအရုံးဝင်ဖြစ်သည်။ ရှမ်းပြည်နယ်အာရှလူငယ်များအစည်းအရုံးဥက္ကဋ္ဌက ဦးတင်အေး၊ ယခင်က မော်၍ပင်မကြည့်ရဲခဲ့သော နယ်ရှင်စော်ဘွားများကို ပြောရဲဆိုရဲရှိလာကြသည်။ ဦးတင်အေးဦးဆောင်ပြီး အာရှလူငယ်များနှင့် စော်ဘွားများ တောင်ကြီးမြို့တွင် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ကြသည်။ ကမ္ဘာ့အရေး၊ မြန်မာ့အရေးကို ဆွေးနွေးကြသည်။ မကြာမီပေါ်ထွန်းလာတော့မည့် ပင်လုံစည်းဝေးပွဲကြီးအတွက် ရှေ့ပြေးပင်တည်း”။ ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခြင်းတွင် ညောင်ရွှေစော်ဘွားကြီး၊ မိုင်းပွန်စော်ဘွားကြီးနှင့် တောင်ပိုင်စော်ဘွားကြီးတို့သုံးဦးက အဓိကကျသော ပုဂ္ဂိုလ်ကြီးများဖြစ်ကြသည်။



**ဦးစံအောင်ဟာ ပင်လုံသမိုင်းတစ်လျှောက် ဗြိတိသျှနယ်ချဲ့သမားတွေရဲ့ အတွင်းရေး အရေးကြီးကိစ္စတွေနဲ့ပတ်သက်တဲ့ သတင်းတွေ၊ အထောက်အထားတွေကို နယ်စပ်ဒေသအုပ်ချုပ်ရေး ဗြိတိသျှအစိုးရလက်ထဲက လျှို့ဝှက်ထားတဲ့ စာရွက်စာတမ်းတွေအရယူပြီး ဗိုလ်ချုပ်လက်ထဲအရောက် အချိန်မီပေးပို့နိုင်ခဲ့တဲ့သူ ဖြစ်တယ်။**

မြန်မာ့အလင်းသတင်းစာ၌ ရေးသားဖော်ပြခဲ့ရာမှ စာတစ်စောင်ပေတစ်ဖွဲ့ပြုစုရိုက်နှိပ်ထုတ်ဝေ၍ ဝမ်းမြောက်ဝမ်းသာဖြစ်မိပေသည်။”

“ကျွန်ုပ်ကိုယ်တိုင် မြန်မာ့အလင်းသတင်းစာတွင် တာဝန်ခံအယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့စဉ်က ရှမ်းပြည်နယ်သတင်းထောက်အဖြစ် တာဝန်ထမ်းရွက်ခဲ့သော ဦးစံအောင်မှာ နယ်ချဲ့အာဏာပိုင်များ၏ ငြိုငြင်မှုအမျိုးမျိုးခံယူကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ကြိုးပမ်းမှုများကို စွန့်စွန့်စားစားသတင်းထောက်လှမ်းခဲ့ရပေသည်။

“တိုင်းရင်းသားသွေးစည်းညီညွတ်မှုပြိုကွဲစေရန် နည်းမျိုးစုံဖြင့် ဖြိုခွင်းခဲ့သော နယ်ချဲ့အာဏာပိုင်များနှင့် ကိုယ်စားလှယ်များ၏ ခြေလှမ်းများ၊ ၎င်းတို့၏ သွေးထိုးလှုံ့ဆော်မှုများ၊ ခြိမ်းခြောက်မှုများကို တိကျမှန်ကန်စွာ ဖော်ထုတ်နိုင်ခဲ့သဖြင့်လည်း နယ်ချဲ့တို့၏ ခြေလှမ်းများ တန့်သွားအောင် လုပ်ဆောင်နိုင်ခဲ့သော်လည်း ထိုသတင်း

ဦးညီပု (ယခုအငြိမ်းစား ရှမ်းပြည်နယ်အစိုးရအတွင်းဝန်)သည် ထိုအချိန်က ကော်မရှင်နာရုံး၊ ခရိုင်တရားရေးဌာန၏ ဌာနကြီးမှူးဖြစ်သည်။ ကျွန်တော်သည် တစ်ဖက်မှ မြန်မာ့အလင်းသတင်းစာတိုက်အတွက် သတင်းများရယူခြင်းပြုလျက် တစ်ဖက်မှ အင်္ဂလိပ်ကြီးများ၏ နယ်ခြားဒေသသီးခြားခွဲထွက်ရေးလုပ်ငန်းများ မည်သို့စက်ပုန်းခုတ်နေပုံသတင်းများကို ထောက်လှမ်းရယူပါသည်။ ဦးညီပုသည် စစ်အတွင်း ဂျပန်ခေတ်အာရှလူငယ်လှုပ်ရှားမှုများတွင် ပါဝင်ခဲ့သည်ကို အင်္ဂလိပ်ကြီးများက မသိကြချေ။ သူသည် ရှမ်းပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီး၏ အတွင်းလူအဖြစ် ကော်မရှင်နာရုံးတွင် ရောက်ရှိနေခြင်းဖြစ်သည်။

တစ်နေ့တွင် ကျွန်တော့်အား ၎င်းရုံးသို့ တနင်္လာနေ့တွင် မြန်မာ့အလင်းသတင်းစာနှစ်စောင်ယူလာရန်မှာကြားသဖြင့် သတင်းစာနှစ်စောင်ယူကာသွားပါသည်။



သတင်းထောက်ကြီး ဦးစံအောင်

“သတင်းကထူးတယ်၊ အရေးကြီးတယ်၊ စာတမ်းတစ်ခု မောင်ရင်ယူလာတဲ့ သတင်းစာထဲမှာ ညှပ်ပေးလိုက်မယ်။ အဖွဲ့ချုပ်မှာရှိတဲ့ ကိုထွန်းမြင့်ကလေး၊ ကိုတင်အေး၊ ကိုဘဇံ တစ်ယောက်ယောက်လက်ထဲ ရောက်အောင်ပို့ပါ။ ကြားလူ ဘယ်သူ့ကိုမှ လမ်းမှာမပြနဲ့၊ ညနေကျရင် ကိုယ်လာခဲ့မယ်။”

အဖွဲ့ချုပ်ရုံးရောက်သောအခါ ကိုဘဇံနှင့်တွေ့၍ လက်ထဲထည့်လိုက်ပြီးကြည့်ကြသောအခါ နယ်ခြားဒေသ ဗြိတိသျှအစိုးရက လျှို့ဝှက်ကြံစည်ရေးဆွဲထားသော “နယ်ခြားဒေသ သီးခြားခွဲထုတ်အုပ်ချုပ်ရေးဥပဒေစည်းမျဉ်း” (Schedule Area Administration Regulation) ဖြစ်နေသည်ကို တွေ့ရသည်။

၎င်းစည်းမျဉ်းဥပဒေမှာ ရခိုင်တိုင်း၊ ချင်းဝိသေသတိုင်း၊ ကချင်ပြည်၊ ရှမ်းပြည်နယ်နှင့် ကယားပြည် (ထိုစဉ်က ကရင်နီပြည်) မြန်မာပြည်ထိပ်ပိုင်း မြင်းခွာပုံသဏ္ဍာန်ရှိ နယ်စပ်ဒေသကို မြန်မာပြည်မနှင့် ခွဲလျက် ဗြိတိသျှလက်အောက်တွင် ချန်ထားအုပ်ချုပ်မည့် စီမံချက်ကြီးဖြစ်လေရာ မြန်မာနိုင်ငံလွတ်လပ်ရေးရယူသည့်အခါတွင် တောင်တန်း၊ ပြည်မ မခွဲခြားဘဲ တပေါင်းတစည်းတည်း စည်းလုံးညီညွတ်စွာရယူနိုင်ရန် ဖော်ဆောင်ကြိုးပမ်းနေကြသော ဗိုလ်ချုပ်အောင်ဆန်းတို့အတွက် ကဖျက်ယဖျက်နဲ့ နယ်ချဲ့လက်ချက်သပ်လျှိုသွေးခွဲလုပ်ကြံမှုကြီးဖြစ်၍ ဗိုလ်ချုပ်အောင်ဆန်းလက်ဝယ်အရောက် အမြန်ဆုံးပို့ဆောင်နိုင်ရန် လျှို့ဝှက်အစည်းအဝေးတစ်ရပ်ကို ကိုစံအောင်၏ နေအိမ်တွင် ညတွင်းချင်း ပြုလုပ်စီစဉ်ပြီးနောက်တစ်နေ့တွင် စိတ်အချရဆုံးပုဂ္ဂိုလ်ဖြစ်သူ ဦးဖေခင်နှင့် တွေ့ဆုံပြီး ၎င်း၏လက်သို့ ဦးတင်အေးကိုယ်တိုင် ပေးအပ်လိုက်တော့သည်။

ထို့နောက် ဤအင်္ဂလိပ်တို့ လျှို့ဝှက်ဥပဒေစာတမ်းနှင့်ပတ်သက်၍ ဦးတင်အေးနှင့် ကျွန်တော်တို့သည် မိုင်းပွန်စော်ဘွားအား ရှင်းလင်းတင်ပြပြီး ထိုမှ တောင်ပိုင်စော်ဘွားကြီးအား တင်ပြကြသည်။ စော်ဘွားများ မကျေမနပ်ဖြစ်လာကြရာမှ ဖဆပလ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးနိုင်ရန် ပထမပင်လုံအစည်းအဝေးကို ၁၉၄၆ ခုနှစ် မတ်လ ၂၀ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကျင်းပနိုင်ခဲ့ကြလေသည်။

ဤသည်တို့ကား သတင်းထောက်ကြီး ဦးစံအောင် ဖော်ဆောင်နိုင်ခဲ့သော မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုအောင်ပွဲမှ ပင်လုံညီလာခံ ဖြစ်မြောက်အောင်မြင်အောင် ဖော်ဆောင်ခဲ့သည့် တစ်ခန်းတစ်ကဏ္ဍကို ဖော်ပြရင်း၊ ကွယ်လွန်သူ သတင်းထောက်ကြီး ဦးစံအောင်အား လေးလေးစားစားဂုဏ်ပြုလိုက်ရပါသည်။

“သတင်းထောက်ကြီး ဦးစံအောင် ကောင်းရာသုဂတိလားရောက်ပါစေလို့”

# အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားလူမျိုးများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းလေ့လာခြင်းဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ




**နေပြည်တော် ဖေဖော်ဝါရီ ၂**

အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားလူမျိုးများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းပါ အကြောင်းအရာများ လေ့လာခြင်းဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ယခုနှစ်သည် ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားလူမျိုးများ အခွင့်အရေးကြေညာစာတမ်း(၁၀)နှစ်ပြည့်မြောက်သည့်နေ့ဖြစ်သကဲ့သို့ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် အရေးပါသော စာတမ်းတစ်ခုအား သဘောတူလက်မှတ်ရေးထိုးခဲ့သည်မှာလည်း (၁၀)နှစ်ပြည့်မြောက်သည့်နေ့လည်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ရိုးရာယဉ်ကျေးမှုများ၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး ဆက်နွယ်မှုရှိသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်ကြပြီး တိုင်းရင်းသားများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ကြရန်နှင့် သဟဇာတဖြစ်ရန်လည်း ကြိုးစားကြရမည် ဖြစ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေး ကြေညာစာတမ်းပါ အချက်အလက်များကို သိရှိနားလည်ခြင်းဖြင့် မိမိတို့၏ ငြိမ်းချမ်းပြီး ခွဲခြားချိုးနှိမ်မှုမရှိသော သဟဇာတဖြစ်သည့် လူမှုအသိုင်းအဝိုင်းကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း။

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားလူမျိုးများ တန်းတူအခွင့်အရေးရရှိနိုင်အောင် တိုင်းရင်းသားများ၏ အခွင့်အရေးကို ကာကွယ်မြှင့်တင်နိုင်ရန်နှင့် မတူညီခြားနားမှုများကို အချင်းချင်း လေးစားရန်ကို အလေးထားဆောင်ရွက်နေပါကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေ၏ အရေးကြီးသည့် ရည်မှန်းချက်တစ်ခုမှာ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားများ တန်းတူညီမျှမှုရရှိစေရန်ဖြစ်ပါကြောင်း။

တိုင်းရင်းသားလူမျိုးများ အခွင့်အရေးကာကွယ် မြှင့်တင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းဥပဒေများ ချမှတ်ရေးဆွဲခြင်းသည် မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားလူမျိုးများ အခွင့်အရေး ကြေညာစာတမ်းပါအချက်များ အကောင်အထည်ဖော် ဆောင်ရွက်နေချိန်နှင့် ကိုက်ညီနေပါကြောင်း ပြောကြားသည်။

ဆက်လက်၍ UN Resident Coordinator မှ Mr.Pablo Barrera က ယခုကဲ့သို့ အရေးကြီးသည့်ပွဲကို ကျင်းပခွင့်ရသည့်အတွက် အားလုံးကိုကျေးဇူးတင်ပါကြောင်း၊ ဌာနေတိုင်းရင်းသားများအနေဖြင့် ကမ္ဘာတစ်ဝန်း၌ ကမ္ဘာ့လူဦးရေ၏ ငါးရာခိုင်နှုန်းခန့်သာရှိပြီး အနည်းဆုံးလူဦးရေထဲတွင် ပါဝင်နေပါကြောင်း၊ ဌာနေတိုင်းရင်းသားများအပေါ် သက်ရောက်မှုရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မြေယာပိုင်နက်နယ်မြေ သဘာဝအရင်းအမြစ်များ ကွပ်ကဲထိန်းသိမ်းခြင်းဖြင့် ၎င်းတို့၏ အဆောက်အအုံများ၊ ယဉ်ကျေးမှုများ၊ ရိုးရာဓလေ့များ ထိန်းသိမ်းခြင်းနှင့် ပိုမိုအားကောင်းသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို လုပ်ဆောင်နိုင်ရန်၊ ဌာနေတိုင်းရင်းသားများ၏ ယဉ်ကျေးမှု၊ ဘာသာစကားအပါအဝင် အခြားသော အလေ့အထများ ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်ထိန်းသိမ်းနိုင်ရန် ရည်ရွယ်ပြီး ဌာနေတိုင်းရင်းသားလူမျိုးများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကြေညာစာတမ်းကို ၂၀၀၇ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါကြောင်း၊ ဤကြေညာစာတမ်းပါ ဌာနေတိုင်းရင်းသား လူမျိုးများ၏ အခွင့်အရေးများ အသိအမှတ်ပြုခြင်းဖြင့် တရားမျှတမှု၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးလေးစားခြင်း၊ ခွဲခြားဆက်ဆံမှုကင်းမဲ့ခြင်း၊ ကောင်းမွန်သော စိတ်ရင်းစေတနာ စသည့်မူများပေါ် အခြေခံပြုလုပ်သော နိုင်ငံတော်နှင့် ဌာနေတိုင်းရင်းသားလူမျိုးများအကြား သဟဇာတရှိမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဖြစ်သော ဆက်ဆံရေးများကို တိုးမြှင့်စေမည်ဟု မိမိတို့ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ချင်းလူ့အခွင့်အရေးအဖွဲ့မှ စီမံကိန်းဒါရိုက်တာ ဆလိုင်းဇအုပ်လိန်း၊ International Fund for Agricultural Development မှ ဌာနေကိုယ်စားလှယ် ဦးအောင်လှိုင်နှင့် UN Permanent Forum on Indigenous Issues မှ Vice Chair ဖြစ်သူ Mr. Raja Devasish Roy တို့က အမှာစကားပြောကြားကြသည်။

အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားလူမျိုးများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းပါ အကြောင်းအရာများ လေ့လာခြင်းဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ပညာရှင်များက ကြေညာစာတမ်းပါ အချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြရာ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးကြသည်။ အဆိုပါ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၉)ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်(၄/၂၀၁၇ )
၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက် )

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၉)ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၉)ဦးတို့ကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး ၁၈-၁-၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၃/၂၀၁၆)တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၉)ဦးတို့အား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

**ကယားပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၆၇၂၄<br>ဗိုလ်မှူး မင်းသူ | (အစား) | ကြည်း၂၂၀၀၀<br>ဗိုလ်မှူးကြီး မြင့်ဝေ |

**စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၂) | ကြည်း ၃၆၀၀၁<br>ဗိုလ်ကြီး ဝင်းမင်းအောင် | (အစား) | ကြည်း ၄၆၃၁၂<br>ဗိုလ်ကြီး သက်ဇော်လင်း |
| (၃) | ကြည်း ၃၆၀၁၀<br>ဗိုလ်ကြီး ခန့်ဟိန်း | (အစား) | ကြည်း ၅၀၁၇၂<br>ဗိုလ်ကြီး ရန်မျိုးအောင် |

**တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၄) | ကြည်း ၄၃၂၅၉<br>ဗိုလ်ကြီး သက်နိုင်စိုး | (အစား) | ကြည်း ၂၆၉၃၄<br>ဗိုလ်မှူးကြီး ကျော်ဇေယျ |

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၅) | လေ ၃၀၈၈<br>ဗိုလ်မှူး ရန်နိုင်စန်း | (အစား) | လေ ၂၈၅၅<br>ဗိုလ်မှူး ကျော်သူရ |

**ရခိုင်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၆) | ကြည်း ၃၀၈၆၀<br>ဒုတိယဗိုလ်မှူးကြီး မင်းဦး | (အစား) | ကြည်း ၃၀၄၃၁<br>ဒုတိယဗိုလ်မှူးကြီး<br>မြတ်မင်းထွေး |

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၇) | ကြည်း ၃၆၂၅၈<br>ဗိုလ်မှူး စံသာနေအောင် | (အစား) | ကြည်း ၃၆၄၇၄<br>ဗိုလ်မှူး ကိုကိုလတ် |

**ရှမ်းပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၈) | ကြည်း ၃၅၆၉၉<br>ဗိုလ်ကြီး အောင်ကျော်မြင့်ဝင်း | (အစား) | ကြည်း ၄၇၆၉၀<br>ဗိုလ်ကြီး အောင်သက်ဦး |
| (၉) | ကြည်း ၅၁၄၇၇<br>ဗိုလ်ကြီး မြတ်မင်းအောင် | (အစား) | ကြည်း ၁၉၃၁၅<br>ဗိုလ်မှူးကြီး မင်းမင်းလွင် |

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# မြောက်ဦးမြို့၌ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**မြောက်ဦး ဖေဖော်ဝါရီ ၂**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့အတွင်းရှိ လက်ကောက်စျေးရပ်ကွက် ကန်ချေစုရပ်တွင် မီးလောင်မှုကြောင့် နေအိမ်များပျက်စီးဆုံးရှုံး၍ လက်ကောက်စျေး ဘုန်းတော်ကြီးကျောင်းတိုက်ဓမ္မာရုံအတွင်း ယာယီနေထိုင်လျက်ရှိသော မီးဘေးသင့်ဒုက္ခသည်မိသားစုဝင်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းကို ဖေဖော်ဝါရီ ၁ ရက်က ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် မီးလောင်ဆုံးရှုံးမှုကြောင့် အိုးအိမ်များပျက်စီးခဲ့ရသော မီးဘေးသင့်ပြည်သူများအတွက် မြောက်ဦးမြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မီးလောင်မှုကြောင့် မီးဘေးသင့်ဒုက္ခသည်အိမ်ထောင်စု တစ်စုလျှင် ပလတ်စတစ်မိုးကာ သုံးခု၊ ကြိုးခွေခြောက်ခွေ၊ သောက်ရေဘူး တစ်ဘူးတို့အား မီးဘေးသင့်အိမ်ထောင်စု ၁၄ စုအတွက် ပလတ်စတစ်မိုးကာစ ၄၂ ချပ်၊ ကြိုးခွေ ၈၄ ခွေနှင့် ရေဘူး ၁၄ ဘူးတို့ကို မြို့နယ်ကျေးလက်ဦးစီးမှူး ဦးနိုင်လင်းထွန်းနှင့် လက်ကောက်စျေးရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်ကျော်ညွန့်တို့က မီးဘေးသင့်ပြည်သူများထံ ပေးအပ်ခဲ့သည်။ ဆက်လက်၍ ထောက်ပံ့ပစ္စည်းများ ကူညီဆောင်ရွက်ပေးသော မြို့နယ်ကျေးလက်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် လက်ကောက်စျေးရပ်ကွက်အုပ်ချုပ်ရေးမှူးတို့အား မီးဘေးသင့်ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။



**(ခရိုင်ပြန်/ဆက်)**

# ကောလိယ ဘိုးဘွားရိပ်သာဆောက်လုပ်ရန် ဆိုင်းဘုတ်ထူပွဲနှင့် မြေသန့်မင်္ဂလာပြုလုပ်

**ဒိုက်ဦး ဖေဖော်ဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်တွင် ဇန်နဝါရီလ နောက်ဆုံးပတ်က အလှူရှင်များဖြစ်သော ဦးငွေ(၆)ရပ်ကွက် (၃)လမ်းနှင့် ဦးသိန်းထွန်း (၆)ရပ်ကွက် ဆည်မြောင်းလမ်းနေသူတို့ လှူဒါန်းသော ဒိုက်ဦးနှင့် ကျွန်းကုန်းကျေးရွာ ဆက်သွယ်ရေးလမ်းဘေးရှိ အကျယ် ပေ ၈၀၊ အရှည် ၄၇၅ ပေရှိ မြေကွက်ပေါ်တွင် ကောလိယ ဘိုးဘွားရိပ်သာဆောက်လုပ်ရန်အတွက် ဆိုင်းဘုတ်တင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပခဲ့ပြီး ညနေပိုင်းတွင် ဒိုက်ဦးမြို့ပေါ်ရှိ ဩဝါဒါစရိယ ဆရာတော်များက မြေသန့်မင်္ဂလာပြုလုပ်ပေးသည်။

အဆိုပါ ဘိုးဘွားရိပ်သာအား ဒိုက်ဦးမြို့ပေါ်ရှိ ဩဝါဒါစရိယဆရာတော်များ၏ ဩဝါဒကိုခံယူ၍ ဆောက်လုပ်မည်ဖြစ်ပြီး ဘိုးဘွားရိပ်သာ၌ ဓမ္မာရုံ၊ ထမင်းစားဆောင်၊ ထမင်းချက်ဆောင်၊ ဝန်ထမ်းအိမ်ရာနှင့် ရေသန့်စက်များပါ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇမ္ဗူရတနာ ဆရာတော် ဦးပညာဝံသက မိန့်ကြားသည်။

**ကျော်ကျော်(IPRD)**


# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟားဗတ်ဒ်တက္ကသိုလ် အုပ်ချုပ်မှုပညာဆိုင်ရာ ကနေဒီကျောင်း၊ အက်ရှ်စင်တာနှင့် မြန်မာနိုင်ငံအခြေစိုက် ပရော်စီမီတီဒီဗိုင်းအဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် Mr. Thomas J. Vallely ဦးဆောင်သည့် ဟားဗတ်ဒ်တက္ကသိုလ် အုပ်ချုပ်မှုပညာဆိုင်ရာ ကနေဒီကျောင်း၊ အက်ရှ်စင်တာနှင့် မြန်မာနိုင်ငံအခြေစိုက် ပရော်စီမီတီဒီဗိုင်းအဖွဲ့အား ယနေ့ညနေ ၃ နာရီခွဲတွင် ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းပြည်တည်ငြိမ်အေးချမ်းရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန် တပ်မတော်အနေဖြင့် ဥပဒေနှင့်အညီ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

Mr. Thomas J. Vallely က မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်သည့် သဘောထားအမြင်များ၊ အင်ဒိုနီးရှားနိုင်ငံတွင် OIC အစည်းအဝေး ပြုလုပ်ခဲ့မှုအခြေအနေများ၊ မြန်မာနိုင်ငံအနောက်ပိုင်း ရခိုင်ပြည်နယ်အရေးကိစ္စများအပေါ် နိုင်ငံတကာနှင့်ယှဉ်၍ လေ့လာသုံးသပ်ချက်များကို ဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**



# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မှူဝေခြင်းအစီအစဉ်ဖြင့် စီမံဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**
စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့နယ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားချက်အရ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ဇန်နဝါရီ နောက်ဆုံးပတ်တွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသသို့ ကွင်းဆင်းလေ့လာညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့သည်။ ဒေသတွင်း လက်ရှိစိုက်ပျိုးမှုပုံစံမှာ သမားရိုးကျ စိုက်ပျိုးမှုပုံစံဖြစ်သည့်အပြင် စိုက်ပျိုးမြေ ဧရိယာနည်းပါးပြီး ပုံမှန်မိုးရွာသွန်းမှုကိုသာ အမှီပြုနေရသဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးမှု နိမ့်ကျလျက်ရှိသောကြောင့် စိုက်ပျိုးမြေများ တိုးချဲ့ဖော်ထုတ်ပြီး ရေရရှိရေးလုပ်ငန်းများ ဆက်စပ်ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် စိုက်ပျိုးရေအတွက် သေချာရေရာမှုရှိပြီး ပြည့်စုံလုံလောက်စွာရရှိစေနိုင်မည် ဖြစ်သည့်အတွက် ဒေသ၏လယ်ယာကဏ္ဍနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ထို့ကြောင့် စိုက်ပျိုးမြေဖော်ထုတ်ရန် မြေနေရာများရှိသော လဟယ်မြို့နယ်အတွင်းရှိ ဂဟုံးကျေးရွာ အုပ်စု စံပြကျေးရွာ၊ အံ့ပေါ်ကျေးရွာအုပ်စုရှိ အံ့ပေါ်ကျေးရွာနှင့် တိုက်ရံကျေးရွာတို့တွင် စိုက်ပျိုးမြေဖော်ထုတ်ခြင်း လုပ်ငန်းများနှင့် စိုက်ပျိုးရေရရှိရေးအတွက် ရေသွင်းရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အဆိုပါလုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စက်ယန္တရားများ ကူညီကာ မှူဝေခြင်းအစီအစဉ်မှ စက်သုံးဆီဖိုးများကျခံ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့အပြင် ဒေသနေပြည်သူများ အသုံးပြုနိုင်ရန်အတွက် ကျပ် ၃၆၅ သိန်း တန်ဖိုးရှိ ထွန်စက်အသစ်တစ်စီးကိုလည်း မှူဝေခြင်းအစီအစဉ်က ပေးပို့လှူဒါန်းပြီးဖြစ်သည်။ စံပြကျေးရွာတွင် လယ်ယာမြေဖော်ထုတ်ခြင်း လုပ်ငန်းများကို ဇန်နဝါရီ ၁၄ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ စိုက်ပျိုးမြေ ၁၅ ဧကခန့် ဖော်ထုတ်ပြီးစီးနေပြီဖြစ်ပြီး ကျန်ရှိနေသော လယ်ယာမြေဖော်ထုတ်ခြင်း လုပ်ငန်းများနှင့် စိုက်ပျိုးရေရရှိရေးအတွက် ရေသွင်းရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး ဆက်လက်စီမံဆောင်ရွက်လျက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





# ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်ကို ဖူးမြော်ကြည်ညို

**ရန်ကုန် ဖေဖော်ဝါရီ ၂**
ရန်ကုန်မြို့တွင်ရောက်ရှိနေသည့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Dr.Somkid Jatusripitak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေ ၅ နာရီခွဲတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင်လက်မှတ်ရေးထိုးသည်။

ထို့နောက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီးအမွှေးနံ့သာများ ဆက်ကပ်လှူဒါန်းပြီး အလှူငွေများပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော်ကို လှည့်လည်ဖူးမြော်ကြည်ညိုသည်။

**(သတင်းစဉ်)**

# စစ်တွေမြို့တွင် နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း

**စစ်တွေ ဖေဖော်ဝါရီ ၂**
ရခိုင်ပြည်နယ် စစ်တွေမြို့တွင် နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့ အခမ်းအနားနှင့် အထိမ်းအမှတ်ပြခန်းများ၊ ပျော်ပွဲရွှင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၉နာရီက ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပရေးဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပနိုင်ရေးအတွက် လုပ်ငန်းဆပ်ကော်မတီများက အသီးသီး ဆွေးနွေးကြသည်။ အထိမ်းအမှတ်ပြခန်းများကို ခိုင်သဇင်ပန်းခြံ၌ ကျင်းပသွားမည်ဖြစ်ပြီး အားကစားပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၁ ရက်မှ စတင်ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲများတွင် စာစီစာကုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပွဲ၊ တင်းနစ်ပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ပြီး ဆုရရှိသူများအား ဆုများချီးမြှင့်သွားမည်ဖြစ်ကာ ကလေးများအတွက် ပျော်ပွဲရွှင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



**( ပြည်နယ်ပြန်/ဆက်)**

○

**ပင်လုံစိတ်ထား . . . အစဉ်နှီးကြား**
**ကြိုးစားဆောင်ရွက် . . . တိုင်းပြည်အတွက်**

### ❐ မြန်မာ့လက်ရွေးစင်အသင်းမှ

အသင်းများမဟုတ်ဘဲ ရံဖန်ရံခါသာ တွေ့ဆုံဖူးသောကြောင့် သတိထားယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် အိန္ဒိယအသင်းနှင့် ၂၀၁၃ ခုနှစ်၊ ကာဂျစ္စတန်အသင်းနှင့် ၂၀၁၄ ခုနှစ်က နောက်ဆုံးတွေ့ဆုံခဲ့ပြီး ယင်းနောက်ပိုင်းတွင် တွေ့ဆုံခြင်းမရှိပေ။

မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလားနောက်ဆုံးအဆင့်သို့တစ်ကြိမ်သာ ယှဉ်ပြိုင်ဖူးပြီး ၁၉၆၈ ခုနှစ် နောက်ပိုင်းယှဉ်ပြိုင်ခွင့်မရတော့ပေ။ အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၀၇ ပြိုင်ပွဲမှစ၍ အာရှဖလားပြိုင်ပွဲဝင်ခွင့်ကို AFC Challenge Cup ပြိုင်ပွဲနှင့် ချိတ်ဆက်ခဲ့သောကြောင့် မြန်မာအသင်းအနေဖြင့် ပြိုင်ပွဲယှဉ်ပြိုင်ခွင့်ရရန် ပိုမိုခက်ခဲခဲ့ပြီး ၂၀၁၅ ပြိုင်ပွဲပြီးမှ ယင်းစနစ်ကို ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလား ခြေစစ်ပွဲ အုပ်စုပွဲတစ်ပွဲစီ မကစားမီအချိန်တိုင်း နိုင်ငံတကာ ခြေစမ်းပွဲတစ်ပွဲစီ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ၂၀၁၇ ခုနှစ်တွင် ပထမဆုံးပွဲအဖြစ် မတ် ၂၂ ရက်တွင် ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။

အရှေ့တောင်အာရှနိုင်ငံများတွင် ဗိုလ်လုပွဲတက်ရောက်ဖူးသည့် တစ်သင်းတည်းသောအသင်းဖြစ်သည့် မြန်မာအသင်းသည် အာရှဖလားပြိုင်ပွဲတွင် တစ်ကျော့ပြန် ယှဉ်ပြိုင်ခွင့်ရရန်ကြိုးပမ်းလျက်ရှိသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

## ပြည်တွင်းရေးရာ

✪ရန်ကုန်မှ
**ဦးဇော်မင်း**
**ဒုတိယညွှန်ကြားရေးမှူးချုပ် ( စီမံခန့်ခွဲရေး )**
**သစ်တောဦးစီးဌာန**

**မေး။ ။ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ အခုရက်ပိုင်း တရားမဝင်သစ်တွေ ဆက်တိုက်သိမ်းဆည်းရမိနေတာ တွေ့ရပါတယ်။ အဲဒီအပေါ် ဘယ်လိုများ သုံးသပ်ပါသလဲ။**

ဖြေ။ ။သစ်တောဦးစီးဌာနအနေနဲ့ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ကြိုးဝိုင်းကြိုးပြင် သစ်တောတွေကို ထိန်းသိမ်းကာကွယ်ပြီး တရားမဝင် ခိုးထုတ်တာတွေကို သစ်တောကြိုးဝိုင်းတွေ၊ လမ်းကြောင်းတွေနဲ့ ဆက်စပ်နယ်မြေတွေမှာ ရှာဖွေသိမ်းဆည်းတာတွေ လုပ်ရပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း တရားမဝင်သစ် သိမ်းဆည်းရရှိမှုအနေနဲ့ စုစုပေါင်း ကျွန်း၊ သစ်မာနဲ့ အခြားအပါအဝင် ၂၀၁၇ ဇန်နဝါရီလကုန်အထိ စုစုပေါင်း ၄၀၅၆၈ တန် သိမ်းဆည်းရမိခဲ့ပြီး ဖြစ်ပါတယ်။ ဆယ်စုနှစ်အနေနဲ့ စာရင်းများအရ ကြည့်ရင် အခုသိမ်းဆည်းမိတာဟာ ဒုတိယအများဆုံး ဖြစ်ပါတယ်။ အများဆုံးသိမ်းဆည်းမိတဲ့ ၂၀၁၄ -၂၀၁၅ ခုနှစ် စာရင်းဆိုရင် ၄၁၁၂၇ တန် ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ် သိမ်းဆည်းရမိတဲ့ အနေအထားကိုကြည့်မယ်ဆိုရင် ကျွန်းက နည်းတယ်၊ သစ်မာက တန် ၉၇၀၀၊ ပိတောက်က ၅၂၀၀ ကျော်၊ တမလန်းက တန် ၁၀၀၀ ကျော် သိမ်းဆည်းရမိပါတယ်။ ပိတောက်က တန်ငါးထောင် ကျော် သိမ်းဆည်းမိတာ ကြည့်မယ်ဆိုရင် ပိတောက်ရဲ့ တရားမဝင် လုပ်ကိုင် ဆောင်ရွက်မှုက ပမာဏကြီးမားတာကို တွေ့ရတယ်။ ပိတောက်က အကျိုးအမြတ်များတာကြောင့် ပြည်ပဈေးကွက်က ပိတောက်ကိုတောင်းဆိုမှုများလာတာတွေ့ရတယ်။ လေး၊ ငါး၊ ခြောက်လအတွင်းမှာ ပိတောက်သိမ်းဆည်းရမိမှုကို သစ်တောဦးစီးဌာနအနေနဲ့ နေရာအလိုက်၊ လမ်းကြောင်းအလိုက် သုံးသပ်ကြည့်မယ်ဆိုရင် ရန်ကုန်ကို ဦးတည်လာတာ များတယ်။ အရင်ကဆိုရင် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးနယ်မြေ၊ ကချင်ပြည်နယ်တို့ဘက်ကို ဦးတည်တာများတယ်။ ပိတောက်က မြန်မာနိုင်ငံမှာ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ သုံးတာနည်းတယ်။ ပြည်ပနိုင်ငံတွေမှာတော့ တန်ဖိုးလည်းကြီးတယ်၊ ရှားပါးပစ္စည်းလည်းဖြစ်တယ်။ တန်ဖိုးကြီး ပစ္စည်းအနေနဲ့ ထုတ်လုပ်သုံးစွဲနေတာဖြစ်တယ်။ ဒီသစ်တွေက ရန်ကုန်ကို ဦးတည်ပြီး ရောက်လာတယ်ဆိုတော့ တရားမဝင်ထွက်လို့ရတဲ့ လမ်းကြောင်းတစ်ခုခု ရှိတာကြောင့် ဖြစ်နိုင်တယ်။ အဲဒီလမ်းကြောင်းကို အသုံးပြုပြီး ပြည်ပကို ခိုးထုတ်တယ်လို့ ကျွန်တော်အကြမ်းဖျင်း သုံးသပ်တယ်။

သိမ်းဆည်းရမိရေးအတွက် အထူးလျှို့ဝှက် သတင်းထောက်လှမ်းပြီး သတင်းတည်ဆောက်တယ်။ တရားမဝင်သစ်ခိုးထုတ်တဲ့သူတွေကို အဆုံးစွန်နေရာကိုစပြီး ဖော်ထုတ်မိမှသာ ရှင်းရှင်းလင်းလင်းသိရမှာ ဖြစ်ပါတယ်။ အဲလို အဆုံးစွန်ထိ ဖော်ထုတ်နိုင်အောင် အချိန်စောင့်ရတယ်။ ပထမဆုံးစပြီးသိမ်းဆည်းမိတာက ဇန်နဝါရီ ၂၄ ရက် မတိုင်ခင်က ရန်ကုန်မြို့ အလုံမြို့နယ် MIP ဆိပ်ကမ်းဝင်းထဲမှာ တရားမဝင်သစ်တွေထည့်ထားတဲ့ ကုန်သေတ္တာ နှစ်လုံး ရောက်နေတယ်လို့ သတင်းရပြီးနောက် ဒါတွေကို ဖော်ထုတ်သိမ်းဆည်းဖို့ သက်ဆိုင်ရာဌာနတွေနဲ့ ညှိနှိုင်းတယ်။ သူတို့တွေရဲ့ ရှေ့မှာပဲ ဖွင့်ဖောက်စစ်ဆေးတဲ့အခါ ကျွန်း ၃၃ တန်ကျော် အပြည့်ထည့်ထားတာ သိမ်းဆည်းမိတယ်။ ဒါတင်မကနိုင်ဘူး ဆိပ်ကမ်းထဲကို ဘယ်လိုဝင်လာသလဲ သတင်းကွင်းဆက် လိုက်တဲ့အခါ ဇန်နဝါရီ ၂၆ ရက်မှာ ကုန်သေတ္တာ ၁၁ လုံးအတွင်းမှာ ပိတောက်စကွဲယားတုံးထုကြီးတွေ တန် ၁၆၀ ကျော် သိမ်းဆည်းမိပါတယ်။ ဒီသစ်တွေကို ဘယ်နေရာမှာ စုပုံတယ်ဆိုတဲ့ ကွင်းဆက်ကို ဆက်လိုက်တဲ့အခါ ဇန်နဝါရီ ၂၈ ရက်က အမှတ် (၄၁၀)ဘီ စကားဝါလမ်း ပုလဲမြို့သစ် မင်္ဂလာဒုံခြံဝင်းထဲမှာရှိတဲ့ ကုန်သေတ္တာ ၂၄ လုံးမှာ ၁၀ လုံးက တရားမဝင် ပိတောက်ခွဲသားတွေ အပြည့်ထည့်ထားတာတွေ့ရတယ်။ နောက်ကုန်သေတ္တာ ခြောက်လုံးက သင်္ဘောတင်တဲ့ Line Seal နဲ့ အကောက်ခွန်တံဆိပ်တွေပါပြီး ပိတောက်ခွဲသားတွေ ထည့်ထားတာတွေ့ ရတယ်။ ဒါကိုတော့ စိစစ်ဆဲဖြစ်ပါတယ်။ နောက် ကုန်သေတ္တာရှစ်လုံးကတော့ ဘာမှမရှိဘူး ၊ အလွတ်ပဲ။ နောက်ပြီး အပြင်မှာ ပိတောက်၊တမလန်းသားတွေ ပုံထားတာတွေ့ရတယ်။ အဲဒီမှာ ဖမ်းမိတာ ကုန်သေတ္တာ ၁၆ လုံး၊ မြေပြင်မှာ ပုံထားတာ အပါအဝင် တရားမဝင်ပိတောက် ၃၇၅ တန်၊ တမလန်း တန် ၂၀ သိမ်းဆည်းရမိတယ်။ ဒါ့အပြင် ကွင်းဆက်ကို ဆက်လိုက်တဲ့အခါ ဇန်နဝါရီ ၃၁ ရက်က ၁၆/ ၆၄ ဦးထွန်းညိုလမ်း ရွှေပြည်သာစက်မှုဇုန် (၃) ရဲ့ ခြံဝင်းထဲမှာ ပိတောက်တန် ၂၅၀၊ တမလန်း သုံးတန်တွေ့ရှိတယ်။ တမလန်းသုံးတန်က အမှတ်အသားပါတဲ့အတွက် စိစစ်နေဆဲဖြစ်ပါတယ်။ အဲဒီကတစ်ဆင့်


ဦးဇော်မင်း ဒုတိယညွှန်ကြားရေးမှူးချုပ် ( စီမံခန့်ခွဲရေး ) သစ်တောဦးစီးဌာန

ဖေဖော်ဝါရီ ၁ ရက်မှာ လှိုင်သာယာ မွေးမြူရေးဇုန် အမှတ် (၉၆) ရွှေရင်အေးကျောင်းလမ်းရှိ ခြံဝင်းထဲမှာ ပိတောက်တန် ၃၀၊ ကျွန်း နှစ်တန်၊ ကုက္ကို နှစ်တန် သိမ်းဆည်းမိခဲ့ပါတယ်။ အားလုံး စုစုပေါင်းဆိုရင် တန် ၈၈၀ ကျော် သိမ်းဆည်းမိခဲ့ပါတယ်။

စီးပွားရေးမြို့တော် ရန်ကုန်မှာ ရှုပ်ထွေးမှုမဖြစ်အောင်၊ တရားဥပဒေနဲ့အညီဖြစ်အောင် သေချာစုံစမ်းထောက်လှမ်းပြီး ပိုင်နိုင်မှသာ သက်ဆိုင်ရာ တရားသူကြီးဆီက ရှာဖွေဝရမ်းတောင်းရတယ်၊ သက်ဆိုင်ရာနယ်မြေအုပ်ချုပ်ရေးမှူးတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ရတယ်။ လျှို့ဝှက်စုံစမ်းထောက်လှမ်းတာကတော့ သစ်တောဦးစီးဌာနကပဲ ဆောင်ရွက်တာပါ။ ဖြစ်စဉ်တွေကို ဆက်စပ်ကြည့်ရင် ဖမ်းမိတဲ့ခြံပိုင်ရှင်၊ လုပ်ငန်းရှင်တွေကို ကိုက်ညီတဲ့ဥပဒေနဲ့တရားစွဲတယ်။ ပိတောက်ဆိုတဲ့တရားမဝင်သစ်ဆိုရင် ပုဒ်မ ၄၂/ခ နဲ့ တရားစွဲတယ်။ စုံစမ်းသိရှိရသလောက် ခြံတွေကိုတစ်ဆင့်ငှားထားတဲ့ တရားမဝင်သစ်ဆောင်ရွက်တဲ့သူတွေရဲ့အမည်ကိုလည်း ရထားပြီးတာကြောင့် တရားစွဲထားပြီး တရားဥပဒေနဲ့အညီ ဆောင်ရွက်ဖို့လုပ်နေပါတယ်။

အခုကိစ္စမှာ နောက်ကွယ်က စုပေါင်းပါဝင်ပြီး ဂိုဏ်းအသွင် ဆောင်ရွက်နေတာတွေလည်း ရှိနေတယ်။ နောက်ထပ်သတင်းအဆက်ရရှိရေးအတွက်လည်း ဆောင်ရွက်နေပါတယ်။ သစ်တောဦးစီးဌာနက တစ်နိုင်ငံလုံး ကြိုးဝိုင်းကြိုးပြင် ကာကွယ်တောတွေ၊ သစ်တောဖုံးလွှမ်းတဲ့နေရာတွေမှာ တရားမဝင်သစ်ထုတ်လုပ်တာတွေ မရှိအောင် ကျွန်တော်တို့မှာတာဝန်ရှိပါတယ်။ သိမ်းဆည်းရမိရေးကိုလည်း အားသွန်ခွန်စိုက် ဆောင်ရွက်တဲ့အတွက်ကြောင့် ဆယ်စုနှစ်မှာ ဒုတိယအများဆုံး သိမ်းဆည်းမိတဲ့ အနေအထား ရောက်ရှိခဲ့ပါတယ်။

**မေး။ ။ သစ်တောဦးစီးဌာနအနေနဲ့ တရားမဝင်သစ်တွေ သိမ်းဆည်းရာမှာ အခက်အခဲတွေ၊ ကန့်သတ်ချက်တွေ ရှိရင်လည်း ရှင်းပြပေးပါ။**

ဖြေ။ ။ကျွန်တော်တို့အတွက် ကန့်သတ်ချက်ဖြစ်နေတာက သစ်တရားမဝင်လုပ်တဲ့သူတွေ အသုံးပြုတဲ့ လိုင်စင်မဲ့ ကားတွေ၊ လက်ကိုင် စက်လွှတွေရဲ့ သက်ရောက်မှုတွေပဲဖြစ်ပါတယ်။ လိုင်စင်မဲ့ကားတွေနဲ့ တရားမဝင်သစ်တွေကို သယ်လာပြီးဖမ်းဆီးပြီဆိုရင် ကားကိုထားပြီး ထွက်ပြေးကြတယ်။ ကားရဲ့တန်ဖိုးက လိုင်စင်မဲ့ဆိုတော့ သစ်လောက်တန်ဖိုးမရှိဘူး။ လက်ကိုင်စက်လွှတွေဆိုရင်လည်း သစ်ပင်တစ်ပင်ကို အချိန်တိုအတွင်း လှဲဖြတ်နိုင်ပြီး သစ်ခွဲသားများရတဲ့အထိ ဖြတ်တောက်နိုင်တယ်။ အရင်ကဆိုရင်တော့ သစ်ပင်ကို အချိန်ယူပြီး ခုတ်လှဲရတယ်။ သစ်ခွဲသားရဖို့လည်း သစ်စက်ကို သွားရတယ်။ ဒါကြောင့် လိုင်စင်မဲ့ကားတွေနဲ့ ၊လက်ကိုင်စက်လွှတွေက တရားမဝင်သစ်ထုတ်တဲ့သူတွေအတွက် အားသာချက်တွေဖြစ်နေပြီး ကျွန်တော်တို့အတွက်ကတော့ ကန့်သတ်ချက်တစ်ခု ဖြစ်နေတယ်။ ဒါ့အပြင် ကျွန်တော်တို့အနေနဲ့ လာသမျှ ကားတိုင်းကိုလည်း ကုန်စည်စီးဆင်းမှု နှောင့်နှေးမှာစိုးလို့ စစ်ဆေးဖို့ခက်ခဲတာတွေရှိတယ်။ တရားမဝင်သစ်တွေ သယ်ဆောင်ရာမှာလည်း ကားအတွင်းထဲမှာ ဝရိန်နဲ့ ပိတ်ပြီး ထည့်သွင်းသယ်ဆောင်တာတွေလည်းရှိတယ်။ လူနာတင်ယာဉ်အသွင်မျိုးတွေ၊ ကုန်စည်တွေကို အပေါ်က ဖုံးပြီး အောက်က တရားမဝင်သစ်တွေ သယ်ဆောင်တာမျိုးတွေလည်းရှိတဲ့အတွက် ဒါတွေက အခက်အခဲဖြစ်ရတယ်။

ဒါပေမယ့် နိုင်ငံရဲ့ သစ်တောထွက်ပစ္စည်းတွေကို ကြိုတင်ကာကွယ်တားဆီးမှုအနေနဲ့ ပြည်ပကိုတရားဝင်တင်ပို့မယ်ဆိုရင် လုပ်ထုံးလုပ်နည်းတွေ၊ စည်းမျဉ်း၊ စည်းကမ်းတွေ အတိအကျ ချမှတ်ပြီး၊ အဖွဲ့အစည်းတွေဖွဲ့ပြီး စိစစ်တယ်။ သစ်တောဦးစီးဌာနက တရားမဝင်သစ်ထွက်တဲ့နေရာတွေကို အင်နဲ့အားနဲ့ သိမ်းဆည်းဆောင်ရွက်နေပါတယ်။ ရန်ကုန်ကိုဝင်တဲ့ လမ်းကြောင်းဆိုရင် အမြန်လမ်း၊ ရန်ကုန်- မန္တလေးလမ်း၊ ပြည်ဘက်က လမ်းဟောင်း၊ တိုင်းဒေသကြီး/ခရိုင်တွေက သတင်းရအောင် စုံစမ်းပြီး ဖိဖိစီးစီး သိမ်းဆည်းမိဖို့ကို ဆောင်ရွက်နေတယ်။ သစ်တောတွေရှိတဲ့ တောတောင်တွေကို ကာကွယ်ဖို့ ပီပီ ပြင်ပြင် ဆောင်ရွက်နေပါတယ်။ အခုလို သိမ်းဆည်းမိတာက မကောင်းဘူးလားဆိုတော့ ကောင်းပါတယ်။ သိမ်းဆည်းမိပေမယ့် အဲဒီသစ်ပင်က တောထဲမှာ သစ်ပင်အဖြစ် မရှိတော့ဘဲနဲ့ ဆုံးရှုံးသွားခဲ့ပါပြီ။


**မေး။ ။သစ်တောသယံဇာတ ထိန်းသိမ်းရေးအတွက် ပြည်သူလူထုအပါအဝင် အားလုံးကပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ သစ်တောဦးစီးဌာနအနေနဲ့ ဘယ်လိုဆောင်ရွက်နေပါသလဲ။**

ဖြေ။ ။သစ်တောဦးစီးဌာနရဲ့ ဦးတည်ချက်ကတော့ ကြိုးဝိုင်းကြိုးပြင် သစ်ကောင်းရှိတဲ့နေရာတွေကို ကာကွယ်ထိန်းသိမ်းဖို့ အစီအမံတွေ လုပ်နေပါတယ်။ ကာကွယ်တဲ့အပိုင်း၊ သိမ်းဆည်းရမိတဲ့အပိုင်းတွေကိုလည်း ဘက်ညီအောင် ဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံရဲ့ သစ်တောပြုန်းတီးမှုနှုန်းက ကမ္ဘာမှာ အပေါ်ပိုင်းအဆင့် ရောက်နေပါတယ်။ လက်ရှိမှာ အစီအမံတွေ ချမှတ်ပြီး ကျွန်းသစ်ထွက်ရှိတဲ့ မူရင်းဒေသဖြစ်တဲ့ ပဲခူးရိုးမကို သစ်ထုတ်လုပ်မှု ဆယ်နှစ် ရပ်လိုက်တယ်။ ပြန်လည်ပြုစုပျိုးထောင်ပြီး ဆက်ထိန်းပါမယ်၊ စိုက်ခင်းတွေလုပ်ပြီး သစ်တောဖုံးလွှမ်းမှု ပိုကောင်းအောင် ဆောင်ရွက်မယ်။ မြန်မာ့သစ်တော ပြန်လည်ပြုစု ပျိုးထောင်ရေး ဆယ်နှစ်စီမံကိန်းကို ရေးဆွဲပြီးပါပြီ။ နိုင်ငံတော်အစိုးရကလည်း ခွင့်ပြုပြီးပါပြီ။ နိုင်ငံတော် ဘတ်ဂျက်နဲ့လည်း စတင်နေပါပြီ။ ကျွန်တော်တို့ရဲ့ မူဝါဒ ခြောက်ချက်ထဲမှာ ပြည်သူလူထုပူးပေါင်းပါဝင်မှုက အဓိကအချက်အနေနဲ့ ပါဝင်ပါတယ်။ ကြိုးဝိုင်း ကြိုးပြင် သစ်တောတွေကို သစ်တောဝန်ထမ်းတွေက လက်ချင်းချိတ်ပြီး ပိတ်ထားလို့ မရပါဘူး။ အုတ်နံရံ ခြံစည်းရိုးပိတ်ထားလို့ မရဘူး။ ကျွန်တော်တို့ သစ်တောဝန်ထမ်းအင်အားနဲ့ နိုင်ငံတော်ရဲ့ကျယ်ပြန့်တဲ့ သစ်တောတွေကို ကာကွယ်လို့ မရဘူး။ အဓိက အရေးကြီးဆုံးက ပြည်သူလူထုက သတင်းပေးမယ်၊ ပူးပေါင်းပါဝင်ဆောင်ရွက်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ သယံဇာတတွေ ထိန်းသိမ်းမှုက ပြည်သူကထိထိရောက်ရောက် ပူးပေါင်းပါဝင်လေ နိုင်ငံတော်အတွက် အကျိုးများလေ။ သားစဉ်မြေးဆက်အထိ ဒီသစ်တောသဘာဝသယံဇာတကြီးကို ဆက်လက်လွှဲပြောင်းပေးနိုင်သွားမှာဖြစ်ပါတယ်။ သစ်တောတွေ ပျက်စီးမှုကြောင့် ရာသီဥတုပြောင်းလဲမှုက ကမ္ဘာနဲ့အဝှမ်းဖြစ်ပေါ်နေတဲ့အတွက် သစ်တောတွေ ပျက်စီးလေလေ၊ အတန်းအစားတွေ ကျဆင်းလေလေ၊ သဘာဝဘေးဒဏ်ကို ခံနိုင်ရည်နည်းလေဖြစ်ပါတယ်။ ဒါကြောင့် သစ်တောဦးစီးဌာနတိုးချဲ့ ပညာပေးရေးဌာနက တစ်နိုင်ငံလုံးကို နေရာဒေသအလိုက် သစ်တောကြိုးဝိုင်းကြိုးပြင်တွေကိုကာကွယ်ဖို့၊ မထိန်းသိမ်းနိုင်ရင် ဒေသခံပြည်သူလူထုအပေါ် ဆိုးရွားတဲ့ အကျိုးဆက်တွေ ဖြစ်လာနိုင်တယ်။ ရေရှည်မှာ ပိုပြီးဆိုးမယ်။ ထိန်းသိမ်းနိုင်မှ အကျိုးအမြတ်ရမယ်ဆိုတာကို ပညာပေးရေးတွေ ဆက်တိုက်ဆောင်ရွက်နေပါတယ်။

**ဆက်လက်ဖော်ပြပါမည် »**


MIP ဆိပ်ကမ်းဝင်းအတွင်းရှိ ကွန်တိန်နာများအား စစ်ဆေးနေစဉ်။

တွေ့ဆုံမေးမြန်း - ခင်မောင်ထွေး၊ ဝင်းဝင်းမော်၊ နန္ဒာဝင်း
ဓာတ်ပုံ - ဝင်းနန္ဒာ






# ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာလုပ်ငန်းစီမံကိန်း(၂၀၁၇) ရေးဆွဲအတည်ပြုရေးအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ILO တို့ ပူးပေါင်းကျင်းပသော Labour Migration Stakeholders အစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော် သင်္ဂဟ ဟိုတယ်၌ ကျင်းပရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ILO/ IOM တို့နှင့်ပူးပေါင်း၍ ရွှေ့ပြောင်းသွားလာမှု ထောက်ပံ့ကူညီရေး ဗဟိုဌာနများ(Migrant Resources Center-MRC)ကို မြို့နယ်အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် ဖွင့်လှစ်ခဲ့ပါကြောင်း၊ အဆိုပါ MRC ရုံးများဖွံ့ဖြိုးတိုးတက်ပြီး ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ILO / IOM တို့မှလည်း ဝိုင်းဝန်းကူညီပြီးအလုပ်သမား ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ Baseline Survey အတွက်လည်း အချင်းချင်းပူးပေါင်းဆောင်ရွက်စေလိုပြီး ဆောင်ရွက်ပြီးစီးမှုများကိုလည်း ပြန်လည်မျှဝေပေးစေလိုကြောင်း။

ယနေ့ကမ္ဘာတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးသည် အရေးပါသောကြောင့် မိမိတို့နိုင်ငံအနေဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူလူထု၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချနိုင်ရေးတို့အတွက် အလုပ်လုပ်နိုင်သည့် အရွယ်ရောက်သူတိုင်း အလုပ်အကိုင်ရရှိရေး၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများနှင့်အညီ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်ဆိုင်ရာ မူဝါဒများကို ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျွမ်းကျင်မှုရှိပြီး စည်းကမ်းပြည့်ဝသော လုပ်သားထုဖြစ်ပေါ်လာရေး၊ ရေရှည်တည်မြဲသော အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ အလုပ်သမားအရင်းအမြစ်များနှင့် သင့်တော်ကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများကို စနစ်တကျ စီမံခန့်ခွဲနိုင်ရေးတို့အတွက် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ ရွှေ့ပြောင်းအလုပ်သမားရေးရာကိစ္စရပ်များအပေါ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏လက်ရှိကူညီပံ့ပိုးမှုများကို အလေးထားပါကြောင်းနှင့် မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံတို့တွင် ရောက်ရှိအလုပ်လုပ်ကိုင်နေကြသော မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်နိုင်ရေး အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ အကူအညီများကို ဆက်လက်ပြီး ထိထိရောက်ရောက် ပံ့ပိုးပေးသွားမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ခွာနာလျှာနာရောဂါဖြစ်ပွားမှု ကာကွယ်ထိန်းချုပ်နိုင်ရေးနှင့် ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် လက်ထုတ္တောကျေးရွာတွင် ဇန်နဝါရီ ၁၇ ရက်၌ အသက်(၅-၈)နှစ်အရွယ်ရှိ နွားနှစ်ကောင်နှင့် ဇန်နဝါရီ ၁၈ ရက်တွင် မြင်းမူမြို့နယ် ကုလားပျံကျေးရွာအုပ်စု ဦးနှောင်းကုန်းကျေးရွာရှိ နွား ၁၀ ကောင်တို့တွင် သံသယဖြစ်ဖွယ် ခွာနာလျှာနာရောဂါဖြစ်ပွားလျက်ရှိကြောင်း သိရှိရသည့်အတွက် ဇန်နဝါရီ ၁၉ ရက်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာမြင့်မြင့်ဌေး၊ နယ်မြေခံ တိရစ္ဆာန်ဆေးကုဆရာဝန်များနှင့် မြင်းမူဓာတ်ခွဲခန်းတာဝန်ခံတို့ ပူးပေါင်း၍ ရောဂါဖြစ်ပွားသည့် ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သော ဆေးကုသမှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၅ ရက်တွင် လက်ထုတ္တောကျေးရွာရှိ နွားနှစ်ကောင်၊ ဦးနှောင်းကုန်းကျေးရွာရှိ နွား ၁၀ ကောင်အနက် ခုနစ်ကောင်မှာ သက်သာပျောက်ကင်းပြီး ကျန်နွားသုံးကောင်မှာလည်း ကျန်းမာရေးတိုးတက်ကောင်းမွန်လျက်ရှိသည်။

ထို့အတူ ဇန်နဝါရီ ၁၉ ရက်တွင် မုံရွာခရိုင် ဘုတလင်မြို့နယ် ညောင်ကန်ကျေးရွာရှိ နွား ကိုးကောင်တွင်လည်း သံသယဖြစ်ဖွယ် ခွာနာလျှာနာရောဂါ ထပ်မံဖြစ်ပွားလျက်ရှိကြောင်း သိရှိရသဖြင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သော ဆေးကုသမှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၂ ရက်တွင် ရောဂါဖြစ် နွားကိုးကောင်အနက် ခုနစ်ကောင်မှာ သက်သာပျောက်ကင်းပြီး ကျန်နွားနှစ်ကောင်မှာလည်း ကျန်းမာရေးတိုးတက်ကောင်းမွန်လျက်ရှိသည်။

သံသယဖြစ်ဖွယ် ခွာနာလျှာနာရောဂါဖြစ်ပွားမှုအနေဖြင့် စတင်ဖြစ်ပွားရာ ကျေးရွာများတွင်သာ ဖြစ်ပွားခဲ့ပြီး နီးစပ်ရာပတ်ဝန်းကျင်ကျေးရွာများသို့ ရောဂါကူးစက်မှုများမရှိခဲ့ကြောင်း၊ ရောဂါကူးစက်ပြန့်ပွားမှုများမရှိစေရေးအတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခွာနာလျှာနာဌာနစိတ်မှ အခမဲ့ထုတ်ပေးသော ကာကွယ်ဆေးအဆ (၃၄၂၅)ကို ဇန်နဝါရီ ၂၆ ရက်မှ ၃၁ ရက်အထိ ရောဂါဖြစ်ပွားခဲ့သည့် ကျေးရွာများကို ဗဟိုပြု၍ ကျေးရွာပေါင်း ၁၆ ရွာတွင် ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး စောင့်ကြည့်ကြပ်မတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂-၂-၂၀၁၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၀)ပါ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသည့် ဇန်နဝါရီ ၂၄ ရက်မှ ဇန်နဝါရီ ၃၁ ရက်အထိ ထွက်ရှိသော စာအုပ်စာရင်းအမှတ်စဉ် (၃၅)တွင် ပါရှိသည့် စာရေးသူအမည်အား ခင်လှိုင်ကြိုင် (အစား) ခင်လှိုင်ကြူ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းကစုစည်းတင်ပြသော ဇန်နဝါရီ ၂၄ ရက်မှ ဇန်နဝါရီ ၃၁ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

**(ယမန်နေ့မှအဆက်)**

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၄၃ | ပါမောက္ခဒေါက်တာထွန်းလင်း (ဘုတလင်) | သင့်လက္ခဏာကပြောသော သင့်အတွက် ကံကောင်းခြင်းများ | ၂၅၀၀ိ/- | မျိုးဆက်သစ်စာပေ |
| ၄၄ | တက္ကသိုလ်တင်ခ | မြန်မာဇာတိမာန် အဘိဓာန် | ၃၅၀၀ိ/- | ဂုဏ်ထူးစာပေ |
| ၄၅ | ပါမောက္ခဒေါက်တာထွန်းလင်း (ဘုတလင်) | သင့်လက္ခဏာကပြောသော သင်၏အောင်မြင်ထင်ပေါ်ကျော်ကြားသူများ | ၂၅၀၀ိ/- | မျိုးဆက်သစ်စာပေ |
| ၄၆ | ပါမောက္ခဒေါက်တာထွန်းလင်း (ဘုတလင်) | သင့်လက္ခဏာကပြောသော သင့်အချစ်ရေး | ၂၅၀၀ိ/- | မျိုးဆက်သစ်စာပေ |
| ၄၇ | ပါမောက္ခဒေါက်တာထွန်းလင်း (ဘုတလင်) | သင့်လက္ခဏာကပြောသော သင့်ကျန်းမာရေး | ၂၅၀၀ိ/- | မျိုးဆက်သစ်စာပေ |
| ၄၈ | ဆရာဦးမိုးမြင့်(B.SC) | ကလေးများအတွက်အင်္ဂလိပ်စကားပြော | ၁၅၀၀ိ/- | မျိုးမြန်မာစာပေ |
| ၄၉ | ဝင်းလှိုင်ဦး | ဝိမုတ္တိလွင်ပြင်သို့စေလိုရာစေ | ၁၂၀၀ိ/- | ယဉ်မျိုးစာပေ |
| ၅၀ | မြင့်ထွန်း CBA(Chinese) | ဂျပန်စာခန်းကြီးရေးနည်း၊ ဖတ်နည်းစာလုံး(၁၅၀) | ၁၅၀၀ိ/- | ယဉ်မျိုးစာပေ |
| ၅၁ | ချယ်ရီကို(ဘာသာပြန်) | ၂၁ ရက်တည်းနဲ့ ကိုယ့်အမျိုးသားကို အပိုးကျိုးအောင်သင်နည်း | ၂၅၀၀ိ/- | ခြူးခြူးစာပေ |
| ၅၂ | ရဲထွဋ် | ပင်လုံဆိုသည်မှာနှင့် Right to Recall | ၂၅၀၀ိ/- | ခြူးခြူးစာပေ |
| ၅၃ | | လောကနီတိ မင်္ဂလသုတ်(မြန်မာပြန်) | ၂၀၀ိ/- | ပြည့်ဝပျော်ရွှင်စာပေ |
| ၅၄ | | မြတ်ဗုဒ္ဓ၏ သိမှတ်လိုက်နာဖွယ် တရားအစု | ၂၀၀ိ/- | ပြည့်ဝပျော်ရွှင်စာပေ |
| ၅၅ | ဝင်းသူ(နန်းတော်ရှေ့) | ရင်တွင်းခံစား သီကုံးကဗျာများ | ၃၅၀၀ိ/- | ပြည့်ဝပျော်ရွှင်စာပေ |
| ၅၆ | ကလောင်စုံ | အမှာ(ကဗျာ) | ၁၀၀၀ိ/- | မြန်မာ့ခြေရာစာပေ |
| ၅၇ | လှိုင်ဦး(တောင်တွင်းကြီး) | အလိမ္မာပုံပြင်များ သူ့ကျေးဇူး | ၅၀၀ိ/- | ရင်ငြိမ်းစာပေ |
| ၅၈ | ဖိဝကမဂ္ဂဇင်းအယ်ဒီတာအဖွဲ့ | ပြည်တွင်းမှာအသုံးပြုနေတဲ့ ၂၀၁၇ ဆေးဝါး လမ်းညွှန် | ၈၀၀၀ိ/- | ရတနာသိုက်စာပေ |
| ၅၉ | စည်သူကျော် | တော်လှန်မှုများထဲက မြန်မာပြည် | ၁၀၀၀၀ိ/- | ရန်ကုန်လမ်းများစာပေ |
| ၆၀ | ရန်အောင် | ဂြိုဟ်မွှေတဲ့ရွှေနှင့် အခြားဝတ္ထုဆောင်းပါးများ | ၁၅၀၀ိ/- | ရန်အောင်စာပေ |
| ၆၁ | ကလောင်စုံ | လီလီပန်းများရဲ့နောက်ကွယ်မှာနှစ်ခြိုက်ဖွယ်စာစုများ | ၂၀၀၀ိ/- | ရွက်စိမ်းစာပေ |
| ၆၂ | မောင်ဝင်းနိုင်(ငါ့သရောက်) | မဟော်သဓာ အမရာဒေဝီ | ၅၀၀ိ/- | ရွက်စိမ်းစာပေ |
| ၆၃ | သုခိန်(ဗုဒ္ဓတက္ကသိုလ်) | တွေးရင်းတွေးနေရမယ့် အိပ်ရာဝင် အတွေးများ | ၁၅၀၀ိ/- | ရွက်စိမ်းစာပေ |
| ၆၄ | ကိုကြီးဆွေ | ၂၁ ရာစုမြန်မာတို့၏ ကြယ်နှစ်ပွင့် | ၂၀၀၀ိ/- | ရှင်မတောင်စာပေ |
| ၆၅ | မင်းဆက်ပိုင် | မြင်လည်းလွမ်း မမြင်လည်းလွမ်း | ၂၀၀၀ိ/- | ရသစာပေ |
| ၆၆ | စိန်စိန် | လွမ်းသစ္စာတိုင် | ၃၀၀၀ိ/- | ရာပြည့်စာပေ |
| ၆၇ | လင်းယုန်နီ | မချော | ၂၅၀၀ိ/- | ရာပြည့်စာပေ |
| ၆၈ | စောနိုင်ဦး | ပြင်သစ်ရဟန်းတော် အရှင်ဓမ္မသာမိနှင့် တွေ့ဆုံခြင်းနှင့် ညွှ့်လမ်းညွှန်တစ်ဦး၏ လောကဇာတ်ခုံဆောင်းပါးများ | ၂၅၀၀ိ/- | လင်းလွန်းခင်စာပေ |
| ၆၉ | ရဲသျှမ်း | ကြယ်များကိုငေးကြည့်ခြင်း(ဝတ္ထုတိုခံစားမှုများ) | ၂၅၀၀ိ/- | လင်းလွန်းခင်စာပေ |
| ၇၀ | ဘိက္ခုယောသက(သန္တိသုခ) မြတ်ဘုန်းကျော် | ဘဝပြိုင်ပွဲဆင်နွဲရာဝယ် | ၂၅၀၀ိ/- | သင်းစာပေ |
| ၇၁ | ပန်ဆယ်လို | အဖွတ္တ ကောက်ကြောင်း | ၄၀၀၀ိ/- | သင်းစာပေ |
| ၇၂ | ဒေါက်တာထွန်းဝင်း | NGO တွင် လုပ်ကိုင်လိုသူများအတွက် စီမံကိန်းသံသရာ စီမံခန့်ခွဲခြင်း | ၂၀၀၀ိ/- | သရဖီထွန်းဝင်းစာပေ |
| ၇၃ | ဒေါက်တာထွန်းဝင်း | လုပ်ရည်ကိုင်ရည် အကဲဖြတ်ခြင်း လုပ်ရည်ကိုင်ရည်စီမံခန့်ခွဲခြင်း အလုပ်တန်ဖိုးဖြတ်ခြင်း HR | ၂၄၀၀ိ/- | သရဖီထွန်းဝင်းစာပေ |
| ၇၄ | မြမြလှိုင် | ဆေးဖက်ဝင်တာမေ့ဟင်းလျာ | ၃၀၀၀ိ/- | ဟိန်းထက်စာပေ |
| ၇၅ | ရဲမြလွင်(မြန်မာပြန်) | ခွပ်ဒေါင်းဇကရီ သို့မဟုတ် ဒေါ်အောင်ဆန်းစုကြည်၏ ဘဝခရီး | ၇၅၀၀ိ/- | အိပ်မက်အသစ်စာပေ |
| ၇၆ | ဦးကျော်ဆန်းလင်း | အောင်ကောင်းစုံ မြန်မာအမည်များ စာလုံးပေါင်းနည်းနှင့် အဘိဓာန်ဖတ်နည်း | ၅၀၀ိ/- | ဇကရီစံစာပေ |
| ၇၈ | နေမျိုး | အဖေနဲ့တူလို့ စကားပြောအတိုများ | ၂၀၀၀ိ/- | ကျော်မွှေး |
| ၇၉ | ဇော်တင် | မြန်မာပြည်က ROCK သူပုန်များ | ၂၀၀၀ိ/- | ကျော်မွှေးစာပေ |
| ၈၀ | စစ်ငြိမ်း | ချစ်သော Emily ကဗျာနှင့် အက်ဆေးအချို့ | ၁၅၀၀ိ/- | ကျော်မွှေးစာပေ |
| ၈၁ | မြသန်းစံ | Facebook ပေါ်က ဓမ္မရသ စာစုများ | ၃၀၀၀ိ/- | ငွေသော်တာစာပေ |
| ၈၂ | ရွှေကံကော် | ဂုဏ်ထူးရှင်များ၏ ဂုဏ်ထူးရစာစီစာကုံးများ Essay & Letters (အောင်ပွဲဝင်လမ်းညွှန်) | ၂၀၀၀ိ/- | ရွှေကံကော်စာပေ |
| ၈၃ | ပါမောက္ခစာစစ်မှူးချုပ်(ငြိမ်း)များ | တက္ကသိုလ်ဝင်တန်း အနီးကပ်လေ့ကျင့်ရန် မေးခွန်း(၃) စုံ ဝိပ္ပံတွဲ | ၃၆၀၀ိ/- | ရွှေကံကော်စာပေ |
| ၈၄ | ပါမောက္ခစာစစ်မှူးချုပ်(ငြိမ်း)များ | တက္ကသိုလ်ဝင်တန်း အနီးကပ်လေ့ကျင့်ရန် မေးခွန်း(၃) စုံ သိပ္ပံတွဲ | ၃၆၀၀ိ/- | ရွှေကံကော်စာပေ |
| ၈၅ | စိုးရဲထက်(အောင်ပန်း) | ဟိတ် ယတြာများ(ဒုတိယတွဲ) | ၅၀၀၀ိ/- | ရွှေလက်ရာစာပေ |
| ၈၆ | ကြူးနစ် | ဘိုးဘွားတို့အမွေ လေလွင့်ချိန် | | လောကသရဖူစာပေ |
| ၈၇ | အိန္ဒြာ | ကဗျာက အမျိုးသမီး တစ်ယောက်ကိုရေးတယ် | ၁၅၀၀ိ/- | နှင်းဆီဖြူစာပေ |
| ၈၈ | စစ်နိုင် | ကြယ်တွေဆီ ရေးတဲ့စာ | ၂၀၀၀ိ/- | နှင်းဆီဖြူစာပေ |
| ၈၉ | သစ္စာနီ | ကဗျာပေါင်းချုပ် | ၅၀၀၀ိ/- | နှင်းဆီဖြူစာပေ |
| ၉၀ | ဇော်ဇော်ထွန်း၊ ကျော်ဇောခိုင် | တစ်ဦးချင်းစီ ဘဝကသာ (ကဗျာ၊ နိုင်ငံရေးနှင့် အတွေးအခေါ်) | ၄၀၀၀ိ/- | နှင်းဆီဖြူစာပေ |
| ၉၁ | မျိုးသန့် | ခေတ်ပေါ်ကဗျာနှင့် စိမ်းစိုသော လမ်းကလေး | ၄၀၀၀ိ/- | နှစ်ကာလများစာပေ |
| ၉၂ | မြသန်းတင့် | သုခမြို့တော် | ၅၀၀၀ိ/- | နှစ်ကာလများစာပေ |
| ၉၃ | ကလောင်စုံ | မြန်မာ့ရေးရာ အမှတ် ၂ ဇန်နဝါရီလ ၂၀၁၇ | ၃၀၀၀ိ/- | |
| ၉၄ | ကိုရဲသွေး( MSA) | MSA မှဆရာများကိုယ်တိုင် ရေးသားပြုစုသော BASIC ဟုဆိုရာဝယ် | ၁၂၀၀ိ/- | |
| ၉၅ | ဗန်းမော်တင်အောင် | ဝတ္ထုတိုများ ပေါင်းချုပ်-၃ | ၃၃၀၀ိ/- | စိတ်ကူးချိုချို |
| ၉၆ | ပန်းချီဦးစိန် | စုံထောက်ဦးစံရှားရုပ်ပြဇာတ်လမ်းများ | ၃၀၀၀ိ/- | ရုပ်ပြောင် |

# မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၂

**မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ ဗဟိုကော်မတီဝင် နိုင်ဝင်းထွန်း(ခ)နိုင်မြဝင်းက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဖေဖော်ဝါရီ ၂ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



မွန်ဒေသအတွင်းရှိ တိုင်းရင်းသားပြည်သူများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရကျင်းပမည့် အထွေထွေရွေးကောက်ပွဲများ၌ မွန်ကို ကိုယ်စားပြုသည့် ပါတီတစ်ခုရှိသင့်ကြောင်း၊ ရှိလျှင်လည်း ပါတီတစ်ခုတည်းသာရှိသင့်ကြောင်း မွန်ဆရာတော်များနှင့် မွန်ပြည်သူတို့၏ ဆန္ဒသဘောထားနှင့်အညီ ၂၀၁၀ ခုနှစ် ဧပြီလ ၇ ရက်နေ့တွင် ပါတီကို စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပါတယ်။

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ၏ နိုင်ငံရေးမူဝါဒ၊ သဘောထားကို တင်ပြသွားပါမယ်။

၁။ ပြည်သူတစ်ရပ်လုံး ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအပြည့်အဝရရှိလာရန်၊
၂။ တန်းတူရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပေါ် အခြေခံသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်ရန်၊
၃။ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ထွန်းပေါ်ပေါက်လာစေရန်၊
၄။ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းတည်တံ့ခိုင်မြဲစေရန်၊
၅။ အဂတိလိုက်စားမှုနှင့်အကျင့်ပျက်ခြစားမှုများကို တိုက်ဖျက်သွားရန်၊
၆။ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်သွားရန်၊
၇။ ငြိမ်းချမ်းသော ကမ္ဘာ့လူနေမှုစနစ် ထွန်းကားလာရေးဆောင်ရွက်သွားရန်တို့ဖြစ်ပါသည်။

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီသည် ဒီမိုကရေစီကျင့်စဉ်အရ ကျင်းပသော လွတ်လပ်ပြီး တရားမျှတမှုရှိသည့် ရွေးကောက်ပွဲမှတစ်ဆင့် မွန်ပြည်သူများကို ကိုယ်စားပြုရန်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၀၊ ၂၀၁၂၊ ၂၀၁၅ရွေးကောက်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတွင်လည်း ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

၂၀၁၅ အထွေထွေရွေးကောက်ပွဲအပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အနိုင်ရရှိကာ အစိုးရဖွဲ့ခဲ့ပါတယ်။ ယခင်အစိုးရလက်ထက်မှစတင်ပြီး ဆောင်ရွက်ခဲ့သော အပစ်အခတ်ရပ်စဲရေး၊ နိုင်ငံရေးဆွေးနွေးပွဲများကို လက်ရှိအစိုးရက ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ ၁၉၄၈ခုနှစ်ကတည်းက စတင်ခဲ့သော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခသည် ယခုအချိန်အထိ ပြီးဆုံးခြင်းမရှိသေးဘဲ ဆက်လက်ဖြစ်ပွားလျက် ရှိနေပါတယ်။ နှစ်ပေါင်း(၆၉) နှစ်ကြာ တာရှည်စွာဖြစ်ပွားနေသော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခသည် လူ့အသက်ပေါင်းများစွာ၊ စည်းစိမ်ဥစ္စာများစွာဆုံးရှုံးခဲ့ရပြီး လူ့သိက္ခာ၊ အထူးသဖြင့် အမျိုးသမီးများ၊ ကလေးသူငယ်များ၏ ဂုဏ်သိက္ခာများသည်လည်း များစွာထိခိုက်ဆုံးရှုံးခဲ့ရသည်ကို ပြည်သူများအားလုံးအသိပင်ဖြစ်ပါတယ်။

အဆိုပါဒုက္ခ၊ သောကများ ကင်းဝေးရေးအတွက် တစ်ခုတည်းသော လမ်းစဉ်သည် ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးကို ဆက်လက်ထိန်းသိမ်းသွားရေးပင်ဖြစ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေး၊ ထာဝရငြိမ်းချမ်းရေးများကို တည်ဆောက်သွားနိုင်ရေးသည် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ဖြစ်ရခြင်းအရင်းအမြစ်ကို ဖြေရှင်းခြင်းသည်သာ တစ်ခုတည်းသော နည်းလမ်းပင်ဖြစ်ပါတယ်။ အဆိုပါ နည်းလမ်းသည်ကား တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲခြင်း၊ အပစ်အခတ်ရပ်စဲရေးကနေ ထာဝရငြိမ်းချမ်းရေးအတွက် နိုင်ငံရေးယဉ်ကျေးမှုအသစ်ဖြစ်သည့် နိုင်ငံရေးဆွေးနွေးပွဲဖြင့်သာ အဖြေရှာသွားရန်ဖြစ်ပါတယ်။

တိုင်းရင်းသားမျိုးနွယ်စုများအကြား၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား တန်းတူမှုမရှိခြင်း၊ ရသင့်ရထိုက်သည့် လူမျိုးစုအခွင့်အရေး၊ ဒေသအခွင့်အရေးများမရှိခြင်း၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်မရှိခြင်း၊ မျိုးနွယ်စုတို့၏ အမျိုးသားကြွန်အင်လက္ခဏာထိန်းသိမ်းဖော်ထုတ်ခွင့် ဆုံးရှုံးနေခြင်း၊ သဘာဝသယံဇာတအပေါ် အကျိုးအမြတ်ခံစားခွင့် မတူညီခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အခွင့်အရေးမရှိခြင်း၊ တူညီသော အချုပ်အခြာအာဏာများ ကင်းမဲ့နေခြင်း၊ မဟာလူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းသော လူမျိုးအမြင်ဝါဒများ ကြီးစိုးနေခြင်းတို့သည် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားရခြင်းအကြောင်းအရင်းများပင် ဖြစ်ပါတယ်။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကို နှစ်ပေါင်း ၇၀ နီးပါး လက်နက်ဖြင့် ဖြေရှင်းခဲ့ကြသော်လည်း ပြီးဆုံးမှုပန်းတိုင်နှင့် အလှမ်းဝေးနေဆဲဖြစ်ပါတယ်။

လက်ရှိဆောင်ရွက်နေသော တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသည်လည်း အားလုံးပါဝင်မှုအနေအထားသို့ ရောက်ရှိမှုမရှိသေးခြင်း၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို စုံစုံညီညီကျင်းပနိုင်ခြင်း မရှိသေးခြင်းများကြောင့် ငြိမ်းချမ်းရေး၊ ထာဝရငြိမ်းချမ်းရေးသည် အလှမ်းဝေးနေဆဲဟု ဆိုရမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေး၊ ထာဝရငြိမ်းချမ်းရေးများ အလှမ်းဝေးနေခြင်းသည် တိုင်းရင်းသားလူမျိုးစုများနှင့် နိုင်ငံတော်က မျှော်လင့်နေသည့် တန်းတူညီမျှမှုကို အာမခံနိုင်မည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်သွားရန် အလှမ်းဝေးနေဦးမှာ ဖြစ်ပါတယ်။ အဆိုပါ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန် အလှမ်းဝေးနေခြင်းသည် ငြိမ်းချမ်းရေး၊ ထာဝရငြိမ်းချမ်းရေးနှင့် အလှမ်းဝေးနေဦးမှာဖြစ်ပါတယ်။

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီသည် ငြိမ်းချမ်းရေး၊ ထာဝရငြိမ်းချမ်းရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် အခြားတိုင်းရင်းသား၊ လူမျိုးစုအဖွဲ့အစည်းများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကျွန်ုပ်တို့နိုင်ငံသည် ရှေးပဝေသဏီကတည်းက လူမျိုးပေါင်းစုံ စုပေါင်းနေထိုင်သည့် နိုင်ငံဖြစ်သည့်အားလျော်စွာ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီသည် ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာ၌ တစ်ဖက်မှ ဝိုင်းဝန်းကြိုးပမ်းရင်း မွန်ဒေသလူထုများ၊ မွန်လူမျိုးများနှင့် အခြားတိုင်းရင်းသားများ လိုလားနေသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရေး၊ ပြည်နယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရေး၊ အမျိုးသားလွှတ်တော်



တွင် အရေအတွက်တူညီသော ပြည်နယ်များမှ ဒေသခံဌာနေတိုင်းရင်းသားပါတီကိုယ်စားလှယ် စေလွှတ်ရေး၊ အမျိုးသားလွှတ်တော်ကို လူမျိုးစုနှင့် ပြည်နယ်များ၏ကိစ္စရပ်များအတွက် ဥပဒေပြုခွင့် ပိုမိုရရှိရေး၊ ပြည်နယ်ဒေသခံ ဌာနေတိုင်းရင်းသားပါတီများမှ ကိုယ်စားလှယ်များအနက် ပြည်နယ်ကိုယ်စားလှယ်များဆန္ဒအရ ရွေးချယ်သော ဝန်ကြီးချုပ်ဦးစီးသည့် ပြည်နယ်အစိုးရဖွဲ့စည်းရေး၊ အမျိုးသားရေး၊ လူမျိုးစုနှင့်သက်ဆိုင်သည့် ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုများကို ဥပဒေဘောင်အတွင်း လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့် အပြည့်အဝရရှိရေး၊ အဓိက တိုင်းရင်းသားလူမျိုးစုများ၏ ဘာသာစကား၊ စာပေကို သက်ဆိုင်ရာဒေသအတွင်း ရုံးသုံးဘာသာစကားနှင့် စာပေအဖြစ် အသုံးပြုခွင့်ရရှိရေးများကို ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မွန်ပြည်နယ်တွင် မွန်စာကို ကျောင်းချိန်အတွင်းသင်ကြားသည့် ဘာသာရပ်တစ်ခုအဖြစ် သတ်မှတ်ရေးစသည့် တိုင်းရင်းသားအခွင့်အရေးများ တန်းတူရရှိရေးကို အခြေခံဥပဒေအရ ပြဋ္ဌာန်းပေးရေးတို့ကိုလည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီသည် ငြိမ်းချမ်းရေး၊ ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး တန်းတူညီမျှမှုကို အာမခံနိုင်မည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရန်အတွက်လည်း ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ အနာဂတ်တွင် ပေါ်ထွန်းလာမည့် ပြည်ထောင်စုသည် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုဖြစ်ရေး၊ သက်ဆိုင်ရာပြည်နယ်တိုင်းတွင် လူမျိုးစုတို့၏ ကြွန်အင်လက္ခဏာ အပြည့်အဝရှိသည့် ပြည်နယ်များ ဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ကတိပြုရင်း -

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ ချောင်းဆုံမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းဖြစ်သူ ကျွန်တော့်အား ထောက်ခံပေးကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

တိုင်းရင်းသားပြည်သူအပေါင်း ကာယသုခ၊ စိတ္တသုခ နှစ်ဖြာချမ်းသာသောအကျိုးတရားတွေနဲ့ ပြည့်စုံနိုင်ပါစေကြောင်း ဆုမွန်ကောင်းပြုလိုက်ပါတယ်။

# မောင်တောမြို့၌ ရခိုင်ရိုးရာ ရထားဆွဲပွဲတော် ကျင်းပမည်

**မောင်တော ဖေဖော်ဝါရီ ၂**

ရခိုင်ရိုးရာရထားဆွဲပွဲတော်ကို မောင်တောမြို့၌ မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် တပို့တွဲလဆန်း ၁၃၊ ၁၄ နှင့် ၁၅ ရက် (ဖေဖော်ဝါရီ ၉ ၊ ၁၀ နှင့် ၁၁ရက်) တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတော်ကို မောင်တောမြို့ စည်ပင်သာယာဈေးအရှေ့ဘက် မင်းဘာကြီးလမ်းတစ်လျှောက်၌ ည ၇ နာရီမှ ၉ နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။

"ရခိုင်ရိုးရာရထားဆွဲပွဲတော်ကို မောင်တောဒေသခံပြည်သူတွေရဲ့ဆန္ဒနဲ့အညီ ကျင်းပလိုတဲ့ဆန္ဒရှိပါတယ်။ ပွဲတော်ကျင်းပရေးကော်မတီတွေလည်း ဖွဲ့စည်းထားပါတယ်။ လုံခြုံရေးအတွက် နယ်မြေခံရဲတပ်ဖွဲ့၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့၊ တပ်မတော်နဲ့ ပြည်သူ့အင်အားတွေရယူပြီး လုံခြုံရေးအကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ရခိုင်ရိုးရာ ရထားဆွဲပွဲတော်ကျင်းပရေးကော်မတီအစည်းအဝေးတွင် မောင်တောခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းက ပြောသည်။

ရခိုင်ရိုးရာ ရထားဆွဲပွဲတော်ကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိမ်မြုပ်ပျောက်ကွယ်လုဖြစ်နေသော ရိုးရာပွဲလမ်းသဘင်များ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး၊ မျိုးဆက်သစ်လူငယ်များ အတွေ့အကြုံဗဟုသုတတိုးပွားစေပြီး ရိုးရာအစဉ်အလာပွဲတော်များအား ဆက်လက်ထိန်းသိမ်းရေးနှင့် တိုင်းရင်းသားလူမျိုးအချင်းချင်း မိမိတို့ရိုးရာဓလေ့စရိုက်လက္ခဏာများကို သိရှိပြီး အချင်းချင်းစည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ဆင်နွှဲနိုင်ရေးစသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ရိုးရာ ရထားဆွဲပွဲတော်ကို ရှေးယခင်ကာလများကတည်းက ကျင်းပခဲ့ကြောင်းသိရပြီး နောက်ပိုင်းတွင် ကျင်းပမှုမရှိသလောက်ဖြစ်ခဲ့ကြောင်း၊ ရခိုင်ရိုးရာ ရထားဆွဲပွဲတော်ကို သုံးနှစ်ဆက်တိုက်ကျင်းပပြီး တစ်နှစ်၊ နှစ်နှစ်ခန့် မကျင်းပဘဲ နားနေတတ်ကြောင်း၊ ထို့နောက် သုံးနှစ်ဆက်တိုက် ဆက်လက်ကျင်းပကြောင်း၊ ပွဲတော်ကျင်းပပြီးလျှင် တစ်နှစ်၊ နှစ်နှစ်ခန့် ထပ်မံနားနေကြောင်းလည်း သိရသည်။

"ရခိုင်ရိုးရာရထားဆွဲပွဲကို ဘယ်နေ့၊ ဘယ်ရက်ကတည်းက ကျင်းပခဲ့တယ်လို့ အတိအကျမသိရပေမယ့် ရှေးယခင် ရခိုင်မင်းများလက်ထက်က မင်းနေပြည်တော်ကနေ ကျေးလက်ဒေသတွေအထိ ကျင်းပခဲ့ကြတယ်လို့ သိရတယ်။ နောက်ပိုင်း ပွဲတော်မကျင်းပဖြစ်သလောက် ပြတ်တောက်သွားခဲ့တယ်။ မျိုးဆက်သစ်လူငယ်တွေအတွက် ရခိုင်ရိုးရာရထားဆွဲပွဲဆိုတာ မမြင်ဖူး၊ မကြားဖူးသလောက်အထိ ဖြစ်သွားခဲ့တယ်။ အင်မတန်ဝမ်းနည်းဖွယ်ကောင်းပါတယ်။ ဒါကြောင့် ဒီလထဲမှာ ရခိုင်ရိုးရာရထားဆွဲပွဲကို စည်စည်ကားကား၊ သိုက်သိုက်မြိုက်မြိုက် ကျင်းပသွားမှာဖြစ်ပါတယ်" ဟု ရခိုင်ရိုးရာရထားဆွဲပွဲ ကျင်းပရေးကော်မတီဝင်တစ်ဦးက ပြောသည်။

**သတင်း-မင်းမင်းဇော်နှင့်**
**နေဝင်းထွန်း**

# ဦးဆောင်မှုစွမ်းရည်သင်တန်းဖွင့်ပွဲ ထားဝယ်၌ပြုလုပ်

**ထားဝယ် ဖေဖော်ဝါရီ ၂**

ခေါင်းဆောင်မှု၊ စီမံခန့်ခွဲမှုဆိုင်ရာအခြေခံသဘောတရားများနှင့် ပံ့ပိုးမှုဆိုင်ရာစွမ်းဆောင်ရည်များကို ကောင်းစွာသိရှိနားလည်ပြီး မိမိလုပ်ငန်းခွင်နှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သင့်တော်သောပုံစံများအဖြစ် ဖန်တီးအသုံးချနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ယနေ့နံနက် ၉ နာရီက ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ အနာဂတ်အလင်းရောင် (FUTURE LIGHT) ဘဝတူကူညီပံ့ပိုးပေးရေးအဖွဲ့မှ ဦးစီး၍ ဦးဆောင်မှုစွမ်းရည်သင်တန်းကို ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် ဘဝတူကူညီပံ့ပိုးပေးရေးအဖွဲ့မှ စီမံချက်မန်နေဂျာ ဦးစိုးမင်းသူနှင့် စီမံချက် လက်ထောက်မန်နေဂျာ ဒေါ်လှိုင်းသန္တာတို့က ခေါင်းဆောင်တို့၏ ဉာဏ်ရည်ဉာဏ်သွေးများ(၄)ချက်၊ မိမိအားကျသော ခေါင်းဆောင်များဆွေးနွေးဖော်ထုတ်ခြင်းနှင့် ခေါင်းဆောင်တစ်ဦး၏ အရည်အသွေးများ၊ ဦးဆောင်မှုစွမ်းပကားများ၊ ခေါင်းဆောင်ရှာခြင်းနှင့် ခေါင်းဆောင်တစ်ဦး၏လုပ်ဆောင်ချက်များ၊ လူအများပူးပေါင်းပါဝင်ပြီး စီမံချက်လုပ်ငန်းများအတွက်အစီအစဉ်ရေးဆွဲခြင်း စသည်တို့ကို ထားဝယ်၊ ရေဖြူ၊ လောင်းလုံတို့မှ သင်တန်းသား သင်တန်းသူ ၂၂ ဦးအား စာတွေ့၊လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မောင်တောဒေသမြောက်ပိုင်းရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ကျေးရွာများသို့ စားသောက်ကုန်ပစ္စည်းများ သွားရောက်ရောင်းချ

**မောင်တော ဖေဖော်ဝါရီ ၂**
မောင်တောခရိုင် စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် မောင်တောမြို့နယ်အတွင်းရှိ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်ကျေးရွာများသို့ စားသောက်ကုန်များ တိုက်ရိုက် သွားရောက် ရောင်းချလျက်ရှိသည်။

ယနေ့ မွန်းလွဲပိုင်းတွင် ကြက်ရိုးပြင်ကျေးရွာသို့ စားသောက်ကုန်များကို မော်တော်ယာဉ်ဖြင့် မောင်တောမြို့မှ တိုက်ရိုက် သွားရောက်ရောင်းချခဲ့ကြောင်း သိရသည်။

"မောင်တောဒေသ မြောက်ပိုင်းမှာရှိတဲ့ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ကျေးလက်နေပြည်သူတွေ စားသောက်ကုန်ဝယ်ယူရာမှာ အဆင်ပြေဖို့ရည်ရွယ်ပြီး ခရိုင်စီမံခန့်ခွဲမှုကော်မတီရဲ့ အစီအစဉ်နဲ့ မောင်တောကနေ ဈေးကားတွေစီစဉ်ရောင်းချပေးတာ ဖြစ်ပါတယ်။ အဲဒီလိုသွားရောက်ရောင်းချဖို့အတွက် ကြိမ်ချောင်း၊ ငါးခူရ၊ ခမောင်းဆိပ်၊ တမန်းသားနဲ့ တောင်ပြိုလက်ဝဲ စတဲ့ နယ်မြေ ငါးခုသတ်မှတ်ထားပါတယ်။ ကြိမ်ချောင်းနယ်မြေမှာ ကျေးရွာ ၁၃ ရွာ၊ ငါးခူရနယ်မြေမှာ ၁၈ ရွာ၊ ခမောင်းဆိပ်နယ်မြေမှာ ၁၀ ရွာ၊ တမန်းသားနယ်မြေမှာ ရှစ်ရွာနဲ့ တောင်ပြိုလက်ဝဲနယ်မြေမှာ ၁၅ ရွာ ရှိတယ်"ဟု မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးက ပြောသည်။

ဈေးသွားရောက်ရောင်းချရာတွင် ကြိမ်ချောင်းနယ်မြေများသို့ တနင်္လာနေ့၊ ငါးခူရနယ်မြေများသို့ အင်္ဂါနေ့၊ ခမောင်းဆိပ်နယ်မြေများသို့ ဗုဒ္ဓဟူးနေ့၊ တမန်းသားနယ်မြေများသို့ ကြာသပတေးနေ့နှင့် တောင်ပြိုလက်ဝဲနယ်မြေများသို့ သောကြာနေ့များတွင် သွားရောက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ကြက်ရိုးပြင်ကျေးရွာမှ နူရူဆင်က "ကျွန်တော်တို့ရွာကို ဒီလို တိုက်ရိုက်လာရောက်ရောင်းချပေးတာ ဝမ်းသာပါတယ်။ အခုလို လာရောက်ရောင်းချတော့ ရွာသားတွေက ဝမ်းသာနေကြတယ်။ အံ့ဩနေကြတယ်။ ပိုက်ဆံရှိရင် ပိုပြီးဝယ်ချင်တယ်"ဟု ပြောသည်။

**သတင်း-မောင်ဇော်နှင့် နေဝင်းထွန်း**
**ဓာတ်ပုံ-မောင်ဖိုးဇော်**

■

## မရမ်းကုန်းမြို့နယ်တွင် မီးလောင်မှုဖြစ်ပွား၊ အိမ်ခြေ ၅၀ ခန့် မီးလောင်ဆုံးရှုံး

**ရန်ကုန် ဖေဖော်ဝါရီ ၂**
ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၆) ရပ်ကွက်တွင် ယနေ့ည ၉ နာရီခွဲက မီးလောင်မှုဖြစ်ပွားရာ လူနေအိမ် ၅၀ ခန့် မီးလောင်ခဲ့ပြီး အဘိုးအိုတစ်ဦး မီးလောင်သေဆုံးခဲ့ကြောင်း ကနဦးသတင်းများ အရ သိရသည်။

"ရပ်ကွက်ထဲမှာ တရားပွဲလုပ်နေတဲ့အချိန် နောက်ပိုင်းမှာမီးလောင်မှုဖြစ်နေတာပါ။ ဆရာတော်က မီးလောင်နေတယ်လို့ ပြောမှသိရတယ်။ အဲဒီအချိန်မှာ မီးတောက်ကတော်တော်များနေပြီ၊ အမျိုးသားတွေ အကုန်လုံး ပြေးသွားပြီး မီးငြိမ်းနေတာကိုတွေ့ရတယ်"ဟု အဆိုပါမီးလောင်မှုအနီးရှိဒေသခံပြည်သူ ကိုမြင့်ကပြောသည်။

မီးလောင်ရာသို့ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် ပြည်သူများက မီးသတ်ယာဉ်များဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ရာ ည ၁၀ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားကြောင်းသိရသည်။



"မီးလောင်ရတဲ့ အကြောင်းအရင်းကို စုံစမ်းနေပါတယ်။ ဘယ်ကနေစတင်လောင်တာလဲဆိုတာမသိရသေးပါဘူး။ အဘိုးအိုတစ်ဦးကတော့ မီးလောင် သေဆုံးသွားပါတယ်။ အခြားထိခိုက်ဒဏ်ရာ ကြီးကြီးမားမား ရရှိသူတော့ မရှိပါဘူး" ဟု မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ မီးလောင်မှုကြောင့် လူနေအိမ်ခြေ ၅၀ ခန့်နှင့်အတူ အတွင်းပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့သည့်အပြင် လေဖြတ်ရောဂါခံစားနေရသဖြင့် ခန္ဓာကိုယ်အောက်ပိုင်း မကောင်းသော အသက် (၈၀) ကျော် အဘိုးအိုတစ်ဦး မီးလောင်သေဆုံးခဲ့ကြောင်း ကနဦးသတင်းများအရ သိရသည်။

**ဇော်ကြီး(ပဏိတ)**

■



## မောင်တောမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား တစ်သိန်းကိုးသောင်းကျော် သိမ်းဆည်းရမိ

**မောင်တော ဖေဖော်ဝါရီ ၂**
ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကညင်တန်း(မြို့မ) ကျေးရွာ၌ ယနေ့ နံနက်ပိုင်းက WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား တစ်သိန်းကိုးသောင်းကျော် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် ကညင်တန်း(မြို့မ) ကျေးရွာရှိ ကော်ရီမူလ္လာ၏ နေအိမ်အား မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ပူးပေါင်းအဖွဲ့က ယနေ့ နံနက် ၁၁ နာရီခွဲတွင် သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်ခြံဝင်းအတွင်းရှိ PAJERO ယာဉ်၏ နောက်ဘက် တံခါးတွင် တပ်ဆင်ထားသည့် ဘီးအတွင်းမှ မိုင်းကိုင်စက္ကူဖြင့် ထုပ်ထားသည့် ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၄၂၅၀ကို သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ ဝင်ရောက်ရှာဖွေစစ်ဆေးစဉ် အိမ်ရှင်ကော်ရီမူလ္လာမှာ နေအိမ်အနောက်ဘက်မှ ထွက်ပြေးလွတ်မြောက်သွားခဲ့ပြီး နေအိမ်တွင် မာမောက်ကာဆိမ်းဆိုသူတစ်ဦးကိုသာ တွေ့ရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က (တိမ်းရှောင်) ကော်ရီမူလ္လာနှင့် မာမောက်ကာဆိမ်းတို့အား မောင်တောမြို့မ ရဲတပ်ဖွဲ့စခန်း၌ အရေးယူပေးပါရန် တိုင်တန်းထားကြောင်း သိရသည်။

**မင်းမင်းဇော်(သတင်းစဉ်)**
**ဓာတ်ပုံ - မောင်ဖိုးဇော်**

## ဘူးသီးတောင်မြို့နယ်၌ တရားခံတစ်ဦးသေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၂**
မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ပါဝင်ခဲ့သော တရားခံတစ်ဦးသည် ဘူးသီးတောင် ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးဝါး ကုသနေရာမှ ယမန်နေ့ညပိုင်းက သေဆုံးသွားခဲ့ကြောင်း သိရသည်။

၎င်းမှာ မာမတ်ရော်ဖီး(ခ) မာမတ်အာလောင်ဖြစ်ပြီး ဇန်နဝါရီ ၃၀ ရက် ည ၇ နာရီခန့်တွင် အစာအိမ်ရောင်ရောဂါ ခံစားရသဖြင့် တာဝန်ကျလုံခြုံရေးတပ်ဖွဲ့ဝင်များက ဘူးသီးတောင်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ပြီး ဆေးကုသမှုခံယူနေစဉ် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဘဏ်ဖောက်ထွင်းသူအား ၂၄နာရီအတွင်း ဖမ်းဆီးရမိ

**ညောင်ရွှေ ဖေဖော်ဝါရီ ၂**
ညောင်ရွှေမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲဖောက်ထွင်းသူအား ၂၄ နာရီအတွင်း ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁ ရက် နံနက် ၄ နာရီ မိနစ် ၂၀တွင် ဘဏ်ညစောင့်က စာရွက်စာတမ်းသိုလှောင်ခန်းဘက်တွင် မီးရောင်တွေ့မြင်ရသဖြင့် သွားရောက်ကြည့်ရှုရာ လူတစ်ဦးအားတွေ့ရပြီး အော်ဟစ်စဉ် ထွက်ပြေးသွားကြောင်း၊ လိုက်လံစစ်ဆေးရာ ငွေကြေးတစ်စုံတစ်ရာ ပျောက်ဆုံးမှုမရှိသော်လည်း ဘဏ်၏ပြတင်းပေါက်ပျက်စီးကာ အခင်းဖြစ်နေရာတွင် ဂက်စ်အိုးအပါအဝင် ဖောက်ထွင်းအသုံးပြုမည့် ပစ္စည်းများတွေ့ရှိခဲ့ကြောင်း၊ ထို့နောက် ခရိုင်ရဲတပ်ဖွဲ့မှူး၏ကွပ်ကဲမှု၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်စိုး၏ ကြီးကြပ်မှုဖြင့် အမှုစစ် ဒုတိယရဲမှူး သန့်ဇော်သည် အခင်းဖြစ်ရပ်အားစစ်ဆေးရာ အဖြူရောင်ကားအား တွေ့ရှိမှု၊ သက်သေခံဂက်စ်အိုးတွင် အမှတ် အသားပြုထားမှုများကြောင့် CCTV မှတ်တမ်းများ၊ ဂက်စ်ရောင်းဝယ်ဖြည့်တင်းသည့်ဆိုင်များအား ရွှေညောင်၊ အေးသာယာနယ်မြေစခန်း၊ တောင်ကြီးခရိုင် မှုခင်းအကူဌာနတို့နှင့် ပူးပေါင်း၍စုံစမ်းခဲ့ရာ ရွှေညောင်မြို့ အောင်သပြေရပ်နေ ပြစ်မှုကျူးလွန်သူ လင်းပြည့်ဟန် (၂၈)နှစ်အား သက်သေခံ ဆူဇူကီးယာဉ်နှင့်အတူ ယင်းနေ့ ည ၉ နာရီတွင် ၎င်း၏ နေအိမ်၌ ဖမ်းဆီးနိုင်ခဲ့ပြီး ညောင်ရွှေမြို့မရဲစခန်းက (ပ)၈/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၄၅၇ ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



**မီးဘေးရှောင် မလောင်ခင်တား**

# မန်ယူမှ ထွက်ခွာရန် အက်ရှ်လေယန်း ငြင်းဆန်



မန်ယူအသင်းသည် ဇန်နဝါရီဈေးကွက်အတွင်း အက်ရှ်လေယန်းကို ထုတ်ရောင်းရန် ကြိုးစားခဲ့သော်လည်း အက်ရှ်လေယန်းကိုယ်တိုင်က မန်ယူမှ ထွက်ခွာရန် ငြင်းဆန်ခဲ့ခြင်းကြောင့်သာ မန်ယူအသင်း၏ နောက်ထပ်ကစားသမား တစ်ဦး ထွက်ခွာမှုကို မမြင်တွေ့ခဲ့ရခြင်းဖြစ်ကြောင်း The Sun သတင်းဌာနက ဖော်ပြသည်။

ထို့ပြင် ကလပ်အသင်းအများစုက အက်ရှ်လေယန်းကို အငှားဖြင့်သာ ခေါ်ယူရန် ကြိုးပမ်းခဲ့ခြင်းကလည်း အက်ရှ်ယေယန်း မန်ယူတွင်ဆက်ရှိနေသည့် နောက်ထပ်အကြောင်းတရားတစ်ရပ် ဖြစ်ခဲ့သည်။

အက်ရှ်လေယန်းကို အဲဗာတန်၊ ဆွမ်ဆီးနှင့် ဝက်စ်ဘရွန်းအသင်းတို့က အငှားဖြင့်ခေါ်ယူရန် ဆက်သွယ်ခဲ့ရာ မန်ယူအသင်းက အဆိုပါ ကမ်းလှမ်းချက်အားလုံးကို ပယ်ချခဲ့သည်။ အက်ရှ်လေယန်းကို တရုတ်စူပါလိဂ်အသင်းများမှ မန်ယူအသင်းတောင်းဆိုသည့် ပြောင်းရွှေ့ကြေးဖြင့် ကမ်းလှမ်းခဲ့သော်လည်း အက်ရှ်လေယန်းကိုယ်တိုင်ကမူ စူပါလိဂ်သို့ မပြောင်းရွှေ့လိုဘဲ ပရီမီယာလိဂ် ကလပ်အသင်းတစ်ခုသို့သာ အငှားဖြင့် ပြောင်းရွှေ့ရန် လိုလားခဲ့ကြောင်း သိရသည်။

မန်ယူအသင်းသည် ယခုဇန်နဝါရီဈေးကွက် ကာလအတွင်း ကစားသမားသစ် ဝယ်ယူခြင်းမရှိခဲ့ဘဲ ဒီပိုင်းနှင့် ရှနိုက်ဒါလင်တို့ကို ရောင်းချခဲ့သလို အက်ရှ်လေယန်းကိုလည်း အပြီးသတ်ရောင်းချရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။ နည်းပြ မော်ရင်ဟိုက အက်ရှ်လေယန်းအတွက် ပြောင်းရွှေ့ကြေး ပေါင်ရှစ်သန်းရရှိပါက ထုတ်ရောင်းရန် ဆန္ဒရှိခဲ့ပြီး ယခုဇန်နဝါရီလအတွင်းရရှိသည့် ပြောင်းရွှေ့ကြေးများကို လာမည့်နွေဈေးကွက်အရောက်တွင် ပြန်လည်အသုံးပြု၍ ၎င်းစိတ်ကြိုက်ကစားသမားများကို အားဖြည့်ခေါ်ယူရန် လိုလားနေသည်။ သို့သော် မေရာသတင်းဌာန၏ဖော်ပြချက်တွင်မူ မော်ရင်ဟိုက ရွှန်းနီရော အက်ရှ်လေယန်းကိုပါ တရုတ်စူပါလိဂ်သို့ မပြောင်းရွှေ့စေလိုဘဲ မန်ယူတွင်သာ ဆက်ရှိနေရန် လိုလားခဲ့သည်။

မော်ရင်ဟို၏ အဓိကပစ်မှတ်ကစားသမားမှာ အက်သလက်တီကို စတား ဂရစ်ဇ်မန်းဖြစ်ကာ ပြောင်းရွှေ့ကြေးပေါင် သန်း ၈၀ အထက်သုံးစွဲရမည်ဖြစ်သည်။ မော်ရင်ဟိုက ပြီးခဲ့သည့် နွေရာသီတွင် ပေါ့ဘာနှင့် အီဗရာဟီမိုဗစ်တို့ကဲ့သို့ နာမည်ကျော်ကစားသမားများကို ခေါ်ယူနိုင်ခဲ့ပြီးဖြစ်ရာ ဂရစ်ဇ်မန်းကို ထပ်မံခေါ်ယူနိုင်ဦးမည်ဟု ယုံကြည်မှုအပြည့် ရှိနေခြင်း ဖြစ်သည်။


**မေလှဲ့သင်း**

# မတူညီတဲ့ စည်းမျဉ်းများနဲ့ မိမိဆုံးဖြတ်ခံနေရဟု မော်ရင်ဟိုစွပ်စွဲ

မန်ယူနည်းပြ မော်ရင်ဟိုက သူ့အနေနဲ့ အခြားပရီမီယာလိဂ်နည်းပြများနှင့်မတူညီတဲ့ စည်းမျဉ်းများနဲ့ ဆုံးဖြတ်ခံနေရတယ်လို့ ဟားလ်စီးတီးအသင်းနဲ့ ပွဲအပြီးမှာ စွပ်စွဲပြောကြားလိုက်ပါတယ်။ မော်ရင်ဟိုဟာ ဟားလ်စီးတီးနဲ့ ပွဲစဉ်အတွင်း ဒိုင်ဖြစ်သူ မိုက်ခ်ဂျုံးရဲ့ ဆုံးဖြတ်ချက်တွေအပေါ် စောဒက တက်ခဲ့တဲ့အတွက် ဒိုင်ဖြစ်သူက သူ့ကို ထိုင်ခုံမှာ သွားပြန်ထိုင်ရင်ထိုင်၊ မထိုင်ရင် ပွဲကြည့်စင်ကနေသာ ပွဲကို ဆက်လက်ကြည့်ရှုဖို့ လာရောက်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ မော်ရင်ဟိုက မန်ယူအသင်း ရသင့်ရထိုက်တဲ့ ပင်နယ်တီတွေကို လျစ်လျူရှုခံနေရတာရယ်၊ ကစားပုံကြမ်းတမ်းခဲ့တဲ့ ဟားလ်စီးတီး တိုက်စစ်မှူး အိုမာနိုင်စီကို ထုတ်ပယ်ဖို့ရယ် ခြေဟန်လက်ဟန်နဲ့ တောင်းဆိုခဲ့တာကြောင့် ဒိုင်ဖြစ်သူက အထက်ပါအတိုင်းလာရောက် ပြောကြားခဲ့တာဖြစ်ပါတယ်။

မော်ရင်ဟိုက လီဗာပူးနည်းပြ ဂျာဂန်ကလော့၊ အာဆင်နယ်နည်းပြ ဝင်းဂါးတို့လို နည်းပြတွေကိုတော့ ဒိုင်တွေက မျက်နှာသာပေးပြီး သူ့ကိုတော့ အခြားပရီမီယာလိဂ်နည်းပြတွေနဲ့မတူ ကွဲပြားတဲ့ စည်းမျဉ်းတွေနဲ့ ဆုံးဖြတ်ခံနေရတယ်လို့ စွပ်စွဲခဲ့တာဖြစ်ပါတယ်။ မော်ရင်ဟိုက နည်းပြ ဝင်းဂါးဆိုရင် လက်ထောက်ဒိုင်ကိုတွန်းထိုးခဲ့တာတောင် ကွင်းဘေးစည်းကြီးကြပ်ခွင့်သာ တားမြစ်ခံရပြီး ပွဲကြည့်စင်ကနေ ကြည့်ရှုခွင့်ပိတ်ပင်ခံရမယ့်အရေးကို ရှောင်လွှဲနိုင်ခဲ့ပါတယ်။ အလားတူပါပဲ၊ ချယ်လ်ဆီးကို ရင်ဆိုင်ခဲ့တဲ့ ပွဲမှာ တိုက်စစ်မှူး ကော်စတာရဲ့ ပင်နယ်တီကို လီဗာပူးဂိုးသမား မင်နိုလက်စ် ကာကွယ်နိုင်ပြီးနောက်မှာ လီဗာပူးနည်းပြ ဂျာဂန်ကလော့က လက်ထောက်ဒိုင်ရဲ့ မျက်နှာနားကို သွားပြီးအော်ဟစ်ခဲ့ပေမယ့် ပြစ်ဒဏ်တစ်စုံတစ်ရာ ချမှတ်ခံခဲ့ရခြင်းမရှိပါဘူး။ ဒ့ါအပြင် လက်ထောက်ဒိုင်ကတောင် ဂျာဂန်ကလော့ကို "ခင်ဗျားရဲ့ အသင်းအပေါ် ချစ်ခင်မြတ်နိုးမှု ပြင်းထန်တဲ့စိတ်ကို ကျွန်တော် လေးစားမိပါတယ်။ ခင်ဗျား ဘာဖြစ်ချင်သလဲဆိုတာ ကျွန်တော့်ကို ပြောပါ" လို့ ပြောခဲ့ပါတယ်။

ဒါကြောင့်လည်း မော်ရင်ဟိုက ဒီအခြေအနေတွေကို ကြည့်ပြီး သုံးသပ်ရင်တောင် ပရီမီယာလိဂ်အခြားနည်းပြတွေနဲ့ သူ့အပေါ် ချမှတ်တဲ့ မူဝါဒတွေ မတူတာကို အထင်အရှားတွေ့ရမှာ ဖြစ်တယ်လို့ ထောက်ပြခဲ့တာဖြစ်ပါတယ်။






# အဲဗာတန်နှင့်ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့သည့် ပီတာခရော့ချ် ပရီမီယာလိဂ်သွင်းဂိုး(၁၀၀)ပြည့်ပြီ

ဝါရင့်တိုက်စစ်မှူးတစ်ဦးဖြစ်သည့် ပီတာခရော့ချ်သည် စတုတ်စီးတီးအသင်းနှင့် အဲဗာတန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ပရီမီယာလိဂ်သွင်းဂိုး(၁၀၀)ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

တိုက်စစ်မှူး ပီတာခရော့ချ်သည် လက်ရှိတွင် အသက်(၃၆)နှစ်ရှိပြီဖြစ်သောကြောင့် ပရီမီယာလိဂ်သွင်းဂိုး (၁၀၀)ပြည့်မြောက်သည့် ကစားသမားအနက် အသက်အရွယ်အကြီးဆုံး ကစားသမားလည်းဖြစ်လာခဲ့သည်။ ပီတာခရော့ချ်၏ ကလပ်အသင်းအလိုက် ပရီမီယာလိဂ်သွင်းဂိုးများကို ကြည့်မည်ဆိုပါက အက်စ်တွန်ဗီလာအသင်းနှင့်အတူ ၂၀၀၂ မှ ၂၀၀၄ အတွင်း သွင်းဂိုးခြောက်ဂိုး၊ ဆောက်သမ်တန်အသင်းနှင့်အတူ ၂၀၀၄ မှ ၂၀၀၅ အတွင်း သွင်းဂိုး ၁၂ ဂိုး၊ လီဗာပူးအသင်းနှင့်အတူ ၂၀၀၅ မှ ၂၀၀၈ အတွင်း ၂၂ ဂိုး၊ ပို့စ်မောက်အသင်းနှင့်အတူ ၂၀၀၈ မှ ၂၀၀၉ အတွင်း ၁၁ ဂိုး၊ စပါးအသင်းနှင့်အတူ ၂၀၀၉ မှ ၂၀၁၁ အတွင်း သွင်းဂိုး ၁၂ ဂိုးနှင့် စတုတ်စီးတီးအသင်းနှင့်အတူ ၂၀၁၁ မှ လက်ရှိအချိန်အထိ သွင်းဂိုး ၃၇ ဂိုး သွင်းယူထားခဲ့ခြင်းဖြစ်သည်။

ပရီမီယာလိဂ်တွင် သွင်းဂိုး ၁၀၀ နှင့်အထက် သွင်းယူထားသည့်ကစားသမားများမှာ အလန်ရှီးယား(၂၆၀)၊ ရွှန်းနီ(၁၉၅)၊ အန်ဒရီကိုးလ်(၁၈၇)၊ လမ်းပတ်(၁၇၇)၊ သီယာရီအွန်နရီ(၁၇၅)၊ ရော်ဘီဖော်လာ(၁၆၃)၊ ဒီဖိုး(၁၅၅)၊ အိုဝင်(၁၅၀)၊ ဖာဒီနန်(၁၄၉)၊ ရှာရင်ဂမ်(၁၄၆)၊ ဗန်ပါစီ(၁၄၄)၊ ဟက်ဆယ်ဘိန်း(၁၂၇)၊ ရော်ဘီကိန်း(၁၂၆)၊ အနယ်ကာ (၁၂၅)၊ ဒွိုင်ယော့ခ်(၁၂၃)၊ ဂျာရတ်(၁၂၀)၊ အဂူရို(၁၁၃)၊ အီယန်ရိုက်(၁၁၃)၊ ဒက်ဘ်လင်(၁၁၁)၊ ဟက်စကီး(၁၁၀)၊ ရိုင်ယန်ဂစ်(၁၀၉)၊ ပေါလ်စခိုးလ်(၁၀၇)၊ ဒါရင်းဘန့်(၁၀၆)၊ ဒရော့ဘာ(၁၀၄)၊ လီတစ်ဆီယာ(၁၀၀)နှင့် ပီတာခရော့ချ် (၁၀၀)တို့ဖြစ်သည်။




ဘာစီလိုနာအသင်းသည် စပိန်ကိုပါဒယ်ရေးဖလားပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲအဆင့် ပထမအကျော့အဖြစ် အက်သလက်တီကိုမက်ဒရစ်အသင်း၏ အိမ်ကွင်းသို့ သွားရောက်ကစားခဲ့ရာ ဆွာရက်ဇ်နှင့် မက်ဆီတို့၏ သွင်းဂိုးများဖြင့် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဘာစီလိုနာအသင်းသည် စပိန်ကိုပါဒယ်ရေးဖလားပြိုင်ပွဲတွင် နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်မည့်အသင်းအဖြစ် ရေပန်းစားနေသည့်အသင်းဖြစ်ပြီး တိုက်စစ်မှူး ဆွာရက်ဇ်က ပွဲကစားချိန် ခုနစ်မိနစ်နှင့် တိုက်စစ်မှူး မက်ဆီက ပွဲကစားချိန် ၃၃ မိနစ်တွင်လည်းကောင်း ဂိုးများသွင်းယူပေးခဲ့ခြင်းဖြစ်သည်။ အက်သလက်တီကိုမက်ဒရစ်အသင်းအတွင် ချေပဂိုးတစ်ဂိုးကိုမူ ပွဲကစားချိန် ၅၉ မိနစ်တွင် တိုက်စစ်မှူး ဂရစ်ဇ်မန်းက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဆွာရက်ဇ်သည် အဆိုပါသွင်းဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီတွင် သွင်းဂိုး ၂၂ ဂိုးမြောက် သွင်းယူနိုင်ခဲ့ခြင်းဖြစ်ပြီး တိုက်စစ်မှူး မက်ဆီမှာမူ သွင်းဂိုး ၃၀ ပြည့်မြောက်သည့်သွင်းဂိုးလည်း ဖြစ်လာခဲ့သည်။ ဘာစီလိုနာအသင်းသည် ပထမအကျော့တွင် အနိုင်ရရှိခဲ့ပြီးနောက် ဒုတိယအကျော့အဖြစ် အိမ်ကွင်းနျူးကမ့်တွင် အိမ်ရှင်အဖြစ်လက်ခံကစားရမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၇ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ငွေကြယ်**



# ကျန်းမာရေးပြဿနာကြောင့် တေးဂီတအဖွဲ့ကနေ နုတ်ထွက်လိုက်တဲ့ ဂျိမ်းစ်

တောင်ကိုရီးယားအမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “Royal Pirates”မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျိမ်းစ်ဟာ ဦးနှောက်အတွင်း သွေးခဲတဲ့ဝေဒနာကို ခံစားနေရတာကြောင့် ကုသမှုခံယူရမှာဖြစ်တဲ့အတွက် တေးဂီတလုပ်ငန်းတွေကို ရပ်တန့်ထားမှာဖြစ်ပြီး သူ့ရဲ့တေးဂီတအဖွဲ့ကနေလည်း နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဂျိမ်းစ်ဟာ ပြီးခဲ့တဲ့နှစ်အတွင်းက လက်ကောက်ဝတ်နဲ့ လက်မှာဒဏ်ရာရရှိခဲ့တဲ့အတွက် ခွဲစိတ်မှုတွေခံယူခဲ့ရပြီး ခြောက်ကြိမ်မြောက်ခွဲစိတ်မှုပြုလုပ်ရန် စမ်းသပ်မှုတွေလုပ်ဆောင်ခဲ့ရာကနေ ဦးနှောက်မှာသွေးခဲနေတာကို သိခဲ့ရခြင်းဖြစ်ကြောင်း ဂျိမ်းစ်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် လက်ရေးစာမူတစ်စောင်ကို ပြီးခဲ့တဲ့ ဇန်နဝါရီ ၃၁ ရက်မှာ ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်အတွင်းက တံခါးတစ်ချပ်လက်ပေါ်ပြုတ်ကျခဲ့ရာကနေ ဂျိမ်းစ်ရဲ့ လက်ကောက်ဝတ်ကို ဆိုးဆိုးရွားရွားထိခိုက်မိသွားခဲ့တာ ဖြစ်ပါတယ်။ အဆိုပါဒဏ်ရာကို ငါးကြိမ်တိုင်တိုင် ခွဲစိတ်ကုသခဲ့ပြီးဖြစ်ကာ ခြောက်ကြိမ်မြောက်ခွဲစိတ်မှုခံယူရန်စီစဉ်ချိန်မှာ ဦးနှောက်မှာသွေးခဲနေတာကို စမ်းသပ်မိခဲ့တာဖြစ်ပါတယ်။ အဆိုပါသွေးခဲဟာ မှန်ကန်တဲ့ကုသမှုတွေ မခံယူပါက လေဖြတ်ခြင်းကဲ့သို့ နောက်ဆက်တွဲရောဂါဆိုးတွေ ခံစားရနိုင်ကြောင်း ဆရာဝန်တွေက ပြောကြားခဲ့တယ်လို့လည်း ဂျိမ်းစ်က ဆိုပါတယ်။

## အမြွှာရင်သွေးလေးတွေအကြောင်း တရားဝင်ထုတ်ဖော်ပြောလာတဲ့ ဘီယွန်းစေး




ပေါ့ပ်ကြယ်ပွင့် ဘီယွန်းစေးက လတ်တလောမှာ သူဟာ အမြွှာရင်သွေးလေးတွေကို လွယ်ထားရပြီဖြစ်ကြောင်း ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁ ရက်က တရားဝင်ထုတ်ဖော်ပြောကြားခဲ့တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဘီယွန်းစေးနဲ့ ခင်ပွန်းဖြစ်သူ ဂျေဇီး တို့ဟာ ပြီးခဲ့တဲ့နှစ်တွေအတွင်း ဆက်ဆံရေးအဆင်မပြေဖြစ်လာခဲ့ကြပြီးတဲ့နောက် သူတို့နှစ်ဦးအကြား ကောင်းမွန်တဲ့ ဆက်ဆံရေးမျိုး ပြန်လည်ရရှိဖို့အတွက် ရင်သွေးယူဖို့ ဆုံးဖြတ်ခဲ့ကြတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့မှာတော့ ဘီယွန်းစေးက အမြွှာရင်သွေးလေးတွေကိုလွယ်ထားရပြီဖြစ်ကြောင်း လတ်တလောရိုက်ကူးထားတဲ့ သူ့ရဲ့ ဓာတ်ပုံတစ်ပုံနဲ့အတူ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ဖော်ပြခဲ့ပါတယ်။

ဘီယွန်းစေးရဲ့ အဆိုပါဓာတ်ပုံကို ပရိသတ်တွေက ချက်ချင်းဆိုသလို နှစ်သက်ကြောင်း ဝိုင်းဝန်းဖော်ပြခဲ့ကြရာ လတ်တလောမှာတော့ ဘီယွန်းစေးဟာ ယခင်က အင်စတာဂရမ်စာမျက်နှာပေါ်မှာ ကြိုက်နှစ်သက်မှုအများဆုံး ရရှိထားတဲ့ကြယ်ပွင့်တစ်ဦးဖြစ်သူ ဆယ်လီနာဂိုမက်ဇ်ကို ကျော်လွန်ကာ ကြိုက်နှစ်သက်မှု အများဆုံးရရှိထားတဲ့ အနုပညာကြယ်ပွင့်တစ်ဦးဖြစ်လာခဲ့ပြီ ဖြစ်ပါတယ်။

လတ်တလောမှာ ဘီယွန်းစေးရဲ့ အမြွှာရင်သွေးလေးတွေဟာ ၁၄ ပတ်ခန့် ရရှိခဲ့ပြီဖြစ်ပါတယ်။ ဘီယွန်းစေးမှာ ယခင်က ခင်ပွန်းဖြစ်သူ အဆိုတော် ဂျေဇီးနဲ့ ရရှိထားတဲ့ သမီးလေးတစ်ဦးလည်း ရှိပါတယ်။ အဆိုပါဂီတကြယ်ပွင့်က သူတို့ရဲ့သမီးလေးကို ဘလူးအိုင်ဗွီကာတာလို့ အမည်ပေးထားပြီး သူဟာ ပြီးခဲ့တဲ့လအတွင်းက အသက် ငါးနှစ်ပြည့်ခဲ့ပြီဖြစ်ကာ မကြာခင်မှာ အစ်မကြီးတစ်ဦးရဲ့ဘဝကို ရောက်ရှိတော့မှာဖြစ်တဲ့အတွက် အလွန်ပင်ပျော်ရွှင်နေကြောင်းလည်း သိရပါတယ်။

## ဘရစ်တ်နေစပီးယားစ်ရဲ့ အတ္ထုပ္ပတ္တိရုပ်ရှင် စမ်းသပ်ထုတ်လွှင့်



တစ်ချိန်က နာမည်ကျော် ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ဘရစ်တ်နေစပီးယားစ်ရဲ့ ဘဝဇာတ်ကြောင်းကို ရိုက်ကူးပုံဖော်ထားတဲ့ ရုပ်ရှင် “Britney Ever After”အတွက် အစမ်းရုပ်ရှင်နှစ်ခုကို လတ်တလောမှာ စတင်ထုတ်လွှင့်လိုက်ပြီဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။ “ Britney Ever After ”မှာ ဘရစ်တ်နေစပီးယားစ်အဖြစ် မင်သမီး နာတာရှာဘန်းနက်ထ်က ပါဝင်သရုပ်ဆောင်ထားပြီး ယင်းရုပ်ရှင်မှာ ဘရစ်တ်နေစပီးယားစ်ရဲ့ ဂီတလောကမှာ အောင်မြင်မှုရသည်အထိ ကြိုးပမ်းခဲ့ပုံတွေနဲ့အတူ သူ့ရဲ့အချစ်ဇာတ်လမ်းတွေကိုပါ ခံစားကြရမှာဖြစ်ပါတယ်။

ယင်းရုပ်ရှင်မှာတော့ ဂျက်စတင်တင်းဘာလိတ်ခ်နဲ့ ကယ်လ်ဗင်ဖက်ဒါလိုင်းတို့နဲ့ ပတ်သက်ခဲ့တဲ့ ဘရစ်တ်နေစပီးယားစ်ရဲ့ အချစ်ဇာတ်လမ်းတွေကို ထည့်သွင်းရိုက်ကူးထားတာဖြစ်ပြီး ဂျက်စတင်တင်းဘားလိတ်ခ်အဖြစ် မင်းသား မက်ထ်သန်ကီးယက်စ်က ပါဝင်သရုပ်ဆောင်ထားကာ ကယ်လ်ဗင်ဖက်ဒါလိုင်းအဖြစ် ကလေတန်ချစ်တီက ပါဝင်သရုပ်ဆောင်ထားတာဖြစ်ကြောင်း သိရပါတယ်။

အဆိုပါရုပ်ရှင်ကို လာမယ့် ဖေဖော်ဝါရီ ၁၈ ရက်က စတင်ပြီးရုပ်သံလိုင်းတစ်ခုဖြစ်တဲ့ Lifetime ကနေတစ်ဆင့် စမ်းသပ်ပြသသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

**အေးပြည့်**
**ရေးသားသည်**

မကြာသေးမီက အဖွဲ့ဖျက်သိမ်းကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့တဲ့ တောင်ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့ 2NE1ရဲ့ ပရိသတ်တွေကို နောက်ဆုံးနှုတ်ဆက်တဲ့အနေနဲ့ ထုတ်လွှင့်ခဲ့တဲ့တေးသီချင်း “Goodbye ” ဟာ အွန်လိုင်းမီဒီယာပေါ်ကနေတစ်ဆင့် ရောင်းချခဲ့ရာမှာတော့ လတ်တလောအချိန်မှာ ဘေဘုတ်တေးဂီတဇယားရဲ့ ရောင်းအားအကောင်းဆုံးတေးသီချင်းအဖြစ် ထိပ်ဆုံးကရပ်တည်နေကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

2NE1ရဲ့ နှုတ်ဆက်သီချင်း Goodbye ကို ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၀ ရက်က အွန်လိုင်းမီဒီယာတွေကနေတစ်ဆင့် စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပြီး ဖေဖော်ဝါရီ ၁ ရက်မှာတော့ တေးဂီတဝက်ဘ်ဆိုက်ဒ်တစ်ခုဖြစ်တဲ့ ဘေဘုတ်ပေါ်က ကမ္ဘာတစ်ဝန်း ရောင်းအားအကောင်းဆုံး ဒစ်ဂျစ်တယ်တေးသီချင်းဇယားမှာ နံပါတ်တစ်နေရာကို ရယူထားနိုင်ခဲ့တာ ဖြစ်ပါတယ်။

2NE1တေးဂီတအဖွဲ့ဟာ “Goodbye ”တေးသီချင်းနဲ့ ဘေဘုတ်တေးဂီတဇယားမှာ နံပါတ်တစ်နေရာကို ရယူထားနိုင်ခဲ့တာဟာ တတိယအကြိမ်မြောက်ဖြစ်ပါတယ်။ အဖွဲ့ရဲ့နာမည်ကျော်တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ “ I am the Best”ကို ထုတ်လွှင့်ခဲ့စဉ်ကလည်း အဆိုပါတေးဂီတဇယားကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၁ ရက်မှာတစ်ကြိမ်၊ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မှာ တစ်ကြိမ်၊ နှစ်ကြိမ်တိုင်တိုင် ဦးဆောင်နိုင်ခဲ့ပါတယ်။ တောင်ကိုရီးယားတေးဂီတအဖွဲ့တွေအနက် ဘေဘုတ်မှာ နံပါတ်တစ်နေရာရယူထားနိုင်ခဲ့တဲ့ တေးဂီတအဖွဲ့ဟာ 2NE1အဖွဲ့တစ်ဖွဲ့တည်းသာရှိခဲ့ဖူးတာဖြစ်ပြီး တောင်ကိုရီးယား တစ်ကိုယ်တော်တေးသံရှင်တွေထဲမှာတော့ ဘေဘုတ်ရဲ့ နံပါတ်တစ်နေရာကို ရယူနိုင်ခဲ့သူဟာ PSY တစ်ဦးတည်းသာရှိပါတယ်။ သူဟာ “Gangnam Style” တေးသီချင်းကို ထုတ်လွှင့်ခဲ့စဉ်က ဘေဘုတ်ရဲ့ တေးဂီတဇယားကို ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရပါတယ်။

## ဘေဘုတ်မှာ ထိပ်ဆုံးကဦးဆောင်နေတဲ့ 2NE1 ရဲ့Goodbye



# မြစ်ကမ်းပါးပြိုကျမှုကာကွယ်ရေး ကျောက်စီနံရံတည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှု

**တနင်္သာရီ ဖေဖော်ဝါရီ ၂**
တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့အဝင် ချောင်းကြီးရပ်ကွက် ရွှေလိပ်ပြာကမ်းနား တစ်လျှောက်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး ရေအရင်းမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ (၉) မှ ဦးစီး၍ တနင်္သာရီမြို့အဝင် မျက်နှာစာရှိ မြစ်ကမ်းပါးရေတိုက်စားကမ်းပြိုမှု၊ ကျောက်စီနံရံ တည်ဆောက်ရေးလုပ်ငန်းကို မြစ်ကမ်းပါးတစ်လျှောက်တွင် နေထိုင်နေကြသည့် ဒေသခံပြည်သူများ၏ နေအိမ်၊ စည်းစိမ်များပျက်စီးဆုံးရှုံးမှုမရှိစေရေးနှင့် တနင်္သာရီမြို့၏ ရှေးဟောင်းမြို့ရိုးများကို ကြိုတင်ကာကွယ်မှုပြုနိုင်ရန် ရည်ရွယ်ကာ ဆောင်ရွက်လျက်ရှိသော ကမ်းပါးပြိုမှု ကျောက်စီနံရံ လုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုအား တနင်္သာရီ မြို့နယ် တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ (ကိုယ်စား) ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနှင့်အဖွဲ့ဝင်များက ဇန်နဝါရီ ၃၁ ရက် ညနေ ၃ နာရီက ကွင်းဆင်း၍ တိုင်းထွာ စစ်ဆေးကြရာ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးနောင်နောင်ဇော်လေးက ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။



အဆိုပါ ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းအား တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၁၃၆ သန်းဖြင့် ဘိုးပိုင်အခြေပြုကျောက်စီမြေထိန်းနံရံ အမျိုးအစား အလျား ပေ ၃၄၀ ဖြစ်ပြီး ၎င်းကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းပြီးစီးပါက ရွှေလိပ်ပြာကမ်းနားတစ်လျှောက်တွင် သဘာဝဘေးဒဏ်နှင့် နေ့စဉ်ပြေးဆွဲနေသည့် အမြန်ရေယာဉ်လှိုင်းဒဏ်များကြောင့် ဖြစ်ပေါ်နိုင်သော ကမ်းပြိုမှုများကို ကာကွယ်ထိန်းသိမ်းနိုင်မည်ဖြစ်သဖြင့် ပြည်သူများအတွက် များစွာအကျိုးရှိနိုင်မည်ဖြစ်ကြောင်း တာဝန်ယူဆောင်လုပ်နေသည့် ဦးနောင်နောင်ဇော်လေးကပြောသည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**

## ကျောက်ကြီးမြို့နယ်မီးဘေးလုံခြုံရေး ဌာနဆိုင်ရာရုံးများကို ကွင်းဆင်းစစ်ဆေး

**ကျောက်ကြီး ဖေဖော်ဝါရီ ၂**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် မီးဘေးလုံခြုံရေး စီမံချက်အရ မြို့နယ်မီးသတ်ဦးစီးမှူးဦးစောနောင်၊ မြို့နယ်လျှပ်စစ်လုပ်ငန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများသည် ဇန်နဝါရီ ၃၀ ရက်က မြို့နယ်ဌာနဆိုင်ရာရုံးများကို မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ ကွင်းဆင်းစစ်ဆေးဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

"မြို့ရပ်ကွက်ကျေးရွာတွေမှာ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြရသလို မြို့နယ်ဌာနဆိုင်ရာရုံးတွေမှာလည်း ကြိုတင်ဆောင်ရွက်ရမယ့် လုပ်ငန်းများအတွက် စစ်ဆေးဆွေးနွေး ဆောင်ရွက်ကြရပါတယ်" ဟု မီးသတ်ဦးစီးမှူးက ပြောသည်။

မြို့နယ်ဌာနဆိုင်ရာရုံးများတွင် မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်ထားရှိမှု၊ မြို့နယ်လျှပ်စစ်လုပ်ငန်းက လျှပ်စစ်မီးသုံးစွဲရာတွင် လျှပ်စစ်ဝါယာ၊ မိန်းခလုတ်နှင့် မီးခလုတ်များ တပ်ဆင်ထားရှိမှုနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရုံးတွင်းနှင့် ရုံးဝင်းအတွင်း အမှိုက်များ၊ လောင်စာများနှင့် စွန့်ပစ်ပစ္စည်းများအား စနစ်တကျ ရှင်းလင်းဆောင်ရွက်ထားရှိမှုများအား စစ်ဆေးခြင်းနှင့် ဆွေးနွေးခြင်းများ ပြုလုပ်ကြခဲ့ကြသည်ဟု သိရသည်။ **(၁၂၂)**

## တာမွေမြို့နယ်ရွှေဟသာ်လမ်းဖွင့်

**တာမွေ ဖေဖော်ဝါရီ ၂**
တာမွေမြို့နယ် တာမွေကြီး က+ဂ ရပ်ကွက် ရွှေဟသာ်လမ်းအား တိုင်းဒေသကြီးလွှတ်တော်မှ ဒေသဖွံ့ဖြိုးရေးအတွက် လမ်းအရှည် ပေ ၁၈၀၊ အကျယ် ၁၄ ပေနှင့် ဒုခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ကာ ဇန်နဝါရီ ၃၁ ရက် ညနေပိုင်းက လမ်းဖွင့်ပွဲ ကျင်းပခဲ့ကြသည်။

အဆိုပါလမ်းဖွင့်ပွဲအား တိုင်းဒေသကြီးလွှတ်တော် တာမွေမြို့နယ် မဲဆန္ဒနယ် ၁/၂ ကိုယ်စားလှယ် ဦးလှသိန်းနှင့် ဦးသိန်းမြင့်၊ တာမွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုးစိုးရွှေ၊ တာမွေမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသန်းဦးနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **မောင်မောင်**


'*kdWUp(ajrmuyfkdU)rdwU,f
'kdWU,f&wyfcdS'kdrS
oDmOi;EShdUpcef;rS'kdrS
oef;xef;at;mifvdBDaqmif;om
&wyfcdUf;m;onf'Zef0&B0
&ufu '*kdWUp(ajrmuyfkdU)
rdwU,ftrSGf(48)&yfuuf
trSGf(4) tajccyf-hm
txuf;vef;aumif;rtif;
ynmay;jycef,m0jZif;toyfhm
ay;rhm;aqmif;ufc;humif;
oGdonf"mwyfk118

# မြောက်ဦးမြို့ မင်္ဂလမာရ်အောင်ချောင်းကူးသံကူကွန်ကရစ် တံတားသစ်တည်ဆောက်မှုပြီးစီး

**မြောက်ဦး ဖေဖော်ဝါရီ ၂**
ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့အတွင်းရှိ အထင်ကရဘုရားတစ်ဆူဖြစ်သော ရှေးဟောင်းတန်ခိုးကြီး သမိုင်းဝင် မင်္ဂလာမာရ်အောင်ဘုရားသို့ သွားရောက်ရာတွင် ဆက်သွယ်သွားလာရေးလွယ်ကူစေရန် အဓိကကျသော မင်္ဂလမာရ်အောင် ချောင်းကူးသံကူကွန်ကရစ်တံတားသစ်ကို မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ စတင်တည်ဆောက်ခဲ့ရာ ယခုအခါ တည်ဆောက်မှုပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ မင်္ဂလမာရ်အောင်သံကူကွန်ကရစ်တံတား အရှည်ပေ ၈၀၊ အနံ ၁၄ ပေ၊ ရေကင်းလွတ်ဧရိယာ အမြင့် ၂၅ ပေရှိ တံတားသစ်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ရခိုင်ပြည်နယ်အစိုးရမှ ခွင့်ပြုရန်ပုံငွေ ကျပ် ၁၂၈ သန်းအကုန်ကျခံ၍ မြောက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တည်ဆောက်ပေးခဲ့ရာ ဇန်နဝါရီ ၃၁ ရက်မှစတင်၍ တံတားသစ်အား ဖြတ်သန်းသွားလာခွင့်ပြုခဲ့ကြောင်း သိရသည်။

ထို့နောက် ယခုတည်ဆောက်ပြီးစီးသော မင်္ဂလမာရ်အောင် ချောင်းကူးသံကူကွန်ကရစ်တံတားမှာ ရှေးဟောင်းရခိုင်မြောက်ဦးဒေသရှိ သမိုင်းဝင် ရှေးဟောင်းမင်္ဂလာမာရ်အောင်ဘုရား၊ ဘားမဲ့ဘားဂရာဂူနှင့် အခြားသမိုင်းဝင် ဘုရားစေတီပုထိုးများအား ပေါင်းကူးဆက်သွယ်ပေးသော တံတားတစ်စင်းဖြစ်ပြီး ယခုအခါ တံတားသစ်တည်ဆောက်ပြီးစီး၍ ဒေသခံပြည်သူများနှင့် ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဧည့်သည်များအနေဖြင့် မော်တော်ယာဉ်များ၊ မြင်းလှည်းများနှင့် အချိန်တိုအတွင်း သွားလာရေး အဆင်ပြေလွယ်ကူချောမွေ့လျက်ရှိကြောင်း သိရသည်။ **ခရိုင်ပြန်/ဆက်**



## အမျိုးသမီးများအကြမ်းဖက်ခံရမှုနှင့် သက်ငယ်မုဒိမ်းဆိုင်ရာ ကာကွယ်ရေးပညာပေး

**ကော့ကရိတ် ဖေဖော်ဝါရီ ၂**
အမျိုးသမီးများအကြမ်းဖက်ခံရမှုနှင့် သက်ငယ်မုဒိမ်းမှုများဆိုင်ရာ ကာကွယ်တားဆီးရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီက ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်သူ့ဝန်ဆောင်မှုရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကော့ကရိတ်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ထူးအောင်ရွှေက အမျိုးသမီးများအကြမ်းဖက်ခံရမှုနှင့် သက်ငယ်မုဒိမ်းမှုများဆိုင်ရာများကို အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ပြီး ကော့ကရိတ်မြို့နယ် ဥပဒေအရာရှိ ဒေါ်ရဲဒါလီတင်က အကြမ်းဖက်မှု၊ သက်ငယ်မုဒိမ်းမှုဆိုင်ရာပြစ်မှု၊ ပြစ်ဒဏ်များအကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ကော့ကရိတ်ခရိုင် အမျိုးသမီးရေးရာအတွင်းရေးမှူး ဒေါ်နန်းပုလဲဖြူနှင့် ကော့ကရိတ်မြို့နယ်ပညာရေးမှူး ဦးစောရွှေကြည်တို့က သက်ငယ်မုဒိမ်းမှုဆိုင်ရာများအား သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ခရိုင်၊ မြို့နယ်တာဝန်ရှိသူများ၊ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **စိုးထက်အောင်(ကော့ကရိတ်)**

## စားသောက်ကုန်များတွင် တားမြစ်ဆိုးဆေး အသုံးပြုရောင်းဝယ်ခြင်းမပြုလုပ်ရန် သီရိမင်္ဂလာဈေးကြီးတွင် ဗီနိုင်းပိုစတာကြီးဖြင့် စိုက်ထူအသိပေးထား

**ရန်ကုန် ဖေဖော်ဝါရီ ၂**
ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်ရှိ သီရိမင်္ဂလာဈေးကြီးတွင် စားသောက်ကုန်များအား ဘေးဖြစ်စေတတ်သော ဓာတုဆိုးဆေးများ အသုံးပြုရောင်းဝယ်ခြင်း မရှိစေရေးနှင့် ဓာတုဆိုးဆေးအသုံးပြုထားသော စားသောက်ကုန်များအား စားသောက်မိပါကဖြစ်ပေါ်တတ်သော နောက်ဆက်တွဲရောဂါများကို အများပြည်သူ သတိပြုမိစေရန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)မှ ကျန်းမာရေးလမ်းညွှန်မှု ဗီနိုင်းပိုစတာကြီး စိုက်ထူ၍အသိပေးထားသည်ကို ဖေဖော်ဝါရီ ၁ ရက်က သီရိမင်္ဂလာဈေးကြီး၌ မြင်တွေ့ရသည်။

"အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) က စားသောက်ကုန်တွေမှာ တားမြစ်ဆိုးဆေးတွေ အသုံးပြု ရောင်းဝယ်ခြင်းမပြုလုပ်ဖို့ လုပ်ငန်းရှင်တွေကို အသိပေးထားသလို စားသုံးသူတွေ ဘေးအန္တရာယ်မဖြစ်စေဖို့ ဆိုးဆေးအသုံးပြုထားတဲ့ စားသောက်ကုန်အမျိုးအမည်နဲ့ ကုန်အမှတ်တံဆိပ်တွေကို နေ့စဉ်ထုတ်သတင်းစာတွေမှာ ဖော်ပြပေးနေတော့ ဈေးဝယ်တဲ့အခါ သတိပြုဆင်ခြင်နိုင်တာပေါ့" ဟု သီရိမင်္ဂလာဈေးသစ်ကြီးသို့ ဈေးလာဝယ်သူ အိမ်ရှင်မတစ်ဦးကပြောသည်။

မျက်မှောက်ကာလတွင် ဈေးကွက်၌ ရောင်းချနေသော စားသောက်ကုန်အချို့တွင် ဓာတုဆိုးဆေးများ ပါဝင်မှုရှိနေပြီး ဆိုးဆေးအသုံးပြုထားသော စားသောက်ကုန်များကို စားသောက်မိပါက အစာအိမ်ပေါက်ခြင်း၊ အရေပြားခြောက်သွေ့ခြင်း၊ ခန္ဓာကိုယ်ကြီးထွားမှုကို ထိခိုက်စေခြင်း၊ အစာအိမ်အူလမ်းကြောင်းကို ရောင်ရမ်းစေခြင်း၊ ဦးနှောက်နှင့်အာရုံကြောကိုထိခိုက်စေခြင်း၊ အသည်းနှင့် ကျောက်ကပ်ပျက်စီးခြင်း၊ ကင်ဆာရောဂါဖြစ်ပွားခြင်းနှင့်အတူ အသက်ဆုံးရှုံးနိုင်သည်ဟု အဆိုပါ ဗီနိုင်းတွင် ဖော်ပြသတိပေးထားသည်ကို မြင်တွေ့ရသည်။ **(မောင်သုည)**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို အပတ်စဉ် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*



# စီရင်ထုံးတစ်ခု ထုံးပြုရာတွင်

**မောင်စာဂ**

စီရင်ထုံးများသည် ဥပဒေပြုအဖွဲ့ကပြုသော ဥပဒေ ပြဋ္ဌာန်းချက်တစ်ရပ်မဟုတ်။ အမြင့်ဆုံး တရားရုံးက စီရင်ဆုံးဖြတ်ထားသည့် တရားရုံးဆုံးဖြတ်ချက်များဖြစ်သည်။ သို့သော် ဥပဒေ ပြဋ္ဌာန်းချက်တစ်ရပ်ကဲ့သို့ အာနိသင်ရှိသည်။ စီရင်ထုံးများသည် Case-Law သို့မဟုတ် Judge- made Law များဖြစ်သည်။ စီရင်ထုံးများသည် ဥပဒေ၏အကိုင်းအခက်၊ အဖူးအညွန့်၊ အသီးအပွင့်များသည်သာဖြစ်သည်ဟူ၍ ပြဆိုခဲ့ပြီးပြီ။

**စီရင်ထုံးပြုခြင်း**

စီရင်ထုံးများကို ရှေးယခင်ကတည်းကစ၍ ယနေ့အချိန်ထိ နှစ်အလိုက်ပြုစုသည်။ နှစ်အလိုက် ထုတ်ဝေသည်။ နှစ်တစ်နှစ်ကုန်ဆုံးသွားလျှင် ယင်းနှစ်အတွင်းက စီရင်ဆုံးဖြတ်ခဲ့သော အမြင့်ဆုံးတရားရုံးက ချမှတ်ခဲ့သော စီရင်ချက်အားလုံးထဲမှ စီရင်ထုံးပြုထိုက်သည့် စီရင်ချက်များကို စိစစ်ရွေးချယ်ကာ စီရင်ထုံးအဖြစ် ပြုစုခြင်းဖြစ်သည်။

**အဖွဲ့ဖြင့်စိစစ်ရခြင်း**

စီရင်ထုံးတစ်ခုထုံးပြုဖို့ကိစ္စသည် အလွန်အရေးကြီးသည့်လုပ်ငန်းတစ်ရပ်ဖြစ်သည်။ ဤလုပ်ငန်းကို အဖွဲ့ဖြင့် စိစစ်ဆောင်ရွက်သည်။ ယခင်က ဒုတိယတရားသူကြီးချုပ် သို့မဟုတ် တရားရုံးချုပ်တရားသူကြီးတစ်ဦး ကဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ ညွှန်ကြားရေးမှူးများက အဖွဲ့ဝင်များဖြစ်ပြီး၊ ညွှန်ကြားရေးမှူးတစ်ဦးက အဖွဲ့၏ အတွင်းရေးမှူးအဖြစ် တာဝန်ယူသည်။ ၂၀၀၂ ခုနှစ် နှစ်လယ်ပိုင်းလောက်က စတင်ပြီး၊ ဒုတိယရှေ့နေချုပ်နှင့် ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်တို့ကိုပါ အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံ တရားစီရင်ထုံး စိစစ်ထုတ်ဝေရေးအဖွဲ့ဟု ခေါ်ဆိုသည်။

**မည်သည့်အချက်များကို စံထား၍ စီရင်ထုံးပြုပါသနည်း**

စီရင်ထုံးပြုရမည့်စံများကို သတ်သတ်မှတ်မှတ်ချမှတ်ထားခြင်းမရှိပါ။ လက်တွေ့ဆောင်ရွက်ခဲ့ရသည့် အတွေ့အကြုံများအရ အောက်ပါအချက်များကို အဓိကစံထား၍ စိစစ်ရွေးချယ်မှုပြုလုပ်သည်-

(၁) ယခင်က စီရင်ထုံးအဖြစ် ထုံးပြုထားခြင်းမရှိသေးသော စီရင်ချက်ဖြစ်လျှင်၊

(၂) ယခင်က စီရင်ထုံးရှိခဲ့ပြီးဖြစ်သော်လည်း ယင်းစီရင်ထုံးသည် နှစ်ကာလအားဖြင့် ကြာမြင့်နေခဲ့လျှင်၊

(၃) ယခင်က စီရင်ထုံးရှိခဲ့ပြီးဖြစ်သော်လည်း ယင်းစီရင်ထုံးထက် ပိုမိုအားကောင်းခိုင်မာသောစီရင်ချက်ဖြစ်နေလျှင်၊

(၄) ယခင်က စီရင်ထုံးကို လွှမ်းမိုး၍ ဆုံးဖြတ်ထားသော စီရင်ချက်ဖြစ်လျှင်၊

(၅) ယခင်က စီရင်ထုံးကို ပယ်ဖျက်ကြောင်း ဆုံးဖြတ်ထားသော စီရင်ချက်ဖြစ်လျှင်။

**စီရင်ထုံးတစ်ခုအဖြစ် လွဲမှားစွာထုံးပြုမိခဲ့သော်**

စီရင်ချက်တစ်ခုကို စီရင်ထုံးအဖြစ်မပြုသင့်ပါဘဲလျက် လွဲမှားစွာထုံးပြုခဲ့မိသော် တစ်စိတ်တစ်ပိုင်းအားဖြင့် တရားစီရင်ရေး တိမ်းစောင်းခြင်း (Miscarriage of Justice) ဖြစ်သွားစေနိုင်သည်ကို အထူးသတိပြုကြရမည်ဖြစ်သည်။ ကိုယ်တွေ့ကြုံခဲ့ရသည့် ဖြစ်စဉ်တစ်ရပ်ကို အခြေခံ၍ သင်ခန်းစာယူနိုင်ကြဖွယ် မျှဝေပါရစေ။

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၄၀ ပါ ပြဋ္ဌာန်းချက်**

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၂၄၀ ပါ ပြဋ္ဌာန်းချက်၏ အဓိပ္ပာယ်အနှစ်ချုပ်မှာ အမှုတစ်ခုတွင် တရားခံတစ်ဦးအပေါ် တစ်ခုထက်ပိုသော စွဲချက်အများအပြားနှင့် စွဲချက်တင်၍ စစ်ဆေးပြီး၊ အပြစ်ပေးသည့်အခါ စွဲချက်အားလုံးနှင့် အပြစ်မပေးဘဲ စွဲချက်တစ်ရပ် သို့မဟုတ် နှစ်ရပ်အတွက်သာ အပြစ်ပေးသည်။ ကျန်စွဲချက်များကို အပြစ်မပေးဘဲထားခဲ့လျှင် ထိုသို့အပြစ်မပေးဘဲထားသော စွဲချက်များနှင့်စပ်လျဉ်း၍ အမှုမှ အပြီးအပြတ်လွှတ်ရာရောက်ကြောင်း ပြဋ္ဌာန်းထားသည်။

**အပြီးအပြတ်(တရားသေ) လွှတ်သည့်အမိန့် ချမှတ်ခဲ့သော်**

တရားခံအားအမှုမှ အပြီးအပြတ်လွှတ်သည့်အမိန့်ကို တရားသေလွှတ်သည့်အမိန့်ဟုလည်း ခေါ်ဆိုကြသည်။ အပြီးအပြတ်လွှတ်သည့် အမိန့်ချမှတ်ခြင်းအပေါ် မကျေနပ်လျှင် အမှုမှတရားလို သို့မဟုတ် နစ်နာသူက အဆင့်မြင့်တရားရုံးသို့ အယူခံမှု သို့မဟုတ် ပြင်ဆင်မှု တင်သွင်းခွင့်မရှိပါ။ ပြစ်မှုကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ ရှေ့နေချုပ်ရုံးကသာလျှင် တရားလွှတ်တော်သို့ အယူခံမှု တင်သွင်းလျှောက်ထားခွင့်ရှိသည်။

ဦးဘခင်နှင့်ပြည်ထောင်စုမြန်မာနိုင်ငံအမှုတွင် မူလမြို့နယ်တရားရုံးက တရားခံအပေါ် ပြစ်မှု ဥပဒေပုဒ်မ ၄၄၇ နှင့် ပုဒ်မ ၃၂၅ တို့အရ စွဲချက်နှစ်ရပ်ဖြင့် စွဲချက်တင်စစ်ဆေးပြီးနောက် ပုဒ်မ ၄၄၇ အရသာ ပြစ်မှုထင်ရှားစီရင်ပြီး ပုဒ်မ ၃၂၅ အရ ပြစ်မှုထင်ရှားမတွေ့ရှိရသဖြင့် တရားခံအား အမှုမှ အပြီးအပြတ်လွှတ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ အမှုမှအပြီးအပြတ်လွှတ်သော အမိန့်ကိုပြစ်မှု ကျင့်ထုံးဥပဒေ ပုဒ်မ ၄၁၇ အရ ဗဟိုဥပဒေရုံးကသာ ဗဟိုတရားရုံးတွင် အယူခံဝင်ရောက်ခွင့်ရှိကြောင်း လျှောက်ထားသူ (တရားလို) သည် ပြင်ဆင်မှု လျှောက်ထားခွင့်မရှိကြောင်း ဆုံးဖြတ်ခဲ့သည်။ (၁၉၇၅ ခုနှစ်၊ မတစ၊ စာ - ၆၈ ကြည့်ပါ)။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဦးဘိုအေး အမှုတွင် ပခုက္ကူမြို့နယ် တရားရုံးက တရားခံ ဘိုးထွားပါ ၅ ဦးအပေါ် ပြစ်မှုဥပဒေပုဒ်မ ၄၅၂ နှင့် ပုဒ်မ ၄၂၇ တို့အရ စွဲချက်နှစ်ခုနှင့်စွဲချက်တင် စစ်ဆေးပြီးနောက် ပုဒ်မ ၄၅၂ နှင့် မငြိစွန်းကြောင်း စီရင်ချက်တွင် အတိအလင်းသုံးသပ်၍ ပုဒ်မ ၄၂၇ အရသာ ပြစ်မှုထင်ရှားစီရင်ခဲ့ပြီးဖြစ်သဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၅၂ အရ စွဲချက်မှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၄၀ အရ ဘိုးထွားပါ ၅ ဦးအပေါ် အပြီးအပြတ် လွှတ်ရာရောက်သည်ဟု ဆုံးဖြတ်ခဲ့သည်။ (၁၉၉၀ ခုနှစ်၊ မတစ၊ စာ - ၄၃ ကြည့်ပါ)

**အထက်ဖော်ပြပါ စီရင်ထုံးများနှင့် ကွဲလွဲကာ စီရင်ထုံးပြုခဲ့ခြင်း**

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မိုးသီးအမှုတွင် မန္တလေး မဟာအောင်မြေမြို့နယ် တရားရုံးက တရားခံမိုးသီးအပေါ် ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေ ပုဒ်မ ၅(၁) နှင့် ပုဒ်မ ၈(ဂ) တို့အရ စွဲချက်နှစ်ရပ်ဖြင့် စွဲချက်တင်စစ်ဆေးပြီးနောက် ပုဒ်မ ၅(၁) နှင့်စပ်လျဉ်း၍ အပြစ်မပေးခြင်းမှာ ယင်းစွဲချက်နှင့် စပ်လျဉ်း၍ တရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၄၀ အရ ဆိုင်းငံ့ထားခြင်းသာဖြစ်သည်။ ထိုသို့ ဆိုင်းငံ့ထားခြင်းမှာ အပြီးအပြတ်လွှတ်ခြင်း မမြောက်ပေဟု ဆုံးဖြတ်ခဲ့သည်။ (၁၉၉၅ ခုနှစ်၊ မတစ၊ စာ ၈၇ ကြည့်ပါ)

**အယူခံတင်သွင်းမှုများ အတားအဆီးဖြစ်ခဲ့ရသည်**

မိုးသီးစီရင်ထုံးပေါ်ပေါက်လာသည်နှင့် မိုးသီးစီရင်ထုံး၏ ဆုံးဖြတ်ချက်က ယခင်ရှိပြီးသား စီရင်ထုံးတို့ကို လွှမ်းမိုးသွားတော့သည်။ တရားခံတစ်ဦးအပေါ် စွဲချက်တစ်ရပ်ထက်ပိုပြီး စွဲချက်တင်စစ်ဆေးပြီးနောက် စွဲချက်တစ်ရပ်ဖြင့်သာ အပြစ်ပေးပြီး ကျန်စွဲချက်များအတွက် အပြစ်မပေးခဲ့သော် ယင်းအမိန့်အပေါ် ရှေ့နေချုပ်ရုံးက အယူခံမှုတင်သွင်း လျှောက်ထား၍ မရဖြစ်သွားသည်။

ဤတွင် ရှေ့နေချုပ်ရုံးအနေဖြင့် မိုးသီးစီရင်ထုံးကို ပယ်ဖျက်နိုင်အောင် ကြိုးစားရသည်။ စီရင်ထုံးတစ်ခု ပယ်ဖျက်ဖို့ကား လွယ်ကူလှသည်မဟုတ်။ အလားတူ မှုခင်းဖြစ်ရပ်မျိုး ပေါ်ပေါက်လာဖို့လိုအပ်သည်။ အမှုသွား အမှုလာကောင်းဖို့လည်း လိုသည်။

**မိုးသီးစီရင်ထုံးကို ပယ်ဖျက်ရန် အခွင့်အလမ်း ပေါ်လာခြင်း**

ရန်ကုန်တိုင်းတရားရုံး (အနောက်ပိုင်းခရိုင်) ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၇၉ / ၉၅ တွင် တရားခံ မောင်နေလင်းအပေါ် ပြစ်မှုဥပဒေပုဒ်မ ၃၀၂ (၁) (ခ) နှင့် ပုဒ်မ ၃၉၂ တို့အရ စွဲချက်တင် စစ်ဆေးခဲ့ပြီးနောက် ပုဒ်မ ၃၉၂ အရ ပြစ်မှုထင်ရှားတွေ့ရှိသဖြင့် အလုပ်နှင့်ထောင်ဒဏ် ၅ နှစ် အမိန့်ချမှတ်ခဲ့သည်။ ပုဒ်မ ၃၀၂ (၁) (ခ) အရ ပြစ်ဒဏ်ချမှတ်ခြင်း မပြုခဲ့ပါ။ ယင်းအခြေအနေတွင် ပြစ်ဒဏ်ချမှတ်ခြင်း မပြုသည့် ပုဒ်မ ၃၀၂(၁)(ခ) မှာ အပြီးအပြတ်လွှတ်ရာရောက်ကြောင်း ဖော်ပြကာ ရှေ့နေချုပ်ရုံးက တရားရုံးချုပ်သို့ အယူခံမှုတင်သွင်းခဲ့သည်။ တရားရုံးချုပ်က ပြစ်မှုအယူခံမှု အမှတ် ၂၆၃ / ၉၉ ဖြင့် လက်ခံကြားနာပြီး တရားခံ မောင်နေလင်းအား ပြစ်မှုပုဒ်မ ၃၀၂ (၂) အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ရှေ့နေချုပ်ရုံး၏ အယူခံတင်သွင်းမှု အောင်မြင်ခဲ့သည်။

**တရားခံက အထူးအယူခံဝင်ရောက်ခဲ့ခြင်း**

တရားရုံးချုပ်၏ အမိန့်အပေါ် တရားခံ မောင်နေလင်းက မကျေနပ်သဖြင့် မိုးသီးစီရင်ထုံးကို အားပြုကိုးကားကာ အထူးအယူခံဝင်ရောက်ခဲ့သည်။ တရားရုံးချုပ်ကလက်ခံ၍ ၂၀၀၀ ပြည့်နှစ်၊ ပြစ်မှုအထူးအယူခံမှုအမှတ် ၅ ဖြင့် ဖွင့်လှစ်ကြားနာခဲ့သည်။ ကြားနာမည့် ပြဿနာအမှတ် ၁ မှာ မူလရုံးက တရားခံမောင်နေလင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၀၂(၁)(ခ) နှင့် ပုဒ်မ ၃၉၂ အရ စွဲချက်တင်ပြီး ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၉၂ အရသာ ပြစ်ဒဏ်ချမှတ်ခဲ့သဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၂ (၁) (ခ) အရ စွဲချက်တင်ခဲ့သည့် ပြစ်မှုကို အပြီးအပြတ်လွှတ်ရာ ရောက်၊ မရောက်ဟူ၍ ဖြစ်သည်။

အထူးအယူခံခုံရုံးတွင် တရားသူကြီးချုပ် ဦးအောင်တိုးနှင့် တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့်နှင့် ဦးမြင့်သိန်းတို့ရုံးထိုင်သည်။ အယူခံတရားလို မောင်နေလင်းအတွက် တရားရုံးချုပ် ရှေ့နေ ဒေါ်လေးလေးရီက လိုက်ပါဆောင်ရွက်သည်။ အယူခံတရားခံ နိုင်ငံတော်အတွက် စာရေးသူ မှလိုက်ပါဆောင်ရွက်ခဲ့သည်။ အခွင့်ကောင်းအခါကောင်းနှင့် ကြုံကြိုက်လာသဖြင့် မိမိသည် အထူးအလေးထားကြိုးစားအားထုတ်၍ လျှောက်လဲချက်ပေးခဲ့ရသည်။ မိုးသီးစီရင်ထုံးမတိုင်ခင်က ချမှတ်ခဲ့သောစီရင်ထုံးများကို ကိုးကားသည်။ Suresh Karmakar V.Sekhishu, A.I.R 1954 Tripura 16 P.17 အိန္ဒိယ စီရင်ထုံးနှင့် 1954 Cr. LJ1821 တို့ကိုလည်း ကိုးကားကာ ကျယ်ကျယ်ပြန့်ပြန့် လျှောက်လဲတင်ပြခဲ့သည်။

**အထူးအယူခံခုံရုံး၏ သုံးသပ်ဆုံးဖြတ်ချက်အကျဉ်း**

ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၀၂(၁)(ခ) နှင့်စပ်လျဉ်း၍ တိုင်းတရားရုံးက အမိန့်တစ်စုံတစ်ရာ ချမှတ်ခြင်းမပြုသဖြင့် ယင်းစွဲချက်ကို တိုင်းတရားရုံးက ဆိုင်းငံ့ထားသည်ဟုဆိုရပေမည်။ တိုင်းတရားရုံးက ပြစ်မှုထင်ရှားစီရင်သော ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂ ကို အထက်တရားရုံးက ပြင်ဆင်ပယ်ဖျက်ခြင်းမပြုသဖြင့် အဆိုပါဆိုင်းငံ့ထားသော ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၁)(ခ)အရ စွဲချက်သည် အပြီးအပြတ် လွှတ်ရာရောက်ကြောင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၄၀ ပါ ပြဋ္ဌာန်းချက်အရ မြင်သာသည်။

သို့ဖြစ်၍ ရှေ့နေချုပ်ရုံးမှ တင်ပြချက်ကို လက်ခံရပေမည်။ ထို့ကြောင့် အပြီးအပြတ်လွှတ်သော ပြစ်မှုနှင့် စပ်လျဉ်း၍ ရှေ့နေချုပ်ရုံးမှ တရားရုံးချုပ်တွင် အယူခံဝင်ရောက်ခွင့်ရှိသည်။ မိုးသီးစီရင်ထုံးသည် ယခင်စီရင်ထုံးများနှင့် ဆန့်ကျင်ကွဲလွဲ ဆုံးဖြတ်ထားသဖြင့်လည်းကောင်း၊ မိုးသီးစီရင်ထုံးပါ ဆုံးဖြတ်ချက်သည် ရှေ့နောက်ညီညွတ်မှုမရှိသဖြင့်လည်းကောင်း မိုးသီးစီရင်ထုံးကို လိုက်နာ ဆောင်ရွက်ရန်မလိုကြောင်း ကျွန်ုပ်တို့မှတ်ချက်ပြုလိုက်သည်။ (၂၀၀၀ ပြည့်နှစ်၊ မတစ၊ စာ - ၆၉ ကြည့်ပါ)

**တရားစီရင်ရေးလမ်းကြောင်း ပြန်လည်တည့်မတ်လာသည်**

မောင်နေလင်းစီရင်ထုံးသည် တရားသူကြီးချုပ် ကိုယ်တိုင်ပါဝင်သည့် အထူးအယူခံခုံရုံးကဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ မောင်နေလင်းစီရင်ထုံးထွက်ပေါ်လာသည်နှင့် ဤကိစ္စအလို့ငှာ တရားစီရင်ရေးလမ်းကြောင်း ပြန်လည်တည့်မတ်လာသည်။ ပြစ်မှုကျင့်ထုံးပုဒ်မ ၂၄၀ အရ အပြီးအပြတ် လွှတ်ရာရောက်သည့် အမိန့်များကို ရှေ့နေချုပ်ရုံးက အယူခံတင်သွင်းခွင့် ပြန်လည်ရရှိလာသည်။ သင်ခန်းစာယူရန် ဖြစ်ပေသည်။

ယခုကဲ့သို့ ထုံးပြုထားသော စီရင်ထုံးတစ်ခုကို နောက်စီရင်ထုံးဖြင့် ပြန်၍ဖျက်ပေးရသည်မှာ ဤအကြိမ်သာမဟုတ်ပါ။ များစွာရှိခဲ့ပါသည်။ သာဓကတစ်ခုကို ထုတ်ပြရန်လျှင် M.Muthiah Sevia V.Union of Myanmar 1955 M.L.R (H.C) 175 စီရင်ထုံးကို မခင်မြင့် (ခ) မခင်ညွန့်ကြည်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် ၁၉၇၀ ခုနှစ် အထူးရာဇဝတ်ခုံရုံး အယူခံအဖွဲ့ စီရင်ထုံးများ စာ - ၃၂၁ က ပယ်ဖျက်ခဲ့သည်။ ပယ်ဖျက်ခဲ့သည့် အကြောင်းရင်းမှာ ဥပဒေဆောင်ပုဒ် (Legal Maxim) စီရင်ထုံးစသည်တို့ကို ပုံသေလက်ခံကျင့်သုံးရန်မဟုတ်။ တစ်မှုနှင့်တစ်မှုမတူ၊ အကြောင်းခြင်းရာများကို ကောင်းစွာထုတ်ပြီးမှ အမှန်အမှားကို သဘာဝယုတ္တိနှင့်အညီ ဆုံးဖြတ်ရန်လိုသည်ဟု လမ်းညွှန်ကာ ယခင်စီရင်ထုံးကို ပယ်ဖျက်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် စီရင်ထုံးတစ်ခုနှင့်တစ်ခုလည်း ကွဲလွဲ၍ထုံးဖွဲ့ထားသည်များရှိသည်။ ထိုသို့ စီရင်ထုံးနှစ်မျိုးရှိနေလျှင် မည်သည့်စီရင်ထုံးကမှန်သည်။ မည်သည့်စီရင်ထုံးက မှားယွင်းသည်ဟူ၍ အောက်ရုံးများက ကောက်ယူဆုံးဖြတ်ခြင်းမပြုနိုင်ကြောင်း မိမိနှစ်သက်ရာစီရင်ထုံးကို လိုက်နာရန်ဖြစ်ကြောင်း စီရင်ထုံးတစ်ခုတွင် ဆုံးဖြတ်ထားသည်။ (၁၉၅၇ ခုနှစ်၊ မတစ၊ စာ - ၂၅၉ ကြည့်ပါ)

**(စီရင်ထုံးများပယ်ဖျက်ခြင်းနှင့် ကွဲလွဲထုံးဖွဲ့ထားသော စီရင်ထုံးများအကြောင်း သီးခြားရေးပါဦးမည်။)**

ထိုသို့ စီရင်ထုံးတစ်ခုကို မှားယွင်းထုံးပြုခဲ့လျှင် သို့မဟုတ် စီရင်ထုံးတစ်ခုနှင့်တစ်ခု ကွဲလွဲထုံးပြုခဲ့လျှင် တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို တစ်ရုံး တစ်ထုံးဖြစ်စေသည်။ တရားစီရင်ရေး တိမ်းစောင်းခြင်း (Miscarriage of Justice) ဖြစ်စေသည်။ သို့ဆိုလျှင် တရားစီရင်ရေးတိမ်းစောင်းခြင်းမရှိ အစဉ်တည့်မတ် မှန်ကန်နေစေရေးအတွက် ဥပဒေနှင့်အညီ မှန်ကန်၍ ကောင်းမွန်သောစီရင်ထုံးများ ပေါ်ထွက်ဖို့ အရေးကြီးသည်။ ဥပဒေနှင့်အညီ မှန်ကန်၍ ကောင်းမွန်သော စီရင်ထုံးများ ပေါ်ပေါက်ဖို့ဆိုလျှင် ဥပဒေနှင့်အညီ မှန်ကန်ကောင်းမွန်သော စီရင်ချက်များ ဖြစ်ထွန်းဖို့က အဓိကပထမဖြစ်သည်။

ဥပဒေနှင့်အညီ မှန်ကန်ကောင်းမွန်သော စီရင်ချက်များ ဖြစ်ထွန်းလာနိုင်ကြပါစေ။

ဥပဒေနှင့်အညီ မှန်ကန်ကောင်းမွန်သော စီရင်ထုံးများ ပေါ်ပေါက်လာနိုင်ကြပါစေ။

# တစ်ပိုင်တစ်နိုင်တံဆိပ်ရိုက်လုပ်ငန်းကြောင့် ပုံမှန်ဝင်ငွေရရှိ



**မန္တလေး ဖေဖော်ဝါရီ ၂**
တစ်ပိုင်တစ်နိုင်တံဆိပ်ရိုက်လုပ်ငန်းများမှာ ကုန်ကျစရိတ်နည်းပါးစွာဖြင့် ပုံမှန်ဝင်ငွေရရှိလျက်ရှိသည်။ တံဆိပ်ရိုက်လုပ်ငန်းမှာ လူအနည်းစုဖြင့်တစ်ပိုင်တစ်နိုင်ပြုလုပ်နိုင်ပြီး တံဆိပ်ရိုက်လုပ်ငန်းလုပ်ကိုင်သူများမှာ စတိုးဆိုင်များနှင့် ဆက်စပ်ကာ လုပ်ကိုင်လာသည်။ အများအားဖြင့် ဝေဖာအိတ်များကို ဆိုင်တံဆိပ်များရိုက်နှိပ်မှုပိုများလာသည်။ စတိုးဆိုင်သို့ လာရောက်ဝယ်ယူပါက ဆိုင်နာမည်ပါ ဝေဖာအိတ်များဖြင့်ထည့်ပေးလေ့ရှိသည်။ လက်ရှိကာလ အလှူရာသီတွင် အင်္ကျီများတွင် အလှူရှင်များ၏ အမည်များကို ရိုက်နှိပ်ပေးကြရသည်။

တံဆိပ်ရိုက်လုပ်ငန်းလုပ်ကိုင်နိုင်ရန်အတွက် ပထမဦးစွာ လိုအပ်သည့်ဒီဇိုင်းများကို ကွန်ပျူတာဖြင့် ပြုလုပ်ပေးရသည်။ ထို့နောက်တွင် ဒီဇိုင်းများကို ဇာပေါင်တွင်ပုံပြန်ကူးခြင်းကို ပြုလုပ်ပေးရသည်။ ဒီဇိုင်းကူးထားသော ဇာပေါင်လေးခုကို ဆုံလည်တွင် တပ်ဆင်ကာ တံဆိပ်ရိုက်ခြင်းကိုပြုလုပ်ကြရသည်။ တံဆိပ်ရိုက်မည့်အိတ်ကို ဇာပေါင်အောက်တွင်ထားပေးကာ အပေါ်မှဆေးတင်ပေးရုံဖြင့် တံဆိပ်ရိုက်ပြီးဖြစ်သွားသည်။

အင်္ကျီတံဆိပ်ရိုက်ရာတွင် အင်္ကျီအထည်ငါးဆယ်တွင် ဈေးတစ်မျိုးယူကာ ငါးဆယ်ထက်ပိုပါ ဈေးနှုန်းသက်သာသွားလေ့ရှိသည်။ လက်ရှိကာလတွင် အထည်ငါးဆယ်တံဆိပ်ရိုက်မည်ဆိုပါက အင်္ကျီတစ်ထည်လျှင် ငွေကျပ် ၃၀၀ နှုန်းယူပြီး များသွားပါက နှစ်ရာ့ငါးဆယ်မှ နှစ်ရာအထိဈေးလျော့သွားသည်။ စတိုးဆိုင်သုံးဝေဖာအိတ်များကိုမူ အိတ်အပါအဝင် အပြီးအစီး ငွေကျပ် ၂၅၀ ယူလေ့ရှိသည်။ အိတ်ဈေးနှုန်းအနည်းအများမှာ အိတ်ဆိုက်ပေါ်တွင်လည်း မူတည်နေသည်။ အများအားဖြင့် ဝေဖာအိတ်များမှာ ရှစ်လက်မ၊ ဆယ်လက်မ၊ ခြောက်လက်မ၊ ၁၄ လက်မ၊ ၁၉ လက်မအဖြစ် အမျိုးမျိုး တံဆိပ်ရိုက်နှိပ်ပေးကြရသည်။ ဝေဖာအိတ်အပြီးအစီး တံဆိပ်ရိုက်ရာတွင် အနည်းဆုံး ငွေကျပ် ၁၅၀ မှ အများဆုံး ၂၅၀ အထိရှိကြောင်း သိရသည်။

ဝေဖာအိတ်တံဆိပ်ရိုက်ရာတွင် တစ်ယောက်တည်းပြုလုပ်ပါက အိတ်ငါးရာကျော်ပြီးစီးသည်။ တံဆိပ်ရိုက်လုပ်ငန်းတွင် ဝါတွင်းကာလ၌ အားကစားအင်္ကျီများ၊ သီတင်းကျွတ်ပါက အလှူမင်္ဂလာဆောင်အင်္ကျီများ၊ သင်္ကြန်မတိုင်ခင်တွင် ဆိုင်တံဆိပ်ရိုက်အမှတ်တရအင်္ကျီများ ရိုက်ပေးရသည်။ တစ်နှစ်ပတ်လုံး တွင်ကျယ်စွာတံဆိပ်ရိုက်ရသည့်အရာမှာ ဝေဖာအိတ်များဖြစ်ပြီး ပုံမှန်ဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**

# သက်တမ်းအပြည့် တာဝန်ထမ်းဆောင်ခဲ့သော ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား ချီးမြှင့်ငွေပေးအပ်

**ပုလဲ ဖေဖော်ဝါရီ ၂**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ ပုလဲရတနာခန်းမ၌ ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ပထမအကြိမ် သက်တမ်းအပြည့် တာဝန်ထမ်းဆောင်ခဲ့သော ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ တလုံးတခဲ စရိတ်ချီးမြှင့်ငွေပေးအပ်ပွဲအခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးဝင်းက အမှာစကားပြောကြားခဲ့ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဦးအောင်ထွန်းမြင့်က ဂုဏ်ပြုစကားပြောကြားခဲ့သည်။ ထို့နောက် ပုလဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးဝင်းနှင့် တာဝန်ရှိသူများက ပထမအကြိမ် သက်တမ်းအပြည့် တာဝန်ထမ်းဆောင်ခဲ့သော ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား တလုံးတခဲ စရိတ်ချီးမြှင့်ငွေများကို ပေးအပ်ခဲ့ပြီး တောင်ပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူးဟောင်း ဦးကြည်စိုးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားတွင် ပုလဲမြို့နယ်ရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၅၉ ဦးအား တစ်ဦးလျှင် တလုံးတခဲ စရိတ်ချီးမြှင့်ငွေကျပ် ၂၄၅၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၄၄၅၅၀၀၀ ကို ပေးအပ်ခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**



# ပြည်သူ့စာကြည့်တိုက်တွင် မြန်မာစာ၊ မြန်မာစကား စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**ဝါးခယ်မ ဖေဖော်ဝါရီ ၂**
ကျောင်းသား၊ ကျောင်းသူ ကလေးသူငယ်များ မြန်မာစာ၊ မြန်မာစကား ဖတ်မှု၊ မှတ်မှု အသိဉာဏ် ပိုမိုထက်မြက်လာစေရေးကို ရည်ရွယ်ပြီး ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက စာဖတ်စွမ်းရည်ပြိုင်ပွဲကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ကြည်က စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်၊ ပြည်သူ့စာကြည့်တိုက်အား ပြည်သူများ အားထားယုံကြည်ရသော လူမှုအခြေပြုဗဟိုဌာန (Community Center ) နှင့် လူမှုအခြေပြုစာကြည့်တိုက် (Community Library) အဖြစ် အဆင့်မြှင့်တင်နိုင်ရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အ. လ. က (၂) ကျောင်းမိသားစုမှ ကျောင်းသား၊ ကျောင်းသူ ၂၀ ဦးက စာဖတ်စွမ်းရည်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး၊ အ. လ. က (၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်သိန်းနှင့် ဆရာ၊ ဆရာမများက အကဲဖြတ်အမှတ်ပေးကာ ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**

# လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးအကြို ဆွေးနွေးပွဲ တာချီလိတ်၌ကျင်းပ



**တာချီလိတ် ဖေဖော်ဝါရီ ၂**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစု ပင်လုံညီလာခံတွင် ရှမ်းလူမျိုးများ၏ ဆန္ဒသဘောထားများကို ထည့်သွင်းဆွေးနွေးနိုင်ရန်၊ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးအကြိုဆွေးနွေးပွဲ (ရှမ်းလူမျိုး)ကို ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီခွဲက ဆေခမ်းရပ်ကွက်ရှိ မဟာရာဇဌာန် ဘုန်းကြီးကျောင်းရှိ ခန်းမဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲအား နိုင်ငံရေးကဏ္ဍတွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များ၊ တိုင်းရင်းသားလူမျိုး တစ်မျိုးချင်းစီအလိုက် ခံစားသင့် ခံစားထိုက်သော အခွင့်အရေးနှင့် လူမျိုးရေးဆိုင်ရာ စုပေါင်းအခွင့်အရေးကိစ္စရပ်များ၊ လူမှုရေးကဏ္ဍတွင် ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေးဆိုင်ရာများ၊ စီးပွားရေးကဏ္ဍတွင် ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာများ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စများကဏ္ဍတွင် မြေယာနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲရေးနှင့် ခွဲဝေခြင်းဆိုင်ရာကိစ္စရပ်များကို ပြည်သူများ၏ အမြင်သဘောထားများအား ဆွေးနွေးမည်ဖြစ်သည်။

အဆိုပါ အကြိုဆွေးနွေးပွဲကို ရှမ်းပြည်ညီညွတ်ရေးကော်မတီ CSSU က ဦးဆောင်၍ ရှမ်းပြည်သူများနှင့်ကွင်းဆင်း၍ တွေ့ဆုံဆွေးနွေးကာ ဆန္ဒသဘောထားများ စုစည်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ရထားပေါ်မှ ပြုတ်ကျ၍ ရထားကြိတ်ခံရသော ကလေးငယ်အား ရထားရဲတပ်ဖွဲ့မှ ကူညီစောင့်ရှောက်ပေးခဲ့

**ရန်ကုန် ဖေဖော်ဝါရီ ၂**
ရန်ကုန်ဘူတာကြီးမှ အင်းစိန်သို့ထွက်ခွာမည့် သရက် (၇) မြို့ပတ်ရထားသည် ဇန်နဝါရီ ၃၀ ရက် ညနေ ၅ နာရီ ၅၅မိနစ်ကဟံသာဝတီဘူတာမှ ထွက်ခွာစဉ် ကလေးငယ်တစ်ဦး ရထားပေါ်ပြေးတက်ရာမှခြေချော်ကျ၍ ရထားအောက် ဝင်ရောက်သွားသဖြင့် ညာခြေဖဝါးကြေမွ၊ ဘယ်ပေါင်ကျိုးဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်ဖြစ်လျှင်ဖြစ်ချင်း ရထားလုံခြုံရေးလိုက်ပါလာသော ရဲဒုတပ်ကြပ် ဇင်မင်းထွန်းနှင့် ရဲဒုတပ်ကြပ် ကျော်မင်းဦးတို့က အငှားယာဉ်ဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကာ ဆေးကုသမှု ခံယူစေခဲ့ပြီး ကလေးငယ်အား မေးမြန်းချက်အရ မောင်ချစ်ကို (၁၂)နှစ်ဖြစ်ကြောင်း၊ မိခင်ဖြစ်သူနှင့်အတူသွားလာရာမှ လူချင်းကွဲသွားခဲ့ကြောင်း၊ ရိုးလေးရပ်ကွက် လှိုင်သာယာတွင် နေထိုင်ကြောင်း သိရ၍ အင်းစိန်ရထားရဲတပ်ခွဲမှူး၏ အစီအစဉ်ဖြင့် စုံစမ်းခဲ့ကာ ကလေးမိဘများနှင့်အဆက်အသွယ်ရရှိအောင် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရထားရဲတပ်ဖွဲ့.**



idcrfa&;jynfxmifpk&;ubdzmfqmifaom oDif uAmfyJjidfydr; uifyom;rnfzpf ycl;rd'Wrl0efkrfOpDme trS(2)rlvwefuduKmif aumifom;aumifo;ubDif uAmfyJjifm;t m;avbifyv ufaDumif odonf ပဲခူးခရိုင်(ပြန်/ဆက်)

# ကွန်ပျူတာစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

**ကလေး ဖေဖော်ဝါရီ ၂**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကလေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွန်ပျူတာစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၁၇) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီခွဲက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ဖွင့်ပွဲတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာရှိန်က အဖွင့်အမှာစကားပြောကြားပြီး ယင်းကွန်ပျူတာစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို သင်တန်းနည်းပြနှစ်ဦးက ကလေး၊ ကလေးဝ၊ မင်းကင်းနှင့်တမူးမြို့များမှ သင်တန်းသား ၁၅ ဦးတို့အား သင်တန်းကာလ တစ်လကြာ သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

# ကျေးဇူးတင်လွှာ

**ရန်ကုန်မြို့နေ ဦးခင်မောင်လင်း ( Managing Director) အဥ္စလီဖြိုး Trading and Construction –**
**ဒေါ်ခင်အေးချို (Contractor) အဥ္စလီဖြိုးဆောက်လုပ်ရေးတို့၏ သားငယ်**
**မောင်နေသာလင်း**
**Director ( Enzali Phyo Trading and Construction )**
**နှင့်**
**ရန်ကုန်မြို့နေ ဦးခင်မောင်ဝင်း – ဒေါ်ခင်လှိုင်မြင့် (ရွှေမန်းတောင်တိုင်းရင်းဆေးဝါးလုပ်ငန်းနှင့် Shwe Mann Thu Kha Co.,Ltd. ) တို့၏ မြေးဦး**
**ဦးကောင်းဝင်းရှိန် – ဒေါ်ခင်ချိုချိုသင်း (မန်းသုခဆေးဆိုင်) တို့၏ သမီးဦး**
**မရွှေသဥ္စာ**
**(B.A) English**

တို့၏ (၂၁-၁-၂၀၁၇)ရက် (စနေနေ့) တွင် Sedona Hotel (Inya Room) ၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဒေါ်ခင်သစ်ဆွေ (ဒုတိယညွှန်ကြားရေးမှူး၊ ပြည်ထောင်စုတရား လွှတ်တော်ချုပ်နှင့် မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဒေါ်အေးအေးသီ (တရားလွှတ်တော်ရှေ့နေ) တို့အားလည်းကောင်း၊ မင်္ဂလာအသိသက်သေအဖြစ် ဆောင်ရွက်ပေးကြသော ဦးအောင်မိုးလွင်နှင့် ဇနီးဒေါ်ခင်သူဇာဝင်း၊ ဦးရန်အောင်နှင့် ဇနီးဒေါ်ခင်နဒီလင်းတို့အားလည်းကောင်း၊ မေတ္တာဖြင့်လက်ဝတ်ရတနာဆင်မြန်းပေးပါသော Miraculous Jewellery အားလည်းကောင်း၊ မိတ်ကပ်၊ ဆံပင်အလှဆင်ပေးပါသော မိတ်ကပ်ဝိုင်း (Missy Wine)အား လည်းကောင်း၊ မင်္ဂလာအခမ်းအနားနှင့် စားသောက်ဖွယ်ရာများ စီစဉ်ပေးပါသော Sedona Hotel၊ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ (၂၂-၁-၂၀၁၇)ရက် (တနင်္ဂနွေနေ့)တွင် Melia Yangon Hotel (Grand Ballroom)၌ ကျင်းပပြုလုပ်သော စုလျားရစ်ပတ်ထိမ်းမြား မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် စုလျားရစ်ပတ်လက်ထပ်၍ မင်္ဂလာအောင်စံပယ်ကုံးများ ချီးမြှင့်ပေးပါသော ဘဘဦးခင်မောင်ဝင်းနှင့် ဘွားဘွားဒေါ်ခင်လှိုင်မြင့် (ရွှေမန်းတောင်တိုင်းရင်းဆေးဝါးလုပ်ငန်းနှင့် Shwe Mann Thu Kha Co., Ltd)တို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ပါပါး ဦးထွန်းလှနှင့် မာမား ဒေါ်ခင်သန်းမြင့် (ထွန်းသယ်ယူပို့ဆောင်ရေး)အားလည်းကောင်း၊ မင်္ဂလာပွဲသို့ကြွရောက်ချီးမြှင့်ပေးသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနား မှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာရတုသီဆိုပေးပါသော အဆိုတော် ဒေါ်စိမ်းမိုမို၊ မင်္ဂလာတေးသံသာများဖြင့် သီဆိုဧည့်ခံပေးပါသော The Aces တေးဂီတအဖွဲ့နှင့် အဆိုတော်များအားလည်းကောင်း၊ မင်္ဂလာရွှေလမ်းငွေလမ်းခင်းပေးပါသော မဖူးမြတ်သွယ်၊ မင်္ဂလာပန်းကြဲပေးပါသော မတင့်လဲ့ဝင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးပါသော မပိုးအိချစ်၊ မင်္ဂလာလက်စွပ်ကလပ် ကိုင်ဆောင်ပေးပါသော မချယ်ရီကို၊ မင်္ဂလာသတို့သားအရံ ဒေါက်တာစိန့်ဖြိုးလှိုင် (သရုပ်ဆောင်မောင်)နှင့် ဒေါက်တာ Lawrence ၊ မင်္ဂလာသတို့သမီးအရံ မထူးအင်ကြင်းအောင်နှင့် မနန်းကေဇာဘုန်းမြင့်၊ မင်္ဂလာလက်ဝတ်ရတနာဆင်မြန်းပေးပါသော ဒေါ်သီတာအောင် (Mg Cho & Sons Shipping Co., Ltd) အားလည်းကောင်း၊ မိတ်ကပ်၊ ဆံပင်အလှဆင်ပေးပါသော ဒီဇင်ဘာနှင်းနှင့်အဖွဲ့၊ အခမ်းအနားပန်းအလှဆင် မြန်းပေးပါသော Island Flower မှ မဇင်ဇာနှင့်အဖွဲ့၊ မင်္ဂလာအခမ်းအနားနှင့် စားသောက်ဖွယ်ရာ ပြင်ဆင်ပေးပါသော Melia Yangon Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ (၂၄-၁-၂၀၁၇)မဟာစည်သာသနာ့ရိပ်သာတွင် သီတင်းသုံးတော်မူသော သံဃာတော်များ၊ သီလရှင်များ၊ ယောဂီများအား မင်္ဂလာဦးဆွမ်းကပ်လှူပွဲတွင် ကြွရောက်ချီးမြှင့်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများအားလည်းကောင်း၊ (၂၅-၁-၂၀၁၇) Kandawgyi Palace Hotel (Pool Side) တွင် ကျင်းပသော မင်္ဂလာညစာစားပွဲအခမ်းအနားတွင် မင်္ဂလာရှေ့ပြေးများအဖြစ် ဆောင်ရွက်ပေးကြသော သားငယ်လေး အဂ္ဂမိုးပိုင်နှင့် သက်တံ့မိုးပိုင်၊ မင်္ဂလာပန်းကြဲပေးပါသော မမေကံ့ကော်ဖူးအားလည်းကောင်း၊ ပျော်ရွှင်ဖွယ်မင်္ဂလာညစာစားပွဲဖြစ်အောင် စီစဉ်ဆောင်ရွက်ပေးပါသော အခမ်းအနားမှူး ကိုကျော်သူလင်း (MRTV-4) အားလည်းကောင်း၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော My Music Band နှင့်အဖွဲ့၊ မေတ္တာဖြင့်တေးသီဆိုပေးပါသော အဆိုတော် ကိုသျှိုင်းအောင်အားလည်းကောင်း၊ အခမ်းအနားပန်းအလှဆင်ယင်ပေးပါသော Inya Floral မှ မသက်နှင်းလှိုင်၊ မိတ်ကပ်၊ ဆံပင်အလှဆင်ပေးပါသော မိတ်ကပ်မေဦးနှင့်အဖွဲ့၊ မင်္ဂလာဓါတ်စာရိုက်ကူးပေးပါသော ဒဂုံပုံနှိပ်တိုက်အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားနှင့် စားသောက်ဖွယ်ရာပြင်ဆင်ပေးပါသော Kandawgyi Palace Hotel မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ၊ စုလျားရစ်ပတ်ထိမ်းမြား မင်္ဂလာဧည့်ခံပွဲ၊ မင်္ဂလာဦးဆွမ်းကပ်လှူပွဲနှင့် မင်္ဂလာညစာအခမ်းအနားတို့တွင် ဓာတ်ပုံ၊ ဗီဒီယိုတို့ဖြင့် မှတ်တမ်းတင်ရိုက်ကူးပေးပါသော ဝဏ္ဏခွာနီး (Focus Daily)၊ မင်္ဂလာဝတ်စုံများဖန်တီးချုပ်လုပ်ပေးပါသော မိုးကုတ်ပေါက်ပေါက်အားလည်းကောင်း၊ ဤမင်္ဂလာပွဲများအား အစစအရာရာအဆင်ပြေချောမွေ့အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော နှစ်ဖက်သောဆွေမျိုး မိတ်သင်္ဂဟအားလုံး၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သောသူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်နေသာလင်း – မရွှေသဥ္စာ



လေဆိပ်အနီး (၁.၄၇) ဧကပေါ်တွင် ဆောက်ထားပြီး **နိုင်ငံခြားသားကိုပြန်လည်ရောင်းချနိုင်သော**
စုပေါင်းပိုင်အဆောက်အဦ အဖြစ်မှတ်ပုံတင်မည့် **ကွန်ဒို**

**JUNE.2018 Key အပ်**

စရန်နှင့် **Key** အပ်ချိန်တွင် **13%** ကျန် **74%** ကို

**148 လ ငွေချေစနစ်**
**အတိုးမယူ**
**လစဉ်**
**သိန်း 4 ခန့်**

ရန်ကုန်တွင် ပထမဆုံးကွန်ဒိုနေရာနှင့် Junction 8 သို့အသွားအပြန် နံနက် (၆) နာရီမှာည (၉)အထိ **FREE SHUTTLE BUS** SERVICE ပါမည်။

ROYAL THIRI
CONDOMINIUM

**ဦးဆုံး(15)ခန်းလက်ဆောင်**
**ပါကေး & AIR-CON**

**စရန် 9 သိန်း ယူလာပါ**

**နေ့ရက်** ■ 4/5-Feb-2017(9AM t0 9PM)
**နေရာ** ■ ဦးဝိစာရလမ်း၊ ရွှေတိဂုံစေတီအနောက်မုခ်ရှေ့
People Park Myanmar Culture

**မြန်မာနိုင်ငံသားများပိုင်ဆိုင်သော**
**i GREEN**
**DEVELOPMENT & ENGINEERING GROUP**

ကွန်ဒိုနေရာသို့ ကြိုတင်လေ့လာရန် ရန်ကုန်မြို့ထဲမှ ပြည်လမ်းမအတိုင်းလာပြီး လေဆိပ်မီးပွိုင့်အကျော် YCDC ဂေါက်ကွင်းရှိရာ ဂျပန်လမ်းရောက်လျှင် ဘယ်ချိုးပါ မြင်မြင်ချင်းလမ်း သီရိမင်္ဂလာလမ်းသို့ရောက်လျှင် ဘယ်ချိုးပါ။ လမ်းဆုံးလျှင်ဘယ်ချိုး နိဗ္ဗာန် ဈ လမ်းတွေ့လျှင် ညာချိုးပါက ကွန်ဒိုသို့ရောက်မည်။

# NEW MOTION
TRAVELS & TOURS

**ESCAPE FROM EVERYDAY LIFE**

**ရွှေ့လျားသစ်လွင် အတာသင်္ကြန်ခရီးစဉ်များ**

မန္တလေးမှထွက်မည့် ခရီးစဉ်များ

| | |
|---|---|
| ဂျပန် | - ငြို (၁၁ - ၂၀) |
| ကိုရီးယား | - ငြို (၁၁ - ၂၀) |
| စင်္ကာပူ | - ငြို (၁၃ - ၁၈) |
| စင်္ကာပူ-မလေးရှား | - ငြို (၁၂ - ၁၉) |
| ဗန်ကောက် | - ငြို (၁၂ - ၁၇) |
| ဖူးခက် | - ငြို (၁၃ - ၁၇) |
| ဗန်ကောက်-ဖူးခက် | - ငြို (၁၂ - ၁၈) |
| တရုတ်ပြည်မကြီး | - ငြို (၁၂ - ၁၉) |

Call Now!

ရန်ကုန်မှထွက်မည့် ခရီးစဉ်များ

| | |
|---|---|
| အမေရိကား | - ငြို (၁၀ - ၂၈) |
| | - ငြို (၁၁ - ၂၇) |
| ဥရောပ | - ငြို (၁၀ - ၂၄) |
| ဩစတြေးလျ | - ငြို (၁၀ - ၂၀) |
| အင်္ဂလန် | - ငြို (၁၁ - ၂၄) |
| စပိန်-ပေါ်တူဂီ | - ငြို (၁၀ - ၂၁) |
| ဂရိ | - ငြို (၁၁ - ၁၉) |
| တရုတ်ပြည်မကြီး | - ငြို (၁၂ - ၁၉) |
| ဟောင်ကောင် | - ငြို (၁၂ - ၁၇) |
| ဟောင်ကောင်-တရုတ် | - ငြို (၁၃ - ၂၀) |
| ဂျပန် | - ငြို (၁၂ - ၂၁) |
| ဂျပန်(ဟိုကိုင်းဒိုး) | - ငြို (၁၃ - ၂၁) |
| သီရိလင်္ကာ | - ငြို (၁၂ - ၁၈) |
| မုဒ္ဒဂယာ | - ငြို (၁၃ - ၂၀) |
| ကိုရီးယား | - ငြို (၁၁ - ၂၀) |
| ဒူဘိုင်း | - ငြို (၁၂ - ၁၈) |
| ဘူတန် | - ငြို (၁၂ - ၁၉) |
| ထိုင်ဝမ် | - ငြို (၁၄ - ၂၀) |
| စင်္ကာပူ | - ငြို (၁၂ - ၁၆) |
| | - ငြို (၁၃ - ၁၇) |
| စင်း-မလေး | - ငြို (၁၁ - ၁၈) |
| စင်း-ဘာလီ | - ငြို (၁၂ - ၁၉) |
| ဘာလီ | - ငြို (၁၂ - ၁၈) |
| ဖူးခက် | - ငြို (၁၃ - ၁၇) |
| ဗန်ကောက် | - ငြို (၁၂ - ၁၇) |
| ကတ်ရှ်မီးယား | - ငြို (၁၂ - ၁၉) |
| ဗန်ကောက်-ဖူးခက် | - ငြို (၁၂ - ၁၈) |
| ဗီယက်နမ် (ဟနွိုင်း) | - ငြို (၁၂ - ၁၆) |
| (ဒါနန်း) | - ငြို (၁၃ - ၁၈) |
| (ဒါနန်း) | - ငြို (၁၂ - ၁၇) |
| ဗီယက်နမ်-ကမ္ဘောဒီးယား | - ငြို (၁၂ - ၁၉) |
| ဗန်ကောက်-ကမ္ဘောဒီးယား | - ငြို (၁၃ - ၁၈) |

**Feb & March!**

| | |
|---|---|
| မုဒ္ဒဂယာ | - Mar 02-09 |
| ဗန်ကောက် | - Feb 24-28 |
| ဖူးခက် | - Mar 24-28 |
| ဗီယက်နမ် | - Feb 24-27, Mar 17-20, Mar 24-28 |
| စင်္ကာပူ | - Feb 24-28, Mar 17-21 |

**YANGON :** No. 20, Ground Floor, Kyun Taw Road, Sanchaung Tsp, Yangon. Tel : 09-73148944~55~66, 09-260792885~6~7
**MANDALAY :** No. 234, 33rd Street. Between 81st x 82nd Street. Tel : 09-91021122, 43147879, 259033443

---

CHINDWIN COLLEGE

University of Portsmouth
psb Academy
PEARSON




(၁၀) တန်း တစ်ကြိမ်ဖြေဆိုဖူးရုံနဲ့ Pearson (Level 3) ကိုတက်ရောက်နိုင်ပြီး (Level 3) ပြီးလျှင် HND ကိုတက်ရောက်နိုင်ပါသည်။ HND အောင်မြင်ပြီးလျှင် ဆက်လက်၍ ချင်းတွင်းမှာပဲ UK University of Portsmouth, BEng (Hons) ဘွဲ့ကိုရယူနိုင်ပါပြီ။

**အတန်းသစ်အတွက် ကျောင်းအပ်နိုင်ပါပြီ**

**Engineering** **Business** **Hospitality**

**Yangon** | Thein Phyu Campus - No. (75), Thein Phyu Road, (Lower Block),Botahtaung Township,Yangon.
| Sin Ma Lite Campus - 1st Floor, New Sin Ma Lite Market, Corner of Kyi Myin Taing Kanar & Hantharwaddy Road.
**Mandalay** - Corner of (77x78)st & (31x32)st, Sebai Building,Greatwall Condo Complex.
**Taunggyi** - No.57/16 ,Myat Yadanar Street ,Yae Aye Kwin Quarter.

**Enroll Now!**
**01 297673 , 298137, 9 784038995**

---

**အောင်နိုင်သူ မဟာစိန် ကုမ္ပဏီလီမိတက်**
**Winner Super Diamond Pile Co., Ltd.**
**W.S.D Group**



# W.S.D Pile

**Licence No.PL-12**

**လူကြီးမင်းတို့၏ အဆောက်အဦးများနှင့် စက်ရုံများတွင် ပိုင်ရိုက်ခြင်း၊Bored Pile,လုပ်ငန်းများ ဆောင်ရွက်လိုပါက ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။**



Add: အမှတ်(၅၆)၊ မြေညီထပ်၊၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Ph : 01-381964, 09-73131288, 09-73150482, 09-250499988
Off : Ph- 09-250 288811, Email: wsdmyanmar@gmail.com

Add: အမှတ်(ဘီ-၁၀)၊(၃၃)လမ်း၊(၈၁-၈၂)လမ်းကြား၊မန္တလေး။
Ph: 09-265820507


The Big 10 CELEBRATION
Ocean SUPERCENTER
ဆယ်စုနှစ်အထိမ်းအမှတ်
Ocean Supercenter အပါအဝင် Center အတွင်းရှိ ဆိုင်ခန်းများမှ
ကျပ် ၃၅,၀၀၀ ဖိုးဝယ်ယူရုံဖြင့် ကျပ် (၁၀)
3rd ~ 16th February, 2017
MITSUBISHI
Air Con Split Type
0.5 HP SRK-05CRPS
လေအေးပေးစက်
15% OFF
280,500
Ks.330,000
Dimession : 64.5x24x28.2cm
Type : 0.5 HP
Power Source : 220~230V
Capacity : 375W
Gas : 410
Warranty : 1 year
Features : Air Flow Functions
Economy Functions
HISENSE
1 Door Refrigerator
RS-20DR4HA (152 L)
ရေခဲသေတ္တာ
178,000
Ks.192,000
Dimession : 55x56.5x118cm
Capacity : 152 L
Voltage : 220V ~ 240V
Features : Chamber Type
Defrosting System
Warranty : 3 years
BEKO
2 Door Refrigerator
230L RDNT-230I50P
ရေခဲသေတ္တာ
10% OFF
359,000
Ks.399,000
Dimession : 61x54x145cm
Capacity : 230 L
Wattage : 150W~180W
Features : Neo Fast Technology
Overfrseh Zone
Warranty : 12 years (Compress)
3 years (Services)
NIBBAN
Electric Pan
EW-30CC
ဟင်းချက်အိုး
31,500
Ks.35,000
-Easy to Clean
-Creamic Coating
-1000 Watt
-220V 50Hz
KANGAROO
Induction Cooker
KG-365I
လျှပ်စစ်မီးဖို
36,500
Ks.43,000
-2200 Watt
-Made in Vietnam
-4 Way Menu Cook
-220V 50Hz
CITY VALUE
Cloth Hanger 41x18cm
5's (Blue/ Pink/ Lime)
အဝတ်လှန်းချိတ်
1,500
Ks.2,000
CITY SELECTION
Folding Table
70x50x60cm
စားပွဲခုံ
22,500
Ks.28,000
CITY SELECTION
Folding Chair
(Red/ Blue/ Black)
နောက်မှီထိုင်ခုံ
9,600
Ks.12,000
CITY VALUE
Folding Stool
33x26x73cm
(Red/ Blue/ Green)
ခေါက်ထိုင်ခုံ
3,500
Ks.4,500
ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်။
Prices may change without prior notice.
While Stocks Last!
အခုလိုတန်တဲ့ ပရိုမိုရှင်းတွေကို အမြဲသိရအောင်
Ocean_Supercenter
www.facebook.com/OceanSupercenterMyanmar
Ocean Supercenter Myanmar
Like ထားလိုက်နော်...


အထူးဈေးရောင်းပွဲကြီး
(၁)ရက်အတွင်းဝယ်ယူထားသော ငွေရှင်းဖြတ်ပိုင်းများကို ပေါင်း၍
သိန်းတန် ဈေးဝယ်ခွင့် ရရှိနိုင်မည် အခွင့်အရေး
စနေ၊ တနင်္ဂနွေနေ့တိုင်း
ပျော်ရွှင်ဖွယ်ရာ Game အစီအစဉ်များ
နေ့စဉ် ဂုဏ်ခုန်အံ့ဩဖွယ် ထပ်ဆင့်
ဆုလက်ဆောင်များက
စောင့်ကြိုနေမှာပါ
Suprise Gift
Best Choice and Great Deals for Your Family!
HAIHACO
Impression Butter
Cookies 500g
ကွတ်ကီး
5,000
Ks.5,850
CALSOME
Instant Cereal
30's 750g
ကော်ဖီမှုန့်
Buy 2, Get 1
T-Shirt
free
COCA COLA
Coke/ Zero/ Sprite/
Max Plus Orange
6's 330ml
အအေးဗူး
2,000
Ks.2,650
POCARI
Sweat Drink
350ml
အအေးဗူး
Buy 6, Get 1
Water Bottle
free
YOON
Yoghurt
400/ 700g
ဒိန်ချဉ်
Except : MDY+MY
15% Off
Buy 1pkt
EMBORG
Dutch/Swiss
American/Italian
-Cheese Slice 200g
ချိစ်
20% Off
Buy 1pc
MAGGI
Sauce
-Soy 700g
-Oyster 760g
ဆော့(စ်)
Buy 1, Get 1
On Pack Promotion
SIN PHYU TAW
Chicken Egg
10's
ကြက်ဥ
YGN + NPT Only
1,280
Ks.1,500
COOK
Soyabean Oil
1.9 Ltr
ဆီ
3,500
Ks.3,950
LOREAL
White Perfect Skin Care Series
True Match Make up
အလှကုန်ပစ္စည်းများ
20% Off
Buy 1pc
HEAD & SHOULDERS'
Shampoo 330ml/
Men 315ml
ခေါင်းလျှော်ရည်
3,250
Ks.3,800
CLEAN
Facial Tissue
2Ply 4x120's
တစ်ရှူး
2,000
Ks.2,550
NORTH POINT(ရန်ကုန်)ဆိုင်ခွဲ - ဖုန်း ၀၁-၆၅၂၉၃၉ ~ ၆၂
ဗိုလ်မှူးဗထူးလမ်း (မန္တလေး)ဆိုင်ခွဲ - ဖုန်း ၀၉-၇၃၁၈၉၇၂၆၊ ၀၉-၇၃၀၃၁၅၀၃၊ ၀၂-၆၇၁၈၇
မင်္ဂလာမန္တလေးဆိုင်ခွဲ - ဖုန်း ၀၂-၂၀၀၀၁၂ ~ ၁၃
ပုဇွန်တောင် (ရန်ကုန်)ဆိုင်ခွဲ - ဖုန်း ၀၁-၃၉၇၁၄၆၊ ၃၉၇၁၄၉၊ ၃၉၇၉၈၆ ~ ၈၇
JUNCTION CENTRE (နေပြည်တော်)ဆိုင်ခွဲ - ဖုန်း ၀၆၇-၄၂၈၁၈၊ ၄၂၈၂၀
မုံရွာဆိုင်ခွဲ - ဖုန်း ၀၇၁-၂၈၃၇၂ ~ ၇၃
ဥတ္တရသီရိ (နေပြည်တော်)ဆိုင်ခွဲ - ဖုန်း ၀၆၇-၄၁၇၆၂၀ ~ ၂၀
ရွှေဂုံတိုင်(ရန်ကုန်)ဆိုင်ခွဲ - ဖုန်း ၀၁-၈၆၀၃၈၆၉
မော်လမြိုင်ဆိုင်ခွဲ - ဖုန်း ၀၅၇-၂၄၁၃၇၊ ၂၄၁၈၇
ပုသိမ်ဆိုင်ခွဲ - ဖုန်း ၀၄၂-၂၄၉၇၈၊ ၂၄၉၇၉
သယ်ယူရန် ခက်ခဲသည့် လျှပ်စစ်ပစ္စည်းများ
အိမ်ထောင်ပရိဘောဂပစ္စည်းများကို သတ်မှတ်ထားသော
မောက်ပြည့်မီအောင် ဝယ်ယူပါကလိုက်လံပို့ဆောင်ပေးသော
ဝန်ဆောင်မှုအား အသေးစိတ်သိရှိလိုပါက
Customer Service Counter တွင်စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာတစ်ပြည်လုံး TOP TEN (အဋ္ဌမဆင့်) ဆဒဂ ၁၂၄၂ မောင်ခန့်စင်ထက် (၂၀၁၅)
မြန်မာတစ်ပြည်လုံး TOP TEN (တတိယဆင့်) ဆဒဂ ၁၀၄၅ မစောကေနိုင်ဦး (၂၀၁၆)
ALL D ဆဒဂ ၁၀၄၅ မစောကေနိုင်ဦး (ရမှတ်ပေါင်း ၅၆၀၊ သင်္ချာရမှတ် ၁၀၀)
ဆဒဂ ၈၈၉ မောင်ဆက်ကောင်းခန့် ALL D
ALL D ဆဒဂ ၁၀၂၁ မောင်သီဟအောင်
ALL D ဆဒဂ ၁၀၄၈ မခိုင်မေဦး
ဆဒဂ ၃၇၈ မထက်အိမ်ဖြူမိုး ALL D

'ရလဒ်' ကောင်းဖို့ 'ကျောင်းကောင်း' ရွေးပါ
သပ္ပါယ်သန်းနိုင် တည်ထောင်သည့် ဂေါလ်ဒင်ဗျူး ကိုယ်ပိုင်အထက်တန်းကျောင်း
ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် (ကက-၁၃/၄၄/၀၆၂)
ကျောင်းကြီး၊ ကျူရှင်၊ ဝိုင်း တက်စရာ မလိုတော့ပါ။ STUDY GUIDE နှင့် စာသင်၊ စာကျက်၊ စာစစ် စီစဉ်ပေးသည်။
၁၀ တန်း (မတ် ၁၅)၊ ၉ တန်း (ဧပြီ ၂၇)၊ ၈၊ ၇၊ ၆၊ ၅ တန်း (မေ ၄) စမည်။ ကျောင်းကား (ကြို/ပို့) ferry စီစဉ်ပေးသည်။
ကျောင်း မြေအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉၊ ၀၉ ၂၅၀ ၃၁ ၂၀၂၀

၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက်
ကျောင်းအပ် လက်ခံပါပြီ
[ကြိုအပ်ခြင်းဖြင့် သေချာမှုကို ရယူပါ]

အဆင့်မြင့် ဘော်ဒါ
ပဥ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
[ဧပြီ ၂၇ ကျောင်းသူ၊ ဧပြီ ၂၉ ကျောင်းသား ဘော်ဒါစ,ဝင်ရမည်]
ဘော်ဒါ အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း ၀၁ ၃၉၇၉၃၉၊ ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၁၇ ၆၅၄၃၊

FORWARD အဆင့်မြင့် စာသင်ဝိုင်း
၁၀ တန်း၊ ၉ တန်း၊ ၈ တန်း (ဘာသာစုံ)
၁၀ တန်း | ဉာဏ်ရည်မြင့် (၉) ယောက်ဝိုင်း | အထူးသီးသန့်ရှိသည်။
၁၀ တန်း (မတ် ၁၅)၊ ၉ တန်း (ဧပြီ ၂၇)၊ ၈ တန်း (ဧပြီ ၂၉) စ,မည်။
ဝိုင်း အမှတ်(၄၄)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။
ဖုန်း ၀၁ ၂၄၉ ၆၄၉၊ ၀၁ ၃၈၅ ၀၉၇၊

ကျောင်း (သို့) ဘော်ဒါ (သို့) စာသင်ဝိုင်း ကြိုက်ရာ ရွေးချယ် အပ်နှံနိုင်သည်။
Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 09 519 7726

MPT
ရွှေသို့လှမ်းချီမြန်မာပြည်




သောကြာနေ့တိုင်းမှာ
ငွေဖြည့်ပြီး
အပိုဆု
ရယူလိုက်ပါ။

| ငွေဖြည့်ပမာဏ | ငွေဖြည့်ကတ်ဖြင့် (အပိုဆု) | E-Topup ဖြင့် (အပိုဆု) |
|---|---|---|
| 500 Ks | – – | 20 MB |
| 1,000 Ks | 15 MB | 40 MB |
| 3,000 Ks | 90 MB | 160 MB |
| 5,000 Ks | 160 MB | 300 MB |
| EVERY 10,000 Ks | 420 MB | 800 MB |

အောက်တိုဘာလ (၂၁) ရက်မှ စတင်၍ MPT ၏ ဆွေသဟာ အစီအစဉ်ရယူထားသော Prepaid GSM/WCDMA မိုဘိုင်းဖုန်း အသုံးပြုသူများအားလုံး ဝယ်ယူအသုံးပြုနိုင်ပါသည်။

Data အပိုဆုများကို ငွေဖြည့်သွင်းသည့် သောကြာနေ့မှစတင်၍ တနင်္ဂနွေနေ့အထိ အသုံးပြုနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL
CALL CENTER 106 call free 24 hours everyday

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

မြို့လယ်ပန်းခြံတစ်ခုအနီး လမ်းပေါ်၌ ညအချိန်မတော် ခုနစ်လွှာအက ကနေသော မိန်းမပျိုတစ်ယောက်မှအစပြု၍ မှုခင်းဆေးဝါး၊ လူသတ်မှု အရှုပ်တော်ပုံကြီးတွင် ရှေ့နေကြီး "ပယ်ရီမေဆင်"၊ အတွင်းရေးမှူးမကလေး "ဒယ်လာ"၊ စုံထောက်ကျော် "ပေါလ်ဒရိတ်" တို့ ပါဝင်ပတ်သက် ဖြေရှင်းလျှောက်လဲပေးခဲ့ပုံများ...




ရှေ့နေကြီး ပယ်ရီမေဆင်နှင့် ခုနစ်လွှာပျို့ဖြူအမှု
မောင်ဝံသ
ထွက်ပြီ
ဖြန့်ချိရေး - ဒေါင်းစာပေ၊ ၁၁၃၊ ၃၃ လမ်း (လယ်)၊ ရန်ကုန်မြို့။ ဖုန်း - ၀၁၃၇၃ ၂၁၀

"ပါကောခင်းမယ်ဆိုရင် သတိရပါ၊ ဆက်သွယ်ပါ။ အိမ်ရှင်တိုင်း စိတ်ချမ်းသာစေရမည်"
UNP
ပါကေးဦးထွန်းမိသားစု
သာရာလေး ဦးညွန့်ထွန်း ဖန်တီးသည်
နှစ်အလိုက် အာမခံချက် ပေးပါသည်။
ကျွမ်းကျင်သောဝန်ဆောင်မှု၊ ပြေပြစ်သော ဆက်ဆံရေး၊ နွေးထွေးသော စေတနာ
ကိုယ်ပိုင်စက်ရုံမှ ထုတ်လုပ်၍ ဆန်းသစ်သောပုံစံများဖြင့် မြို့တိုင်းသို့ လိုက်လံဆောင်ရွက်သည်။
Hot Line 09-500 4036



MCC.*i* နှင့် MCC.*p* တို့တွင်
နိုင်ငံတကာ အဆင့် ပညာ သင်ကြားရန် ကုန်ကျစရိတ် သက်သာမည့် အချိန်ပိုင်းအစီအစဉ် လစဉ်ဖွင့်ပေးပါသည်
(အလုပ်တစ်ဖက်၊ ကျောင်းတစ်ဖက်ဖြင့်လည်း တက်ရောက်နိုင်ပါသည်။)

* B.Sc (Hons) Business IT, (ပထမနှစ်) University of Greenwich, UK (ကွန်ပျူတာ သိပ္ပံ ဒီဂရီ) — အချိန်ပိုင်း ကျပ် - ၁၀ သိန်း
* BTEC (HND ဒီပလိုမာ) အင်ဂျင်နီယာ / ကွန်ပျူတာ ဒီပလိုမာ သင်တန်း — ကျပ် - ၁၀ သိန်း
  - Construction & Built Environment (Civil Engineering)
  - Mechanical Engineering
  - Electrical and Electronic Engineering
  - Computing & Systems Development
* Telecom Engineering — ကျပ် - ၁၀ သိန်း
  - (Huawei Certificate) Telecommunication Engineering Diploma
* တက္ကသိုလ်ဝင်တန်း မအောင်မြင်သေးသူများ စတင် တက်ရောက်နိုင်မည့် BTEC (Level - 3 ) သင်တန်း — ကျပ် - ၁၀ သိန်း

(သင်တန်းကြေးများကို Semester အလိုက် နှစ်ကြိမ် ခွဲ၍ ပေးသွင်းနိုင်ပါသည်။)

Hot-Line: 01-246634, 01-249152
www.facebook.com/mcc.institute
www.facebook.com/mcc.polytechnic
Opening Date: 18 Feb 2017

## ကြော်ငြာ


UNIQUE

**UNIQUE STAR** TRAVELS & TOURS

| | | | |
|---|---|---|---|
| ဥရောပ (9) နိုင်ငံ Apr:10,12 ($ 4400) | အမေရိကား (East + West) Apr:7,9 ($ 4700) | သြစတြေးလျ Apr:10,11,12,13 ($ 2800) | ဗန်ကောက်–ပတ္တရား Apr: 9,10,11,12,13 ( $ 599 ) |
| ဥရောပ (6) နိုင်ငံ Apr:10,12 ($ 3300) | စင်ကာပူ Apr:11,12,14 ($ 850) | ဂျပန် Apr:10,11,12,13 ($ 3300) | ဗန်ကောက်–ဖူးခက်/ ချင်းမိုင် Apr: 12, 13 ( $890 / 790 ) |
| နီစ်–စဝိန်–ပေါ်တူဂီ Apr:11,12 ($ 3300) | စင်ကာပူ·မလေးရှား Apr:11,12,13 ($ 1200) | ကိုရီးယား Apr:11,12 ($ 2000) | ဝီကင်း–ရှန်ဟိုင်း Apr: 12, 13 ( $ 1900 ) |
| ဂရိ Apr:10,12 ($ 4200) | စင်ကာပူ·လန်ကာဝီ Apr:11,13 ($ 1300) | အီဂျစ် Apr:12 ($ 3300) | ဗန်ကောက်–ကမ္ဘောဒီးယား Apr: 12, 13 ( $ 790 ) |
| ဟန္နိုင်း–ဟာလောင်း Apr: 9,10 ($ 650) | ဟိုချီမင်း–ဟန္နိုင်း–ဟာလောင်း Apr: 11,12 ($ 850) | ဟိုချီမင်း–ဒါနန်း–ဘာနားဟေးလ် Apr: 11,13 ( $ 1050) | ဗီယက်နမ်–ကမ္ဘောဒီးယား Apr: 12,13 ($ 950) |

No.( 70 /A ), Kabaaye Pagoda Rd, Bahan Tsp. Ph: 01- 708 353 , 705 723, 09 514 8079, 09 7310 9133 - 44.

**သင်္ကြန်ခရီးစဉ်များ**

| | | | |
|---|---|---|---|
| ဗန်ကောက်၊ပတ္တရား | (4 / 5 / 6) D | Feb: 4,11,18,25/ Mar:11, 25 | ($ 299 /399 /499) |
| ဗန်ကောက်၊ဖူးခက်/ ချင်းမိုင် | (6)D | Feb: 4, 18 / Mar: 4, 11, 18, 25 | ($ 790/690 ) |
| ဟိုချီမင်း–မွေနဲ–ဒါလတ် | (5)D | Feb: 4, 18, 25 / Mar: 4, 11, 18, 25 | ($ 360 ) |
| ဟန္နိုင်း–ဟာလောင်း | (4)D | Feb: 4, 18 / Mar: 4, 11, 18, 25 | ($ 490 ) |
| ဟိုချီမင်း–ဟန္နိုင်း–ဟာလောင်း | (6)D | Feb: 11, 18, 25 / Mar: 4, 18, 25 | ( $ 690 ) |
| ဗီယက်နမ်–ကမ္ဘောဒီးယား | (6)D | Feb: 11, 18, 25 / Mar: 4, 18, 25 | ($ 650 ) |
| ဗီယက်နမ်–ကမ္ဘောဒီးယား- ဗန်ကောက် | ( 6 ) D | Apr: 9, 10, 11 | ( $ 950 ) |
| ဟောင်ကောင်–မကာအို–ကွမ်ကျိုး | ( 8 ) D | Apr: 11, 12 | ( $ 1700 ) |
| စင်ကာပူ | ( 4 ) D | Feb: 11, 25 / Mar : 4, 16, 24 | ( $ 715 ) |

မြန်မာစားသောက်ကုန်လုပ်ငန်းလမ်းညွှန်

Myanmar **food** INDUSTRY DIRECTORY



၂၀၁၇ အတွက်... ကြော်ငြာများထည့်သွင်းလိုပါက

www.foodindustrydirectory.com.mm

YGN
Hot Line : 09 44800 1662
Email: ydg.adv@mmrdpub.com

MDY
Hot Line : 02 4000611
Email: mdg.adv@mmrdpub.com

MMRD

မြန်မာတို့အတွက်

ရွှေဒေါင်း ဆပ်ကပ်
SHWE DAUNG CIRCUS

14 FEBRUARY, 2017 to 30 APRIL, 2017



VALENTINE DAY OPENING SHOW - TUESDAY, 14 FEBRUARY 2017 SHOW AT - 8PM

THURSDAYS & FRIDAYS 8PM
SATURDAYS & SUNDAYS 11AM 3PM 8PM
PEOPLE'S PARK DHAMMAZEDI ENTRANCE ပြည်သူ့ရင်ပြင် ဓမ္မစေတီဝင်ပေါက်

BOOK NOW THROUGH WAVE MONEY!
TELENOR (FREE OF CHARGE) (CALL 900)
OTHER OPERATORS: 097 9000 9000
MYANMARCIRCUS.COM
CIRCUS TICKET BOOTH OPEN DAILY FROM 9AM TO 8PM
@SHWEDAUNGCIRCUSMM @SHWEDAUNG_CIRCUS

wave money — YOMA BANK — FOREVER GROUP — THE STRAND — NOVOTEL — LE PLANTEUR — MAHLZEIT — synapse — BLACK KNIGHT

March Group Package \ K&H TRAVELS / April Group Package

| March | | | April | | |
|---|---|---|---|---|---|
| Hochimin | 01.March.2017 | 399 $ | Singapore | 13.April.2017 | 759 $ |
| Singapore | 24.March.2017 | 689 $ | Hochimin | 12.April.2017 | 499 $ |
| Bangkok | 24.March.2017 | 480 $ | Bali | 12.April.2017 | 929 $ |
| Cambodia | 24.March.2017 | 575 $ | Pattaya | 17.April.2017 | 495 $ |
| Japan | 25.March.2017 | 1700 $ | Korea | 13.April.2017 | 1969 $ |
| | | | Italy | 12.April.2017 | 3479 $ |

All Include | FLIGHT | HOTEL | CAR | BREAKFAST LUNCH DINNER — Hot Line : 09 777 620 470, 09 777 704 430

မြနန္ဒာ ထမင်းဆိုင်
ပုသိမ်ကြိုးတံတားအနီး ချောင်းသာလမ်းထိပ်
၀၉-၅၂၀၃၂၈၉

ကြိုတင်မှာပါ
မှာသူများလို ချက်ချင်းမရောက်ရင် စိတ်မဆိုးကြပါနဲ့
09 5095 095, ☎ 01-682844
စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး

23 မဆလာ
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။

POST မူလတန်းအရောင်ခွင့်ပွင့်ပြီ
■ စနေ-တနင်္ဂနွေ(၄-ရက်နေ့စမည်) ■ တနင်္ဂနွေသီးသန့်(၅-ရက်စမည်)
■ တနင်္လာ-ကြာသပတေး-သောကြာ(၅:၃၀-၇:၀၀) ■ စာအုပ်ရပြီ။
၁၆၅(ပထပ်)ဆိပ်ကမ်းသာလမ်း၊ကျောက်တံတားမြို့နယ်-၀၉၄၂၀၁၂၉၃၃၃

ရွှေစံအိမ်အဆင့်မြင့်တည်းခိုခန်း
ပန်းဆိုးတန်းလမ်းအောက်ဘလောက်မှ ၅မိနစ် သဘော်ဆိပ်း၊ ဓါးတက်ဆိပ်ရောက်လျှင် ၅မိနစ်ဆိုက်ကားစီး၊
ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်းအဲကွန်းရှိသည်၊ မီးပျက်လျှင်မီးစက်မောင်းသည်။
(၁၃၉၉) ဗိုလ်ချုပ်(၁)လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်။
☎ ၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၅၉
၀၉ ၂၅၂၀၈၂၅၃၃
၁၁၀၀၀ ကျပ်
၁၅၀၀၀ ကျပ်

အောင်ဖြည့်စုံ
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763

21 AD @ BILLBOARD ADVERTISING
KING MAKER
၂၂(ပထပ်)၊ ၃၃လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
☎ 377093 09 73043672 09 73200189 09 73200201
www.21advertising.net

ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ပညာရေး ကောလိပ်
(သူငယ်တန်း မှ တက္ကသိုလ်ဝင်တန်းအထိ)
IDEAL CLASS EDUCATION CENTRE
ICEC

"စံ" ပညာရှင်ပိသာ (လှိုင်)
မြို့အမှတ်(၂)၊ ရွာမကျောင်းလမ်း၊ ဗဟိုလမ်းအနီး၊ လှိုင်မြို့နယ်။
Tel : 09 3005 9147, 09 3005 9148, 09 7958 86818, 09-2559 65938

"စံပြ" ကျောင်း (တာမွေ)
(A-5) မေတ္တာရိပ်မွန်အိမ်ရာ၊ သမိန်ဗရမ်းလမ်း၊ နတ်ချောင်းရပ်၊ တာမွေ။
Tel : 09 731 66911, 09 731 62577, 09 2559 65939, 09 7996 43183

"စံမီ" ကျောင်း (လှိုင်သာယာ)
အမှတ်(၆၉၁/ခ-၂) ညောင်တုန်းလမ်းနှင့် ကျန်စစ်သားလမ်းထောင့် လှိုင်သာယာမြို့နယ်။ ရုံးရှေ့မှတ်တိုင်(ယခင်-ဝင်းသူဇာဆိုင်)
Tel : 09 7852 74023, 09 7998 62303, 09 7904 90781
Website : www.icecprivateschool.com

သူငယ်တန်း မှ တက္ကသိုလ်ဝင်တန်းအထိ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ICEC ကျောင်းခွဲအားလုံးတွင် ကျောင်းအပ်လက်ခံနေပြီ။

အာရှနဂါး
မြေတိ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

FORWARD (YGN)
ကျိုက်ထီးရိုး/ချောင်းသာ
(နေ့စဉ်) (နေ့စဉ်)
09 259 259 180
09 259 259 181
09 259 259 182

တိုကျော်နိုင် CAR RENTAL
မြို့တွင်း၊မြို့ပြင် ခရီးစဉ်များ ALPHARD, HIACE(အမ်းစတုံး)ကားသစ်ကြီးများဖြင့်ဝန်ဆောင်ပေးပါသည်။
09 25 358 2510, 09 515 8803

"အမေရိကန်နိုင်ငံရဲ့ ကမ္ဘာကျော်တက္ကသိုလ်များသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် ဝင်ရောက်ခွင့်ရလိုပါသလား
• အမေရိကန်နိုင်ငံ အစည်ကားဆုံးနေရာတစ်ခုဖြစ်သော San Francisco ၏ Silicon Valley Area ရှိ Skyline College ကောလိပ်တွင် သင်ကြားခွင့်
• ကမ္ဘာကျော် တက္ကသိုလ်ကြီးများဖြစ်သော UC Berkeley, UC Los Angeles, UC San Diego, University of Chicago, University of Michigan, Yale University များသို့ ဆက်လက်တက်ရောက်နိုင်မည့် အခွင့်အရေး
• Skyline College ၏ International Student Program Manager မှ ကျောင်းသားများ မိမိတို့ရယူလိုသည့် ဘွဲ့အလိုက် အကျိုးရှိနိုင်မည့် ဘာသာရပ်များရွေးချယ်နိုင်ရန်အတွက် လူတွေ့တိုင်ပင် ဆွေးနွေးပေးခြင်း
• ကျောင်းသားများ၏ ပညာအရည်အချင်းအလိုက် Skyline College ၏ ပထမစာသင်နှစ်(၁)နှစ်စာအတွက် စာသင်စရိတ် အပြည့် ထောက်ပံ့သည့်ပညာသင်ဆုများလျှောက်ထားနိုင်သည့်အခွင့်အရေး

CROWN EDUCATION
Award Winning Company
01 527 838, 09 732 732 77

| YANGON | MANDALAY |
|---|---|
| Date : 7 Feb 2017 | Date : 8 Feb 2017 |
| Time : 10:00 am - 12:00 noon | Time : 10:00 am - 12:00 noon |
| Venue : CROWN Education Learning Center | Venue : HOTEL MANDALAY Room No - 119 |

COASTAL BEAUTY Travels & Tours
ဖေဖော်ဝါရီ မတ် နှင့် သင်္ကြန်အထူးခရီးစဉ်များ
ထားဝယ် ရှင်ကိုးရှင် မောင်းမကန် ပွဲဇင်ကျွန်း — Feb & Mar 10, 24 April 12(သင်္ကြန်)
မြိတ်ကျွန်းစု (နတ်သမီးကျွန်း၊ ကြယ်လိပ်ကျွန်း၊ ဒုံးညောင်ပိုင်း) — အပတ်စဉ်ထွက်သည် April 13(သင်္ကြန်)
ကော့သောင်း (ကြက်မောက်ကျွန်း၊ ညောင်ဦးဖီးကျွန်း) — အပတ်စဉ်ထွက်သည် April 13(သင်္ကြန်)
ငပလီကမ်းခြေ - ပုလဲကျွန်း - သံတွဲဘုရားစုံ — Feb & Mar 3, 17 April 12(သင်္ကြန်)
အမှတ် ၇၉၊ နှင်းဆီလမ်း၊ အလုံမြို့နယ်။
Ph: 01.2302031, 09.5505201, 09.261417536, 09.41005440

အရှေ့ ဒဂုံမြို့သစ်
အရှေ့ပိုင်း/ မြောက်ပိုင်း တောင်ပိုင်း၊ ဆိပ်ကမ်း မြေကွက်များကို ဈေးကောင်း ပေးဝယ်သည်။
Ph : 09 73121050
09 457778224

သင့်သွေးဖြင့် အသက်ကယ်ပါ

မာ SEVEN စံ
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ? အိမ်အရောက်ငွေပေးချေသည်။ "ပွဲခ လုံးဝ မယူပါ"
09-33 333 511
09-33 333 514
09-33 333 644

SPRING LINE
Hlaing River Landmark
◆ ဘိုးဘွားပိုင်မြေ- ဆောက်လုပ်မှုပြီးလုနီး SOHO CONDO
◆ Project ပတ်ပတ်လည်တွင် ထောင်ပေါင်းသောလုပ်ငန်းရှင်များ ဂန်းရုံထားသောကြောင့် ရင်းနှီးမြှုပ်နှံမှုအတွက် အာမခံချက်ဖြစ်စေသည်။
◆ ၂၀၁၈ နှစ်လည်ပိုင်းတွင် အခန်းအပ်မည်ဖြစ်၍ ရင်းနှီးမြှုပ်နှံမှုအတွက် အကျိုးအမြတ် လျင်စွာရရှိစေပါသည်။
FIRST BUSINESS CENTER
အခန်းတန်ဖိုး USD 160/sq.ft မှစ၍၊ လပေါင်း ၄၀ အရစ်ကျငွေချေမှုစနစ်



ဆောက်လုပ်ပြီးစီးသော PROJECT မှသာ လူကြီးမင်းတို့အတွက် အာမခံနှင့် ရင်းနှီးမြှုပ်နှံမှု အကျိုးအမြတ်ကို အခိုင်အမာ ဖြစ်စေပါသည်။
Tel: 09 7930 66666
Add: No.461, Kanar Middle Qtr, Hlaing River Road, Insein Township, Nearby Aung Zay Ya Bridge, Yangon
Facebook: @springlinecenter
Shwe Oak Khai Construction Co., Ltd.

# ရန်ကုန်၌ ကိုးရက်အတွင်း တရားမဝင်သစ် တန် ၈၈၀ ကျော် (ကာလတန်ဖိုး ကျပ်သိန်းပေါင်း ၂၆၀၀၀ ကျော်ခန့်) သိမ်းဆည်းရမိ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ရန်ကုန်မြို့ MIP ဆိပ်ကမ်းရှိ ကုန်သေတ္တာနှစ်လုံးအတွင်းမှ ကျွန်းသစ်ခွဲသား ၃၃ တန်ကျော်ကို ဇန်နဝါရီ ၂၄ ရက်က သိမ်းဆည်းရမိခဲ့သည်မှအစပြု၍ သတင်းကွင်းဆက်များအရ ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားမဝင်သစ်များကို သစ်တောဦးစီးဌာနက ဆက်တိုက်သိမ်းဆည်းနိုင်ခဲ့သည်။

ဇန်နဝါရီ ၂၄ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ ကိုးရက်တာအတွင်း ကျွန်း ၃၅ တန်ကျော်၊ ပိတောက် ၈၁၈ တန်ကျော်၊ တမလန်း ၂၃ တန်( စိစစ်ဆဲ)နှင့် ကုက္ကို နှစ်တန်ကျော် စုစုပေါင်း တရားမဝင်သစ်ခွဲသား တန် ၈၈၀ ကျော်၊ (ကာလတန်ဖိုး ငွေကျပ်သိန်းပေါင်း ၂၆၀၀၀ ကျော်ခန့်) ကို သစ်တောဦးစီးဌာနက သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

ထိုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ပွဲစား၊ ခြံရှင်၊ ဂိုဒေါင်မှူး၊ ဂိုဒေါင်ပိုင်ရှင်နှင့် ဂိုဒေါင်ငှားသူတို့ကို သစ်တောဥပဒေ ၄၃(က)၊၄၂(ခ) တို့အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သို့ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားမဝင်သစ်များ ဆက်တိုက်ဖမ်းဆီးရခဲ့မှုနှင့်စပ်လျဉ်း၍ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများအား မြန်မာ့သတင်းစဉ်က သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့**



ရွှေပြည်သာမြို့နယ် စက်မှုဇုန်(၃) ဦးထွန်းညိုလမ်း အမှတ်(၁၆/၆၃)၌ သိမ်းဆည်းရမိသည့်သစ်ခွဲသားများကို တွေ့ရစဉ်။

**၂၀၁၇ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာ အချပ်ပိုပါရှိ**



ဆူဇူကီးဖလားပြိုင်ပွဲတွင် မြန်မာအသင်းယှဉ်ပြိုင်နေစဉ်။

# မြန်မာ့လက်ရွေးစင်အသင်း အာရှဖလားခြေစစ်ပွဲအတွက် မတ်လတတိယပတ်မှ စတင်လေ့ကျင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

မြန်မာ့လက်ရွေးစင်အသင်းသည် မတ်လနောက်ဆုံးပတ်တွင် စတင်ကျင်းပမည့် ၂၀၁၉ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲယှဉ်ပြိုင်ရန် မတ်လတတိယပတ်တွင် လေ့ကျင့်မှုစတင်ပြုလုပ်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းကို ဖွဲ့စည်းရခြင်းမရှိသေးသော်လည်း ဆူဇူကီးဖလားပြိုင်ပွဲ တတိယရခဲ့သည့်အသင်းကို အခြေခံဖွဲ့စည်းရဖွယ်ရှိနေသည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၉ ခုနှစ်တွင် ကျင်းပမည့် အာရှဖလားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းအရေအတွက်တိုးမြှင့်ခဲ့ရာ အလယ်အလတ်အသင်းများ ယှဉ်ပြိုင်ခွင့်ရရန် အခွင့်အရေးရှိလာခဲ့သည်။ ဒုတိယအဆင့် ခြေစစ်ပွဲကို ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲ အာရှဇုန် ဒုတိယအဆင့်နှင့် တစ်ပေါင်းတည်းကျင်းပခဲ့ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲ အာရှဇုန်နောက်ဆုံးအဆင့် ခြေစစ်ပွဲသို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရသည့် ၁၂ သင်းမှာ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရခဲ့ကာ ကျန်အသင်းများမှာ တတိယအဆင့် ခြေစစ်ပွဲ ထပ်မံယှဉ်ပြိုင်ရခြင်းဖြစ်သည်။ အသင်း ၂၄ သင်းကို လေးသင်း ခြောက်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုများ မခွဲခဲ့ရာ မြန်မာအသင်းသည် အုပ်စုကျပ်ကို ရှောင်လွှဲနိုင်ခဲ့သည်။ မြန်မာအသင်းသည် ခြေစစ်ပွဲ အုပ်စုမခွဲရာတွင် အုပ်စု(က)တွင် ကာဂျစ္စတန်၊ အိန္ဒိယ၊ မကာအိုအသင်းတို့နှင့် ကျရောက်ခဲ့သည်။ ယင်းအသင်းများနှင့် မြန်မာအသင်းမှာ ပုံမှန်တွေ့ဆုံနေသည့် **စာမျက်နှာ ၈ ကော်လံ ၄ သို့**






# တက္ကသိုလ်ဝင်တန်း အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာ သိကောင်းစရာ

ဒေါက်တာနော်ဂျူးဖော၊ ပါမောက္ခ၊ ဌာနမှူး၊ အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်

တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်အတွက် ပြင်ဆင်မယ်ဆိုရင် ပြဋ္ဌာန်းထားတဲ့ Grade 11 ဖတ်စာအုပ်ထဲက သင်ခန်းစာတွေအားလုံးကို ကျေကျေညက်ညက် မချွင်းမချန် သိရှိထားကြဖို့လိုပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်အတွက် မေးခွန်းများဟာ ပြဋ္ဌာန်း စာအုပ်ကိုပဲ အခြေခံပြီးမေးမှာဖြစ်ပါတယ်။ ယခင်နှစ်မေးခွန်းပုံစံတွေလိုပဲ မေးခွန်း (၉) ပုဒ်မေးမှာ ဖြစ်တယ်။

မေးခွန်းနံပါတ်(၁) (A) ကတော့ Write the correct word or words to complete each sentence. ဖြစ်ပါတယ်။ ပေးထားတဲ့စာကြောင်းကို အဓိပ္ပာယ်ပြည့်စုံအောင် ကွက်လပ်ဖြည့်ပေးရမှာ ဖြစ်တယ်။

သတိပြုရမှာက စာပိုဒ်ထဲမှာပါတဲ့ စကားလုံးစကားစုတွေကို တိုက်ရိုက်ဖြည့်ထည့် လို့ ရချင်မှရပါမယ်။ ဝါကျရဲ့ တည်ဆောက်ပုံပေါ် မူတည်ပြီး သင့်လျော်သလိုပြောင်း ရေးဖို့လိုချင် လိုပါလိမ့်မယ်။ ဥပမာ စာပိုဒ်ထဲမှာ Robots are also used for patrolling these toxic areas. လို့ ပေးထားပေမဲ့မေးခွန်းမှာ We can also use robots to _____ toxic areas လို့ပေးထားရင် ဒီကွက်လပ်မှာ ဖြည့်ရမယ့် စကားလုံးက verb simple form ဖြစ်ရပါမယ်။ patrolling ဆိုတဲ့ စာပိုဒ်ထဲက စကားလုံးကို ဒီအတိုင်း ပြန်ကူးရေးလို့ မရပါဘူး။ အဖြေမှန်က patrol ဖြစ်ပါတယ်။ တစ်ခါတလေ verb form ဖြည့်ရတာဖြစ်ပေမယ့် passive voice form ကနေ active voice form ပြောင်းဖို့လိုချင်ရင် လိုပါလိမ့်မယ်။ ဥပမာ Robots ထဲက စာကြောင်း တစ်ကြောင်းဖြစ်တဲ့ Other domestic robots are being produced with the aim of providing companionship or play partners to people လို့ ပေးထားပေမယ့်၊ မေးထားတဲ့စာကြောင်းက People _________ other domestic robots with the aim of providing companionship or play partners to them. လို့ ပေးထားတဲ့အတွက် ဒီစာကြောင်းမှာ သုံးရမယ့် verb က passive verb form မဟုတ်တော့ဘဲ active verb form ဖြစ်ရပါမယ်။ ဒီ့အပြင် ဒီဝါကျမှာသုံးတဲ့ tense က present continuous tense ဖြစ်လို့အဖြေမှန်က are producing ဖြစ်ပါတယ်။

မေးခွန်းနံပါတ် (၁) (B) ကတော့ Answer each question in one sentence. ဖြစ်ပါတယ်။ စာပိုဒ်ထဲမှာပါတဲ့ အကြောင်းအရာအချက်အလက်တွေကို မေးတဲ့ မေးခွန်း (၅)ခု မေးမှာဖြစ်ပြီး ဒီမေးခွန်းတွေကို ပေးထားတဲ့စာပိုဒ်ထဲက အဖြေရှာပြီး ပြည့်စုံတဲ့ဝါကျ တစ်ကြောင်းနဲ့ အဖြေရေးပေးရမှာဖြစ်ပါတယ်။ အမှတ် ပြည့်ရရှိဖို့အတွက် မေးခွန်းကလိုအပ်တဲ့အဖြေက အကြောင်းအရာရော၊ သဒ္ဒါပါ မှန်မှန်ကန်ကန်ဖြေနိုင်အောင် များများလေ့ကျင့်ထားဖို့ လိုပါတယ်။ ဥပမာ - စာပိုဒ် ထဲမှာ The moon is a satellite of the earth, revolving around the earth once every twenty-nine and a half days. လို့ပေးထားပြီး How Long does it take the moon to revolve around the earth once? လို့မေးရင်စာပိုဒ်ထဲမှာ ပေးထားတဲ့အတိုင်း ပြန်မကူးဘဲ It takes the moon twenty-nine and a half days to revolve around the earth once. လို့ မှန်မှန်ကန်ကန် မေးခွန်းကို ပြန်ကောက်ပြီး ဖြေပေးမှသာ အမှတ်ပြည့်ရမှာ ဖြစ်ပါတယ်။

ပြဋ္ဌာန်းစာအုပ်ပါ စာပိုဒ်များနဲ့ဆိုင်တဲ့ မေးခွန်းများကို အလွတ်ကျက်မှတ်တာထက် မေးခွန်းအမျိုးမျိုးကို ဖြေတတ်အောင်လေ့ကျင့်ထားဖို့က ပိုအရေးကြီးပါတယ်။ စာပိုဒ် ထဲက သက်ဆိုင်တယ်ထင်တဲ့ စာကြောင်းတွေကို တိုက်ရိုက်ကူးချပေးလိုက်တာမျိုး လည်း မပြုလုပ်ကြဖို့ သတိပေးချင်ပါတယ်။

မေးခွန်းနံပါတ်(၂) မှာ မေးတဲ့မေးခွန်းကတော့ Fill in each blank with a word from the list given. Write down only the number of the blank and the word that fills it. ဖြစ်ပါတယ်။ ဒီမေးခွန်းအတွက် ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာ (၁၄)ခုထဲက စာပိုဒ်တစ်ပိုဒ်ကို (၈) လုံး မြောက် စကားလုံးတွေကို ကွက်လပ်လုပ်ထားပြီး မေးထားတယ်။ ကွက်လပ်ပေါင်း (၂၀)ရှိပြီး ဒီကွက်လပ်တွေကို ဖြည့်စွက်ဖို့ စကားလုံး(၂၀)ကိုလည်းစာပိုဒ်အပေါ်မှာ ပေးထားပါတယ်။ သတိပြုရမယ့်အချက်ကတော့ စာပိုဒ်ကြီးတစ်ပိုဒ်လုံးကို ပြန်ကူးရေးဖို့မလိုပါဘူး၊ ကွက်လပ်နံပါတ်နဲ့ အဖြေကိုသာ ရေးရမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ကျောင်းသား ကျောင်းသူတွေရဲ့ အင်္ဂလိပ်စာ တတ်မြောက်မှုကို ခြုံငုံစစ်ဆေးတာ ဖြစ်ပါတယ်။ ဒီ မေးခွန်းဟာ ကျောင်းသား ကျောင်းသူတို့ရဲ့ reading skill ဆိုတဲ့စာဖတ်ပြီး နားလည် နိုင်မှုစွမ်းရည်နဲ့ grammar ဆိုတဲ့ သဒ္ဒါကျွမ်းကျင်ပိုင်နိုင်မှုအပိုင်း နှစ်ပိုင်းစလုံးကို ဆန်းစစ်လိုတာဖြစ်လို့ စာပိုဒ်တွေကို အလွတ်ကျက်ဖို့ထက် စာပိုဒ်တွေကို နားလည်ပြီး grammar မှန်မှန်နဲ့ အဓိပ္ပာယ်ရှိတဲ့ ဝါကျတွေဖြစ်အောင် မေးထားတဲ့ ကွက်လပ်တွေ မှာ ပေးထားတဲ့ စကားလုံးတွေကို ဖြည့်နိုင်အောင်ကြိုးစားရမယ်။

မေးခွန်းနံပါတ်(၃) ကတော့ ကျောင်းသား ကျောင်းသူတို့ရဲ့ အင်္ဂလိပ်စာ တတ် ကျွမ်းမှုစွမ်းရည်အပြင် မှတ်သားနိုင်မှုစွမ်းရည်ကို စစ်ဆေးတဲ့ မေးခွန်းပုံစံဖြစ်တယ်။ Write the appropriate words or groups of words to complete the sentences or lines of verse. လို့မေးမှာ ဖြစ်တယ်။ မေးခွန်း(၁၀)ခု မေးထား ပြီးတော့ ကွက်လပ် (၁၀) ခုကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ပထမကွက်လပ် (၅)ခုက ဖတ်စာအုပ်မှာပါတဲ့ သင်ခန်းစာ (၁၄)ခုထဲက ကောက်နုတ်ချက်တွေဖြစ်ပြီး ကျန် ကွက်လပ် (၅)ခုကတော့ ကဗျာ (၇)ပုဒ်ထဲက ကောက်နုတ်ချက်တွေဖြစ်တယ်။ ဒီ မေးခွန်းဟာ ကျောင်းသား ကျောင်းသူတွေရဲ့ သင်ယူထားတဲ့ အချက်အလက်တွေနဲ့ ကဗျာတွေကို နားလည်မှတ်သားပြီး ပြန်ပြီး ရေးသားတင်ပြနိုင်မှုစွမ်းရည်ရှိမရှိကို စစ်ဆေးတာဖြစ်တယ်။ တိတိကျကျ ပြန်လည်ဖော်ပြတာကိုပဲ လိုချင်တဲ့အတွက် စာလုံးပေါင်း မှားယွင်းမှုမရှိအောင် သတိထားကြဖို့လိုပါတယ်။ ကွက်လပ်တွေကို ဖြည့်တဲ့နေရာမှာ စကားလုံးတစ်လုံးတည်း ဖြည့်ရတာရှိသလို စကားစု ဖြည့်ရတာမျိုးလည်း ရှိတာကို သတိပြုဖို့လိုပါတယ်။ နမူနာပြရမယ်ဆိုရင် 1. The Egyptian calendar showed a way to count weeks and months but it was not ______. 2. Many electric clocks can sometimes be set to ______ automatically. 3. What is this life if, ______ ? We have no time to stand and stare? ဆိုတဲ့ မေးခွန်းတွေကို ကြည့်မယ်ဆိုရင် နံပါတ်(၁)မှာ scientific ဆိုတဲ့ စကားလုံး တစ်လုံးတည်း လိုပေမယ့် နံပါတ် (၂)မှာတော့ turn on ဆိုတဲ့ စကားလုံးနှစ်လုံးလိုမှာ ဖြစ်တယ်။ နံပါတ် (၃) မှာဆိုရင် အဖြေက full of care စကားလုံး ၃ လုံးလိုမှာ ဖြစ်တယ်။

မေးခွန်းနံပါတ်(၄) ဟာ ပြဋ္ဌာန်းစာအုပ်ကို ကျေကျေညက်ညက်လေ့လာထားမှု ရှိမရှိ စစ်ဆေးနိုင်ဖို့ မေးခွန်း(၅)ခု မေးထားပါတယ်။

မေးခွန်း နံပါတ်(၄) ရဲ့ နံပါတ်(၁)နဲ့(၂) ကတော့ ဖတ်စာအုပ်မှာပါတဲ့ သင်ခန်းစာ (၁၄) ခု ထဲက ကောက်နုတ်မေးထားတာပဲဖြစ်တယ်။ ဒီမေးခွန်းနှစ်မျိုးစလုံးမှာ ရွေးချယ်စရာတွေ ပေးထားပါတယ်။ OR (သို့မဟုတ်) ပေးထားတဲ့အတွက် မေးခွန်းထဲက ကြိုက်ရာတစ်ပုဒ်ကို ရွေးဖြေကြရမှာဖြစ်တယ်။ ဒီမေးခွန်းတွေဖြေတဲ့ အခါမှာ အချက်အလက်ရော သဒ္ဒါပါမှန်ကန်တဲ့ အဖြေစာကြောင်းတွေနဲ့ ဖြေကြားရမှာ ဖြစ်ပါတယ်။ ဥပမာ IV. 1. What is the general purpose of a self-service store? (or) What kind of volcano is Mount Popa and where is it situated? လို့ နံပါတ်(၁)မှာ မေးတယ်ဆိုပါစို့။ ပထမမေးခွန်းကို ရွေးပြီးဖြေမယ်ဆိုရင် အဖြေက The general purpose of a self-service store is to provide goods of every description attractively and hygienically and in perfect condition. ဖြစ်ပြီး ဒုတိယ မေးခွန်းကို ရွေးပြီးဖြေမယ်ဆိုရင် အဖြေက Mount Popa is an extinct volcano and it is situated 50 kilometres southeast of Bagan. ဖြစ်ပါတယ်။ ဒီမေးခွန်းတွေကို မှန်မှန်ကန်ကန်ဖြေဆိုနိုင်ဖို့ Unit (၁၄)ခု စလုံးမှာပါတဲ့ အကြောင်းအရာတွေကို အသေးစိတ်ဖတ်ပြီး မှတ်သား ထားဖို့လိုပါတယ်။

ဒီမေးခွန်းနံပါတ်(၄) ရဲ့ နံပါတ်(၃) နဲ့ နံပါတ်(၄) မှာ မေးလေ့ရှိတဲ့ မေးခွန်းပုံစံတွေထဲက ပထမတစ်မျိုးကတော့ Who said these words and to whom were they said? Which story are the words from? ဥပမာ Who said these words and to whom were they said? Which story are the words from?

"She can't see or hear! My baby is blind and deaf." အဖြေက Mrs Keller said these words to her husband, Mr Keller. The words are from "Helen Keller." -

မေးနိုင်တဲ့အလားတူ မေးခွန်းပုံစံ နောက်တစ်မျိုးတွေကတော့ What is the title of the unit from which the sentence is taken? What does the word underlined in the sentence refer to? အဲဒီစာကြောင်းထဲမှာ it တို့ we တို့ they တို့ စသဖြင့် pronoun တွေပါခဲ့ရင် အဲဒါတွေဟာ ဘာကို ညွှန်းတယ်ဆိုတာ အဖြေဝါကျထဲမှာ သဲသဲကွဲကွဲ ဖော်ပြဖြေဆိုရမှာဖြစ်တယ်။ ဥပမာ What is the title of the unit from which the sentence is taken? What does the word underlined in the sentence refer to?

Then as his final gift, the professor gave them a piece of advice. လို့ မေးရင်အဖြေက The title of the unit from which the sentence is taken is 'Too much knowledge maketh fools.' The word underlined in the sentence refers to 'the professor's.' လို့ ဖြေရပါမယ်။

ဒီအဖြေတွေက နမူနာ အဖြေသာ ဖြစ်တယ်။ ဒီစာကြောင်းရဲ့ ဆိုလိုရင်းကို ပေါ်လွင်စေတဲ့ သဒ္ဒါမှန်တဲ့ ဘယ်အဖြေကိုမဆို လက်ခံပါတယ်။

မေးခွန်းနံပါတ်(၄) ရဲ့ နံပါတ်(၅) ကတော့ ကဗျာတွေထဲက စာကြောင်း နှစ်ကြောင်းလောက်ကို ပေးထားပြီး ဆိုလိုရင်းအဓိပ္ပာယ်ကို ရေးခိုင်းတာပဲဖြစ်တယ်။ What do these lines mean? လို့ မေးမှာ ဖြစ်တယ်။ ဒီမေးခွန်းကို ဖြေနိုင်ဖို့ကတော့ ပြဋ္ဌာန်းထားတဲ့ ကဗျာတွေရဲ့ အဓိပ္ပာယ်ကို ကျေကျေညက်ညက် နားလည် သိရှိထားဖို့ လိုပါတယ်။ ကဗျာကို အဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါ၊ ဆိုလိုရင်း အဓိပ္ပာယ်ရော၊ သဒ္ဒါရော မှန်ရပါမယ်။

ဥပမာ What do these lines mean?

What does he plant who plants a tree?

He plants the friend of sun and sky; ဆိုတဲ့ ကဗျာထဲကစာကြောင်း နှစ်ကြောင်းကို ပေးထားတယ် ဆိုပါစို့၊ အဲဒီကဗျာနှစ်ကြောင်းကို စကားပြေ ပြန်တဲ့အခါဆိုလိုရင်း အဓိပ္ပာယ်ရော၊ သဒ္ဒါရောမှန်ရပါမယ်။

မေးခွန်းနံပါတ်(၅)က မေးခွန်းနံပါတ် (၁) B လိုဘဲ Unit (၁၄)ခုထဲက စာပိုဒ်တစ်ပိုဒ်ပေးထားပြီး မေးခွန်း (၅) ခုကို ဖြေပေးရမှာဖြစ်တယ်။ ဒီမေးခွန်းတွေကို ကောင်းကောင်း ဖြေဆိုနိုင်ဖို့အတွက် ပြဋ္ဌာန်းစာအုပ်ကို ကျေကျေညက်ညက် ဖတ်ရ မယ်။ အကြောင်းအရာနဲ့ သဒ္ဒါမှန်ကန်တဲ့ဝါကျတွေတည်ဆောက်တတ်အောင်လည်း များများလေ့ကျင့်ထားရပါမယ်။ ဥပမာ စာပိုဒ်ထဲမှာ Preventing malaria includes a variety of measures: wearing protective clothing, using repellents and sleeping under bed nets treated with insecticides. လို့ ပေးထားပြီး How can we prevent malaria? လို့ မေးရင် စာပိုဒ်ထဲမှာ ပေးထားတဲ့အတိုင်း ပြန်မကူးဘဲ We can prevent malaria by wearing protective clothing, using repellents and sleeping under bed nets treated with insecticides. လို့ မေးခွန်းကို မှန်မှန်ကန်ကန် ကောက်နုတ်ပြီး ပြန်ဖြေပေးမှသာ အမှတ်ပြည့်ရမှာ ဖြစ်တယ်။

မေးခွန်းနံပါတ်(၆) ကတော့ Punctuation နဲ့ ဆိုင်တဲ့ မေးခွန်းဖြစ်ပါတယ်။ Punctuate the following လို့ မေးမှာဖြစ်တယ်။ capital, comma, semi-colon, colon, full stop, question mark, open and close inverted commas, exclamation mark, apostrophe တွေကို မှန်မှန်ကန်ကန် သုံးစွဲတတ်မတတ် စစ်ဆေးမှာဖြစ်တယ်။ မေးခွန်းမှာပါတဲ့ ဝါကျ(၅)ကြောင်းထဲမှာ ပြဋ္ဌာန်းစာအုပ်ထဲက စာကြောင်းတွေအပြင် ပြဋ္ဌာန်းစာအုပ်ထဲမှာမပါတဲ့ ဝါကျတွေကိုလည်း မေးနိုင်တယ်။ အဓိကကတော့ ဘယ် Punctuation mark တွေကို ဘယ်လိုသုံးရမလဲဆိုတာ သိဖို့အရေးကြီးတယ်။ သတိပေးချင်တာကတော့ Punctuation မေးခွန်းအတွက် အလွတ်ကျက်ဖို့မလိုပါဘူး။ လေ့ကျင့်ခန်းများများ လုပ်ပေးဖို့လိုပါတယ်။ ဥပမာအားဖြင့် ဝါကျရဲ့အစ စကားလုံးတို့၊ လူနာမည်တို့ကို capital letter ရေးဖို့၊ အဆိုဝါကျရဲ့ အဆုံးမှာ full stop သုံးဖို့၊ လူတစ်ဦး တစ်ယောက်ကပြောတဲ့ စကားလုံးတွေကို ပေးထားရင် အဲဒီစကားလုံးတွေရဲ့ အစနဲ့ အဆုံးမှာ inverted commas တွေသုံးဖို့ သိရပါမယ်။ ဥပမာ စာကြောင်းတစ်ကြောင်း ကြည့်ရအောင် then annie said to the family please leave me alone with her ဒီစာကြောင်းကို ကြည့်ရင် စာကြောင်းအစက စကားလုံးဖြစ်တဲ့ then ကို Capital letter နဲ့ ရေးရမှာဖြစ်လို့ then က Then ဖြစ်မယ်။ annie က လူနာမည်ဖြစ်လို့ Capital letter 'A' နဲ့ ရေးရမှာဖြစ်တယ်။ Annie ပြောတဲ့စကားက please leave me alone with her ဖြစ်လို့ Annie က ပြောတဲ့ စကားနဲ့အစမှာ open inverted commas ( " ) ရှိပြီး၊ သူပြောတဲ့စကားအဆုံးမှာ close inverted commas ( " ) ရှိရပါမယ်။ Annie said to the family ဆိုတဲ့စကားပုဒ်ရဲ့ နောက်မှာလည်း comma ရှိရပါမယ်။ နောက်ဆုံးစာကြောင်းရဲ့ အဆုံးမှာ Annie ပြောတဲ့စကားဟာ အဆိုဝါကျဖြစ်လို့ full stop နဲ့ အဆုံးသတ်ရပါမယ်။

မေးခွန်းနံပါတ်(၇) မှာအပိုင်း နှစ်ပိုင်းပါဝင်ပါတယ်။

မေးခွန်းနံပါတ်(၇) ပထမပိုင်း VII A ကို Finish each sentence in such a way that it means exactly the same as the sentence that is given လို့ မေးမှာဖြစ်တယ်။ ပေးထားတဲ့ စာကြောင်း(၁၀)ကြောင်းကို အဓိပ္ပာယ်မပြောင်းလဲစေဘဲ ပြန်ရေးပေးရမှာ ဖြစ်တယ်။ ပြဋ္ဌာန်းစာအုပ်ထဲမှာ ဒီလိုအဓိပ္ပာယ်မပြောင်း လဲဘဲတည်ဆောက်ပုံ မတူတဲ့ဝါကျတွေ ပြန်ရေးခိုင်းတဲ့ လေ့ကျင့်ခန်းတွေ Grade IX ဖတ်စာအုပ်မှာရော၊ Grade X ဖတ်စာအုပ်မှာပါ အများကြီး ပါပါတယ်။ အဲဒီ Grammar Exercise တွေကိုများများ လေ့ကျင့်ထားရင် ဒီမေးခွန်းတွေကို ကောင်းကောင်း ဖြေဆိုနိုင်ကြမှာ ဖြစ်တယ်။

မေးခွန်း(၇)ရဲ့ ဒုတိယပိုင်း VII B ကတော့ paragraph writing ဖြစ်တယ်။ ပေးထားတဲ့ prompts များကို သုံးပြီးစာပိုဒ်တိုလေး တစ်ပိုဒ်ရေးရမှာဖြစ်တယ်။ ကြိုတင်ပြင်ဆင်ရေးသားထားတဲ့ စာပိုဒ်တွေကို ချရေးတာမျိုးမလုပ်ပါနဲ့။ မေးခွန်းက Using the prompts given, write a very short paragraph on:- ဆိုပြီး ရွေးစရာ (၂) ပုဒ် ပေးပါမယ်။ တစ်ပုဒ်ကိုရွေးပြီး ရေးပါ။ မလိုတာတွေ ထည့်မရေးပါနဲ့။ Write a short paragraph ဆိုတာကို သတိပြုပါ။ ပေးထားတဲ့ prompts အားလုံးကိုပြန်သုံးပြီး ရေးရမှာမို့လို့ ကိုယ်ပိုင်ဝါကျတွေ တည်ဆောက်တတ်အောင် လေ့ကျင့်ထားကြပါ။ ပေးထားတဲ့ prompts တွေနဲ့ သဒ္ဒါမှန်တဲ့ ဝါကျတွေ ဆောက် တတ်ဖို့လိုတယ်။ ဥပမာ The Moon အကြောင်းကို ရေးခိုင်းတယ်ဆိုပါစို့။ ပေးထားတဲ့ prompts တွေက

- moon - much smaller - earth
- no water - on moon လို့ ပေးထားတယ်ဆိုပါစို့။

အဲဒီဝါကျမှာ moon တို့ earth တို့ကို definite article "the" နဲ့ သုံးရပါမယ်။ ပြီးတော့ အဲဒီဝါကျမှာ verb မရှိသေးလို့ ထည့်ပေးရမယ်။ လဟာ ကမ္ဘာထက် သေးတယ်လို့ အဓိပ္ပာယ်ရလို့ လိုအပ်တဲ့ verb က verb to be ဖြစ်တဲ့ is လိုပါမယ်။ ဒါကြောင့် moon - much smaller - earth ကို ပြန်ရေးရာမှာ The moon is much smaller than the earth လို့ပြန်ရေးတတ်ရမယ်။ ပြီးတော့ smaller ဆိုတဲ့ comparative degree adjective သုံးထားတဲ့အတွက် နောက်မှာ than ဆိုတာ မဖြစ်မနေ လိုက်ရပါမယ်။ ဒါကြောင့် The moon is much smaller than the earth လို့ ပြန်ရေးတတ်ရမယ်။ နောက်တစ်ကြောင်းကို ရေးပြရမယ်ဆိုရင် ပေးထားတဲ့ prompts တွေက no water – on moon လို့ ပေးထားတယ်။ ဆိုလိုတာက လပေါ်မှာ ရေမရှိဘူးလို့ ဆိုလိုတဲ့အတွက် ရှိခြင်း (existence) ကို ပြဖို့ There is သို့မဟုတ် There are ဝါကျပုံစံသုံးရမယ်။ ဒီမှာ subject က water ဖြစ်လို့ "is" ဆိုတဲ့ singular verb ကိုသုံးမယ်။ ပထမဝါကျမှာလိုပဲ moon ကို ပြန်ရေးရင် definite article "the" လိုပါတယ်။

**စာမျက်နှာ ၂ သို့ »»**

# ၂၀၁၇ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

ယမန်နေ့မှအဆက်

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၆၃ | ဆိုလာပန်နယ်လ်၊ ဆိုလာချာဂျာကွန်ထရိုလာနှင့် ဆိုလာအင်ဗာတာ (Solar Panel, Solar Charger Controller and Solar Inverter)။ |
| ၆၄ | မိမိဆေးရုံ၊ ဆေးခန်းများတွင် အသုံးပြုရန် ကိုယ်တိုင်တင်သွင်းသည့် သို့မဟုတ် ထုတ်လုပ်သည့်ဓာတ်မှန်ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက်ပစ္စည်း ကိရိယာတန်ဆာပလာများနှင့် အခြားဆေးဖက်ဆိုင်ရာပစ္စည်း ကိရိယာတန်ဆာပလာများ။ |
| ၆၅ | မိမိဆေးရုံဆေးခန်းများတွင် အသုံးပြုရန် ကိုယ်တိုင်တင်သွင်းသည့် သို့မဟုတ် ထုတ်လုပ်သည့်ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးရုံသုံးအဝတ်အစားနှင့် ဆေးရုံသုံးအထွေထွေပစ္စည်းများ။ |
| ၆၆ | အိမ်သုံးဆေးဝါးနှင့် အခြားလူသုံးဆေးဝါးအမျိုးမျိုးနှင့် တိုင်းရင်းဆေးဝါးအမျိုးမျိုး (စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှအမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ထားသော ဆေးဝါးများ)။ |
| ၆၇ | တိုင်းရင်းဆေးဝါးကုန်ကြမ်းများ အပါအဝင်ဆေးဝါးကုန်ကြမ်းများ။ |
| ၆၈ | ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင် အသုံးပြုနိုင်သည့်ပညာအခြေပြု၊ အတတ်ပညာအခြေပြု စာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲစာအုပ်အမျိုးမျိုးနှင့် ယင်းစာအုပ်များထုတ်လုပ်ရန်စက္ကူများ၊ ခဲတံအမျိုးမျိုး။ |
| ၆၉ | ခဲတံလုပ်ရန်ခဲဆန်။ |
| ၇၀ | ကွန်ဒုံး(Condom)။ |
| ၇၁ | နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတော်အဖွဲ့အစည်းများသုံး လက်နက်ကိရိယာများ၊ ယာဉ်၊ယန္တရားများ၊ ပစ္စည်းနှင့်ကိရိယာများ၊ ယင်းတို့၏အရန်နှင့် အပိုပစ္စည်းများ။ |
| ၇၂ | နယ်ဖက်ဌာနသုံးယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူးအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ။ |
| ၇၃ | သီးနှံများ၏ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့၊ မျိုးပင်များ။ |
| ၇၄ | မီးသတ်ယာဉ်များ၊ နာရေးယာဉ်များ။ |
| ၇၅ | ပြည်ပသို့ထွက်ခွာမည့်ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့်နေရာတွင် နိုင်ငံခြားငွေဖြင့်ရောင်းချသည့်ပစ္စည်းများ။ |
| ၇၆ | နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်သည့်နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများ အသုံးပြုမည့်ကုန်စည်များ။ |
| ၇၇ | ကာကွယ်ရေးဝန်ကြီးဌာနအတွက် ခွဲဝေလျာထားပေးသည့် ရသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်မှကျခံ၍ တပ်မတော်တွင် အသုံးပြုရန်နှင့် တပ်မတော်သားများစားသုံးရန် ဝယ်ယူသည့်ကုန်စည်များ။ |
| ၇၈ | လက်ခစားအပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည်ထုတ်လုပ်ပေးခြင်းအတွက် အသုံးပြုရန် ပြည်ပနေလုပ်ငန်းအပ်နှံသူမှပေးပို့သည့်ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက်အသုံးပြုရန်ကုန်စည်များ၊ ထွက်ရှိလာမည့် ကုန်ချောကိုထုပ်ပိုးရာတွင် အသုံးပြုသည့်ကုန်စည်များ။ |
| ၇၉ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံတမန်များသို့ ရောင်းချပေးသည့် စက်သုံးဆီများ။ |
| ၈၀ | ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ဝယ်ယူသော ကုန်စည်များ။ |
| ၈၁ | ပြည်ပသို့ ပျံသန်းသည့်ခရီးစဉ်တွင် အသုံးပြုရန် ရောင်းချသည့် ဂျက်လေယာဉ်ဆီ။ |
| ၈၂ | လေယာဉ်သုံး သို့မဟုတ် ရဟတ်ယာဉ်သုံးစက်၊ စက်ကိရိယာ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏အရန်နှင့်အပိုပစ္စည်း။ |
| ၈၃ | နိုင်ငံတော်၏လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်က အခွန်ကင်းလွတ်ခွင့်ပြုသည့်ကုန်စည်များ။ |
| ၈၄ | အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Draw Back)စနစ်ဖြင့် တင်သွင်းလာသောကုန်စည်များ။ |
| ၈၅ | ရွှေစင်၊ ရွှေချောင်း၊ ရွှေပြား (ရွှေလက်ဝတ်ရတနာမပါ)။ |
| ၈၆ | ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးအဖွဲ့အစည်းတစ်ခုခုကရရှိ၍ ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးကိစ္စများအတွက် သက်သက်အသုံးပြုရန် ဝယ်ယူသည့်ကုန်စည်။ |
| ၈၇ | အစိုးရကကြီးမှူးကျင်းပသော မြန်မာ့ကျောက်မျက်ရတနာပြည်တွင်းပြပွဲများတွင် ရောင်းချသော ကျောက်စိမ်း၊ ပတ္တမြား၊ နီလာကျောက်မျက်ရတနာအရိုင်းထည်၊ အချောထည်များ။ |

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့်ကုန်စည်များမှတစ်ပါး အခြားကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်စေရမည်။ဤဥပဒေ၏ပုဒ်မ ၁၁ ပါ အထူးကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ရောင်းရငွေပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်စေရမည်။

(ဂ) မည်သူမဆို ဤဥပဒေနှင့်အညီကင်းလွတ်ခွင့်ပြုထားသောကုန်စည်နှင့် ကုန်သွယ်မှုဆောင်ရွက်ခြင်းမှတစ်ပါး ပုဒ်မ ၁၁ ပါ အထူးကုန်စည်များအပါအဝင် အောက်ဖော်ပြပါ လုပ်ငန်းများဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရမည်-

(၁) ကုန်စည်တင်သွင်း၍ပြည်တွင်း၌ပြန်လည်ရောင်းချခြင်း၊

(၂) ကုန်သွယ်မှုဆောင်ရွက်ခြင်း။

(ဃ) အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများအား ကုန်သွယ်လုပ်ငန်းခွန်မကျသင့်စေရ-

| စဉ် | ဝန်ဆောင်မှုအမျိုးအစားများ |
|---|---|
| ၁ | စီးပွားရေးလုပ်ငန်းအဖြစ် နေအိမ်ငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်းမှအပဖြစ်သည့် နေအိမ်ငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂ | ယာဉ်များရပ်နားရန် နေရာငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၃ | အသက်အာမခံဝန်ဆောင်မှုလုပ်ငန်း။ |
| ၄ | အသေးစားငွေချေးခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၅ | ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၆ | ပညာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၇ | ကုန်စည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ (ပိုက်လိုင်းဖြင့်သယ်ယူပို့ဆောင်ရေးမှအပဖြစ်သည့် ရထား၊ မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ ဝန်ချီစက်များဖြင့်သယ်ပို့ပေးခြင်း) |
| ၈ | အလုပ်အကိုင်ရှာဖွေရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၉ | အရင်းအနှီးဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၀ | ဘဏ်နှင့်ဗဟိုဘဏ်မှ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေသောငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၁ | အကောက်ခွန်၊ ဆိပ်ကမ်းရှင်းလင်းရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၂ | ညှော့ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၃ | ကုန်ကြမ်းပေး၊ ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၁၄ | နာရေးဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၁၅ | ကလေးသူငယ်ပြုစုပျိုးထောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၆ | ရိုးရာအကြောပြင်ဝန်ဆောင်မှုလုပ်ငန်း။ မျက်မမြင်အကြောပြင်ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၇ | နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၈ | လမ်းအသုံးပြုခကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၉ | တိရစ္ဆာန်ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၀ | အများသုံးသန့်စင်ခန်းအသုံးပြုခ ကောက်ခံခြင်းဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၁ | ပြည်ပလေကြောင်း ခရီးသည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၂ | ယဉ်ကျေးမှုအနုပညာဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၃ | ပြည်တွင်းလေကြောင်းခရီးသည် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းမှအပ အများပြည်သူခရီးသည်သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၄ | နိုင်ငံတော်အဖွဲ့အစည်းများသို့ ဆောင်ရွက်မှုတစ်ရပ်ရပ် လုပ်ကိုင်ခွင့်ရရှိရန်အတွက် ပေးချေရသည့်လိုင်စင်ကြေးများ။ |
| ၂၅ | ကာကွယ်ရေးဝန်ကြီးဌာန၏ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းမှ ပုံနှိပ်ထုတ်ဝေမှု ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၆ | နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်သည့်နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများက ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၇ | ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ထောက်ပံ့သည့်ငွေဖြင့် ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |

စာမျက်နှာ ၃ သို့ »»

»» စာမျက်နှာ ၁ မှ

ဒါကြောင့် no water - on moon ဆိုတဲ့ prompts တွေကို ပြန်ရေးရာမှာ There is no water on the moon လို့ ပြန်ရေးရပါမယ်။

ဒီလို prompts တွေကိုသုံးပြီး ဝါကျဖြစ်အောင်ပြန်ရေးရာမှာ article တွေဖြစ်တဲ့ "a" တို့ "an" တို့ "the" တို့လိုရင် ထည့်ရမယ်။ verb to be ဖြစ်တဲ့ "am" တို့ "is" တို့ "are" တို့လိုရင် ထည့်ပေးရမယ်။ ဝါကျတစ်ကြောင်းနဲ့ တစ်ကြောင်း ဆက်စပ် မှုကိုပြတဲ့ စကားဆက်တွေဖြစ်တဲ့ Sentence connectors တွေကိုလည်း လိုအပ် သလို ထည့်ရေးပေးဖို့လိုပါတယ်။

မေးခွန်းနံပါတ်(၈) ကတော့ letter writing ဖြစ်ပါတယ်။ ပေးထားတဲ့ မေးခွန်း(၃) ပုဒ်ထဲက ကြိုက်ရာတစ်ပုဒ်ပဲ ဖြေရပါမယ်။ ဒီမေးခွန်းကိုဖြေဆိုတဲ့အခါ သတိပြုရမယ့် အချက်တွေကတော့ ပေးထားတဲ့ ညွှန်ကြားချက်တွေကို သေသေချာချာဖတ်ဖို့ပဲ ဖြစ်တယ်။ ပေးစာတွေကိုရေးတဲ့အခါမှာ- (၁) စာရေးမယ့်သူက ဘယ်သူလဲဆိုတာ သိဖို့လိုပါတယ်။ (၂) ဘယ်သူ့ဆီကို ရေးရမလဲဆိုတာကြည့်ပါ။ (၃) ဘာအကြောင်း အရာရေးရမလဲဆိုတာ အရင်သေသေချာချာဖတ်ပါ။ ရေးခိုင်းတဲ့ အကြောင်းအရာ ဘယ်နှစ်ချက်လဲဆိုတာ သေသေချာချာဖတ်ပြီးမှ ရေးဖို့လိုပါတယ်။ ဥပမာ You are Bo Bo. You live at No.1, Pagoda Road, Pyay. Write a letter to your friend Aung Aung who lives in Bago, telling him the kind of exercises you do in studying English and how much time you spend on studying English every day. ဆိုတဲ့မေးခွန်းကို ကြည့်ရင် စာရေးမယ့်သူက Bo Bo ဖြစ်တယ်။ ဘယ်သူ့ဆီကို ရေးမလဲဆိုတော့ Aung Aung ဆီကိုရေးရမှာ ဖြစ်လို့ Dear Aung Aung လို့စရေးမယ်။ ပြီးတော့ ရေးခိုင်းတဲ့ အကြောင်းအရာကို ကြည့်မယ်ဆိုရင် telling him the kind of exercises you do in studying English နဲ့how much time you spend on studying English every day ဆိုတဲ့ အကြောင်းအရာနှစ်ချက်ပါတဲ့ အတွက်ကြောင့် နှစ်ချက်လုံးပါအောင် ရေးမှသာ အမှတ်ကောင်းကောင်းရမှာဖြစ်တယ်။ ရေးရမယ့် အကြောင်းအရာကို သေသေချာချာမဖတ်ဘဲ၊ အလွတ်ကျက်ထားတာတွေကို ချရေးပြီး ဖြေတာမျိုးဟာ အမှတ်ကောင်းကောင်း မရနိုင်ပါဘူး။ လိုရင်းအချက် အားလုံးပါမှ အမှတ်ကောင်းကောင်းရပါမယ်။

မေးခွန်းနံပါတ်(၉) ကတော့ essay writing ဖြစ်ပါတယ်။ ပေးထားတဲ့ ခေါင်းစဉ် (၃)ခု ထဲက ကြိုက်ရာတစ်ခုကို ရေးရမှာဖြစ်တယ်။ တက္ကသိုလ်ဝင်စာမေးပွဲအဆင့်မှာ စာစီစာကုံးနဲ့ ပေးစာတွေကို ကောင်းအောင်ရေးနိုင်ဖို့

(၁) Organization - ဖွဲ့စည်းပုံကောင်းခြင်း။ အကြောင်းအရာအချက်အလက်တွေကို နိဒါန်း၊ စာကိုယ်၊ နိဂုံးစသဖြင့် အစီအစဉ်ကျကျရေးနိုင်ခြင်းဖြစ် တယ်။

(၂) Relevancy - သက်ဆိုင်မှုရှိခြင်း။ မိမိရေးရမယ့် အကြောင်းအရာနဲ့ သက်ဆိုင်တာကိုပဲ ရေးရမှာဖြစ်တယ်။ လုံးဝသက်ဆိုင်မှု မရှိတဲ့အကြောင်းအရာတွေကို ရေးခဲ့ရင် သက်ဆိုင်မှုမရှိဘူးလို့ သတ်မှတ်မှာဖြစ်လို့ အမှတ်မရနိုင်ဘူး။

(၃) Content - အချက်အလက် မှန်ကန်ပြည့်စုံခြင်း။ ရေးရမယ့် အကြောင်းအရာနဲ့ စပ်လျဉ်းတဲ့ အချက်အလက်နဲ့ ဥပမာတွေကို ပြည့်ပြည့်စုံစုံ ထည့်သွင်းရေးသား နိုင်ဖို့ လိုပါတယ်။

(၄) Language - အသုံးအနှုန်း မှန်ကန်ခြင်း။ သုံးတဲ့စကားလုံးဝေါဟာရတွေမှန်ခြင်း၊ ကောင်းခြင်း၊ လှခြင်း၊ ကြွယ်ဝခြင်းနဲ့ သဒ္ဒါမှန်မှန်၊ ဝါကျဖွဲ့စည်းပုံမှန်မှန်နဲ့ ဝါကျအမျိုးမျိုး ရေးတတ်ခြင်းတို့ ဖြစ်တယ်။

(၅) Presentation - တင်ပြပုံကောင်းခြင်း။ ရေးတဲ့အကြောင်းအရာကို စာဖတ်သူဖတ်လို့ကောင်းအောင် ဖွဲ့နွဲ့တင်ပြနိုင်စွမ်းရှိရပါမယ်။

ပေးစာရေးရာမှာဖြစ်ဖြစ်၊ စာစီစာကုံးရေးရာမှာပဲဖြစ်ဖြစ် မလိုအပ်ဘဲ အလွန် ရှည်တဲ့ပေးစာတွေ၊ စာစီစာကုံးတွေကို တချို့ကျောင်းသားတွေရေးတာကို တွေ့ရပါ တယ်။ ဒီလို မလိုအပ်ဘဲ ရှည်လျားတဲ့ ပေးစာ၊ စာစီစာကုံးတွေကို ရေးတဲ့အတွက် ဖွဲ့စည်းပုံ (organization) မကောင်းခြင်း၊ အကြောင်းအရာထပ်ခြင်း (repetition များခြင်း)၊ အမှားတွေကို ပိုပြီးကျူးလွန်ခြင်းတို့ကို တွေ့ရပါတယ်။ မေးထားတဲ့ အကြောင်းအရာက ဘယ်နှခုလဲဆိုတာ သေသေချာချာဖတ်ပါ။ ဥပမာ စာစီစာကုံးခေါင်းစဉ် Enjoyable hobbies ရေးခိုင်းရာမှာ ပျော်ရွှင်စရာကောင်းတဲ့ hobbies ဖြစ်ရမယ့် အပြင် hobby တစ်ခုထက်မကရေးမှ အမှတ်ကောင်းကောင်း ရမှာဖြစ်တယ်။ အကြောင်းအရာတစ်မျိုးတည်းကိုပဲ ရေးပြီး ရေးခိုင်းတဲ့အကြောင်းအရာ အားလုံးမပါဘူးဆိုရင် အမှတ်ကောင်းကောင်း မရနိုင်ပါဘူး။

တက္ကသိုလ်ဝင်စာမေးပွဲကိုဖြေဆိုကြမယ့် ကျောင်းသားကျောင်းသူတွေကို အထူးမှာချင်တာကတော့ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာ (၁၄) ခုလုံးက စာပိုဒ်တွေကို တစ်ခုမကျန် သေသေချာချာဖတ်ရှုမှတ်သားဖို့၊ ပေးထားတဲ့ လေ့ကျင့်ခန်းတွေကို များများပြုလုပ်ကြဖို့၊ စာလုံးပေါင်းသတ်ပုံမှန်ဖို့၊ ကဗျာတွေကိုလည်း ရွတ်ဆို နိုင်ရုံသာမက၊ အဓိပ္ပာယ်ဖွင့်ဆိုတတ်အောင် ကြိုးစားဖို့ လိုပါတယ်။ ဒါမှတက္ကသိုလ်ဝင် စာမေးပွဲကို ထူးထူးချွန်ချွန်နဲ့ ဖြေဆိုအောင်မြင်နိုင်မှာ ဖြစ်တယ်။ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူအားလုံး မိမိတို့ ကျက်မှတ်ရမယ့် စာတွေကို ကြိုးကြိုးစားစား ကျက်မှတ်လေ့လာပြီး အောင်မြင်မှု ရရှိနိုင်ကြပါစေ။ ။

»» စာမျက်နှာ ၃ မှ

(၄) ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင် နိုင်ငံခြားငွေဖြင့်ရရှိသော လစာခေါင်းစဉ်မှဝင်ငွေ၊

(၅) အစိုးရအောင်ဘာလေသိန်းဆုဆုမဲမှထုတ်ယူရရှိငွေ။

(ခ) အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များ ပြုနိုင်သည်-

(၁) ပြည်တွင်း ပြည်ပအဖွဲ့အစည်းများက လှူဒါန်းငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ၊

(၂) စတော့ရှယ်ယာဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်စတော့ အိတ်ချိန်းစာရင်းဝင် အများပိုင်ကုမ္ပဏီများနှင့် စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ။

၃၂။ ဤဥပဒေ အခန်း(၇)တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၈)
## အခြားအခွန်အကောက်ဆိုင်ရာကောက်ခံရမည့်နှုန်းထားများ

၃၃။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါ အခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့်နှုန်းထားများ၊ ကင်းလွတ်ခွင့်၊ သက်သာခွင့်တို့ကိုတည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည်-

(က) ယစ်မျိုးခွန်၊

(ခ) သွင်းကုန်အတွက်လိုင်စင်ခများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းမှတ်ပုံတင်ခြင်းအတွက် မှတ်ပုံတင်ကြေး၊

(ဂ) မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊

(ဃ) မော်တော်ယာဉ်၊ယာဉ်မောင်းလိုင်စင်၊လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊

(င) တံဆိပ်ခေါင်းခွန်၊

(စ) မှတ်ကောင်ဝတ်ဆံသွင်းအခွန်၊

(ဆ) အကောက်ခွန်၊

(ဇ) မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊

(ဈ) ရေခွန်၊

(ည) တာတမံခွန်၊

(ဋ) သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊

(ဌ) ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ (စက်မှုကုန်ကြမ်းတွင်းထွက်နှင့်အလှဆင်ကျောက်များမပါ)

(ဍ) ငါးလုပ်ငန်းဆိုင်ရာအခွန်အခ၊

(ဎ) ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊

(ဏ) ဓာတ်သတ္တုခွန်နှင့်ရတနာခွန်၊

(တ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့်အခွန်အခ၊

(ထ) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့်ဓာတ်အားခ၊

(ဒ) ခရီးလှည့်လည်ရေးလိုင်စင်/ ဟိုတယ်နှင့်တည်းခိုရိပ်သာလိုင်စင်/ ခရီးသွားလာသူများပို့ဆောင်ရေးလိုင်စင်/ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက်လိုင်စင်ကြေး။

၃၄။ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာ အရိုင်းထည်များတူးဖော်ထုတ်လုပ်ခြင်း၊ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာများထုတ်လုပ်ခြင်း၊ ဝယ်ယူရောင်းချခြင်းလုပ်ငန်းတို့သည်-

(က) ကျောက်မျက်ရတနာ သို့မဟုတ် လက်ဝတ်ရတနာများကိုကျပ်ဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့်ဖြစ်စေ ရောင်းချရရှိသည့်ရောင်းရငွေ အပေါ်တွင်-

(၁) ဤဥပဒေပုဒ်မ ၁၁ ပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ထမ်းဆောင်ရမည်။

(၂) ဤဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) အရပြည်ပမှတင်သွင်းခြင်း၊ ထုတ်လုပ်ရောင်းချခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ခြင်းအတွက် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရမည်။

(၃) ပုဒ်မခွဲငယ် (၂) ပါ ပြဋ္ဌာန်းချက်သည် မစည်းကြပ်ထိုက်သည့်ရောင်းရငွေပမာဏသတ်မှတ်ခြင်းနှင့်သက်ဆိုင်ခြင်းမရှိစေရ။

(ခ) ဝင်ငွေနှစ်အတွင်း ရရှိသည့် စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ်တွင် ဤဥပဒေပါ ဝင်ငွေခွန်နှုန်းထားများအတိုင်း ဝင်ငွေခွန်ထမ်းဆောင်ရမည်။

## အခန်း(၉)
## အထွေထွေ

၃၅။ ပြည်ထောင်စုအစိုးရသည် လိုအပ်ပါက အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ဖွဲ့စည်းဆောင်ရွက်စေနိုင်သည်။

၃၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း ထုတ်လုပ်သည့်ကုန်စည်များနှင့် ပြည်ပမှတင်သွင်းသည့် ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက် လည်းကောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိကမှီတည်ဆောင်ရွက်နေရသည့် ပြည်တွင်းစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ၊ နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိကြသည့်ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းတိုးတက်လာစေရန်လည်းကောင်း၊ နိုင်ငံတော်မှ ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ အောက်ပါတို့ကိုဆောင်ရွက်ပေးရမည်-

(က) ကုန်စည်များတင်သွင်းခွင့်ပြုသည့်ပမာဏ၊ အကောက်ခွန်နှုန်းထားများနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးနှင့် အာဆီယံကုန်သွယ်ရေးဆိုင်ရာ သဘောတူ စာချုပ်များ မူဘောင်အတွင်းမှ အာဆီယံဒေသတွင်းနိုင်ငံများနည်းတူအမြင့်ဆုံးရရှိနိုင်သည့်အခွင့်အရေး၊ သက်သာခွင့်များရရှိစေနိုင်ရန်ဆောင်ရွက်ပေးခြင်း၊

(ခ) အကောက်ခွန်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ၊ ပို့ကုန်သွင်းကုန်ခွင့်ပြုခြင်းနှင့် ခွဲတမ်းသတ်မှတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ လိုအပ်သည့်အစီအမံများကိုဆောင်ရွက်ပေးခြင်း။

၃၇။ (က) ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာ သက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာတာဝန်ကျေပွန်သည့် အခွန်ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်း၊ ထိုက်သင့်သော ချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်း ပြုလုပ်ပေးရမည်။

(ခ) ဝန်ကြီးဌာနသည် ထိုသို့ချီးမြှင့်မှုများ ပြုလုပ်ပေးနိုင်ရန်အတွက် ပြည်တွင်းအခွန်များဦးစီးဌာနက တာဝန်ယူကောက်ခံသည့် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် အခွန်အကောက်ကောက်ခံရန် လျာထားချက်စုစုပေါင်း၏ တစ်ရာခိုင်နှုန်းကို ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် ပြည်တွင်းအခွန်များဦးစီးဌာန၏ သာမန်အသုံးစရိတ်အဖြစ် ခွင့်ပြုပေးနိုင်သည်။

(ဂ) ပြည်တွင်းအခွန်များဦးစီးဌာနသည် ခွင့်ပြုသာမန်အသုံးစရိတ်များထဲမှ လုပ်ငန်းတာဝန်ကျေပွန်သည့် အခွန်ဝန်ထမ်းများအား ဆုကြေးငွေအဖြစ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့်အညီ သုံးစွဲနိုင်သည်။

၃၈။ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များရရှိပိုင်ဆိုင်ထားခြင်းအတွက် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂ပုဒ်မခွဲ (ဂ)အရ တပ်ရိုက်သည့် ဒဏ်ငွေအဖြစ်ကောက်ခံရရှိငွေ၏ ၂၀ရာခိုင်နှုန်းအား သတင်းပေးတင်ပြသူကိုလည်းကောင်း၊ ၃၀ရာခိုင်နှုန်းအား ရှာဖွေဖမ်းဆီးသည့်အဖွဲ့ကိုလည်းကောင်း ဆုကြေးအဖြစ်ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူမည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ဖော်ထုတ်ခြင်းမပြုရ။

ဇယား(၁)

## ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာရေးနှစ်
## ပြည်ထောင်စု၏အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ခံဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများသုံးစွဲမှုအပေါ် ကောက်ခံသည့်အခွန်အကောက်** | **၂၇၁၂၆၆၆. ၈၈၄** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၉၄၀. ၃၁၁ |
| | ၂ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၁၇၅၂၄၄၃. ၂၃၂ |
| | ၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | သွင်းကုန်အတွက်လိုင်စင်ခများ၊ | ၅၀၀၀. ၀၀၀ |
| | ၄ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊ | ၄၇၃၅၆. ၂၅၈ |
| | ၅ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | မော်တော်ယာဉ်၊ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာအခငွေများ၊ | ၁၇၀၅၈၀. ၀၀၀ |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | တံဆိပ်ခေါင်းခွန်၊ | ၄၇၆၈၉. ၃၁၂ |
| | ၇ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | မုတ်ကောင်ဝတ်ဆံသွင်းအခွန်၊ | ၆၄၀. ၀၀၀ |
| | ၈ | ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | ခရီးလှည့်လည်ရေးလိုင်စင်/ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်/ ခရီးသွားလာသူများ ပို့ဆောင်ရေးလိုင်စင်/ ဧည့်လမ်းညွှန် လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊ | ၇၁၇. ၈၄၀ |
| | ၉ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အထူးကုန်စည်ခွန်၊ | ၆၈၇၂၉၉. ၉၃၁ |
| ၂ | | | **ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၂၃၈၂၀၀၀. ၀၀၀** |
| | ၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဝင်ငွေခွန် | ၂၃၈၂၀၀၀. ၀၀၀ |
| ၃ | | | **အကောက်ခွန်** | **၄၉၀၀၀၀. ၀၀၀** |
| | ၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အကောက်ခွန် | ၄၉၀၀၀၀. ၀၀၀ |
| ၄ | | | **နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့်အခွန်အကောက်** | **၈၉၆၃၄၂. ၀၀၆** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | မြေယာပေါ်တွင် ကောက်ခံသည့် အခွန်၊ | ၁. ၄၈၅ |
| | ၂ | နေပြည်တော်ကောင်စီ | ရေခွန်၊ | ၉၅. ၁၁၈ |
| | ၃ | ပြည်ထဲရေးဝန်ကြီးဌာန | တာတမံခွန်၊ | ၀. ၀၂၅ |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊ | ၂၂၉၆. ၇၇၅ |
| | ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ (စက်မှုကုန်ကြမ်းတွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊ | ၃. ၈၅၅ |
| | ၆ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊ | ၁၅၀၃. ၈၀၀ |
| | ၇ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ | ၂၇၈၆၂၃. ၀၈၆ |
| | ၈ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့်ရတနာခွန်၊ | ၂၇၁၄၃. ၅၄၂ |
| | ၉ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့်အခွန်အခ၊ | ၅၇၆၂၄၈. ၀၀၀ |
| | ၁၀ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ။ | ၁၀၄၂၆. ၃၂၀ |
| | | | **စုစုပေါင်း** | **၆၄၈၁၀၀၈. ၈၉၀** |

# အထူးလိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူကြည်ညိုခြင်း

ဒေါက်တာ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ အောင်ဆန်းဆရာတော်ထေရ်ရှင်မြတ်၏ မန္တလေးမြို့ ဝေယာလီမဟာဂန္ဓာရုံကျောင်း အောင်ဆန်းမိုးကုတ်ဝိပဿနာဓမ္မရိပ်သာခွဲ ဦးစီးနာယကဖြစ်သော အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် **ဘဒ္ဒန္တမဟိန္ဒ** သည် ၄-၁-၂၀၁၇ရက် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ ၁/၂၀၁၇အရ **အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်** ဆက်ကပ်လှူဒါန်းခြင်းခံရသည့်အတွက် အထူးလိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူကြည်ညို ဂုဏ်ပြုအပ်ပါသည်။

---

# လိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ခြင်း

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ နာယက၊ အောင်ဆန်းမိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ(၇၇)၊ ဦးစီးပဓာနမဟာနာယက ဒေါက်တာ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ အောင်ဆန်းဆရာတော်ထေရ်ရှင်မြတ်၏ အောင်ဆန်းမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်း ဒါယိကာမများဖြစ်ကြသော **သုဓမ္မသီဂီ ဒေါ်ခင်သီတာ(ရန်ကုန်)**သည် ၄-၁-၂၀၁၇ရက် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏အမိန့်ကြော်ငြာစာ ၁/၂၀၁၇အရ **သီဟသုဓမ္မသီဂီ**ဘွဲ့ကိုလည်းကောင်း၊ **ဒေါ်အေးအေးသန့်(မန္တလေး)** (နိုင်ငံကျော်မြင့်မြင့်ခင်ထိုးမုန့်၊ လမုန့်)သည် ၄-၁-၂၀၁၇ရက် (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ ၁/၂၀၁၇အရ **သုဓမ္မသီဂီဘွဲ့**ကို ထိုက်တန်စွာချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူး လိုက်လှဲစွာဝမ်းမြောက်ဂုဏ်ပြုအပ်ပါသည်။

**အကျိုးတော်ဆောင်အဖွဲ့**

**မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ(၇၇)၊ တောရတပ်ဦးကျောင်းတိုက်၊**
**စဥ့်ငူရပ်ကွက်၊ အောင်ဆန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**


1NESS INTERNATIONAL SCHOOL

Summer School (10.2.2017) မှ (12.3.2017) ကျောင်းအပ်လက်ခံပြီ

PRESCHOOL (3-5) YEARS | INTL CLASSES KG PRI 1-6 | REGULAR SAT-SUN CLASSES | IELTS SAT TOEFL | FCE, CAE CPE | STARTERS MOVERS FLYERS KET, PET | SUMMER ENG COURSES | ENGLISH SPEAKING (4-SKILLS) | ENG FOR MOMS & DADS | SUMMER FULL TIME COURSES



REGULAR COURSES
English, Maths, Science, Moral, Computing, PE, Arts & Crafts, Myanmar Language, Social Studies, History, Geography

SUMMER COURSES
English, Maths, PE, Arts & Crafts, Computing, Sports, Chinese

★ PRESCHOOL လစဉ် Placement Test စစ်ပေးပြီး လက်ခံပါသည်။ ★ ~ 10 SCHOLARSHIP POST AVAILABLE ~ ကျောင်းကားရှိသည်
★ Regular တန်းများ (15-5-2017) ~ (6-3-2018) ★ SUMMERCOURSES 13-3-2017 မှ 19-5-2017
★ ADDRESS: No(74/2B), Aung Tha Pyay Road, East Ywama, Insein. (ကွယ်ကဘောဆေးရုံသစ်အနီး)
★ Ph: 01-644 525, 09-782 213 961, 09-963 304 545, 09-516 4660, 09-264 197 665



အမှန်တကယ်ငွေကြေးတတ်နိုင်ပြီး ဆန်းသစ်တီထွင်မှုကိုနှစ်သက်တဲ့ သူဌေးမင်းတို့အတွက် SUPER RICH MAN COMPANY နှင့် ပြည်ပ SHANGHAI PG COMPANY တို့ပူးပေါင်းပြီး မှန်ရေကူးကန်များ ဆောက်လုပ်ပေးနေပါကြောင်း HAPPY CHINESE NEW YEAR မှာသတင်းကောင်းပါးလိုက်ပါတယ်။

SUPER RICH MAN
SWIMMING POOL SPECIALIZED COMPANY

Curtis Clifford (Director)
B.Sc (Hons) Construction Management
University of Wolverhampton
United Kingdom



အမှတ်-(၂၉/ဘီ)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်။ 01-401518, 01-8604064
Email:richmanpool@gmail.com WEBSITE:www.superrichmanpools.com Facebook:www.facebook.com/superrichmanpool


## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ လူနေရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၁၈၅)၊ ဧရိယာ(၀. ၀၆၃)ဧက အကျယ်အဝန်း ပေ(အလျား ၄၆×အနံ၆၀)ရှိ နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၃၂/၁၈၅)၊ ပုလဲလမ်း၊ (၁၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ခေါ် နှစ်ထပ်တိုက်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူလက်ရှိထားပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကြေညာလာသူ ဦးကျော်ဝင်းနိုင်[၁၀/ပမန(နိုင်)၀၉၈၄၆၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား အခိုင်အလုံဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများပြည်သူသို့ ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမျိုးကျော်**
**အထက်တန်းရှေ့နေ(စဉ်-၁၈၆၈၇)**
**အမှတ်-၁၂၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ အောင်ဓမ္မရိပ်သာလမ်း၊ အမှတ်-၁၄(က)နေ ဦးချစ်ကိုကိုမောင် [၁၂/ဒဂန(နိုင်)၀၀၀၀၅၃]က ကန်ထရိုက်တာအနေဖြင့် မိမိရရှိပိုင်ဆိုင်ထားသော မြေရှင်ဒေါ်သင်းသင်းလှိုင်ပိုင် အမှတ်-၁၂၁၂(ခ)၊ ထူပါရုံ(၃)လမ်းအရှေ့၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်သောမြေပေါ်ရှိ ကန်ထရိုက်တိုက်၏ (၅)လွှာ အကျယ်(၁၇½)ပေ၊ အလျား(၅၄)ပေရှိ တိုက်ခန်းအသစ်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေကြီး ဦးစိန်ဝင်း[၉/မရမ(နိုင်)၀၁၉၁၂၉]မှ အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပြီး နှစ်ဖက်သဘောတူညီချက်အရ လွန်ခဲ့သော ၂၆-၁-၂၀၁၇ရက်က စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါတိုက်ခန်းနှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာ ပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထားစာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ထက်ကျော်လွန်ပါက အပြီးသတ်အရောင်းအဝယ်စာချုပ်ကြီးကို ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသက်လွင် (B.A, R.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၃၁၆)**
**အမှတ်-၅၁၊ (၃လွှာ)၊ ၄၂လမ်း၊ ဗိုလ်တထောင်မြို့နယ်။**
**ဖုန်း-၀၉-၂၆၀၀၆၁၃၂၃၊ ၀၉-၇၇၅၆၆၅၈၂၆**

## အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ အိမ်အမှတ်၃၆၇၊ နီလာ(၁)လမ်း၊ (ဦးစိန်မင်း)-ဒေါ်ညိုညိုဝင်းတို့၏သားဖြစ်သူ မောင်စည်သူမင်းညို(ခ)မောင်သန့်မင်းညို [၁၂/ဥကမ(နိုင်)၂၁၀၄၄၁]သည် မိဘဆွေမျိုးသားချင်းများ၏သဘောတူညီမှုမရှိသော လုပ်ရပ်များကို ပြုလုပ်သွားပါသောကြောင့် ၎င်းအား အမွေစားအမွေခံ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း ထပ်မံကြေညာအပ်ပါသည်။

**ဒေါ်ညိုညိုဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမျိုးမော် တရားလွှတ်တော်ရှေ့နေ(၁၀၆၇၄)**
**ဒေါ်နိုင်နိုင်ထွန်း၊ အထက်တန်းရှေ့နေ(၄၆၇၈၆)**
**ဒေါ်မေနှင်းယု၊ အထက်တန်းရှေ့နေ (၄၂၈၄၉)**
**ဒေါ်သီဂီလွင်၊ အထက်တန်းရှေ့နေ(၄၅၂၁၃)**
**ဒေါ်စန္ဒာထွန်း အထက်တန်းရှေ့နေ (၄၅၉၄၈)**
**ဒေါ်နန်းစုမြတ်နိုးထွဋ် အထက်တန်းရှေ့နေ (၄၈၀၀၅)**

**အမှတ်-၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

